# မြန်မာနိုင်ငံ ၂၀၁၀ ရွေးကောက်ပွဲနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

Network for Human Rights Documentation - Burma

ND - Burma

**မူပိုင် © လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)**
ထိုင်းနိုင်ငံတွင် ပုံနှိပ်သည်

| | |
|---|---|
| ထုတ်ဝေသည့်ရက် | ၂၀၁၁ ခုနှစ် ဧပြီလ |
| ထုတ်ဝေသူ | လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) |
| ဆက်သွယ်ရန်လိပ်စာ | PO Box 67, CMU Post Office, Chiang Mai 50202 Thailand<br>Phone/Fax: +66 53 408 149<br>Email: office@nd-burma.org |
| အင်တာနက်လိပ်စာ | http://www.nd-burma.org |

ယခုအစီရင်ခံစာထဲတွင် ဖော်ပြထားသည့် ဓါတ်ပုံများသည် Assistance Association for Political Prisoners - Burma, Burma Issues, Palaung Women Organization, Human Rights Education Institute of Burma and the Human Rights Foundation of Monland တို့၏ မူပိုင်ဖြစ်သည်။

ယခုအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် National Endowment for Democracy, Open Society Institute နှင့် Norwegian Burma Committee တို့မှ ထောက်ပံ့ကူညီသည်။

# ကျေးဇူးတင်လွှာ

လုံခြုံရေးအခက်အခဲများနှင့် အန္တရာယ်ကြားမှ ရဲဝံ့စွာ စွန့်စားစွာ အမှန်တရားအတွက် သတင်း အချက်အလက်မျှဝေသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ပြုသူများ အားလုံးအား မိမိတို့ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်မှ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။ ထို့အတူပင် စွန့်စွန့်စားစား သတင်း အချက်အလက်ရှာဖွေစုဆောင်းပေးကြသည့် ကွန်ရက်အဖွဲ့ဝင်များအားလုံးအားလည်း ကျေးဇူး အထူးတင်ရှိပါသည်။

ယခုအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် အဖွဲ့အ စည်းများနှင့် လူပုဂ္ဂိုလ်အားလုံး တို့အားလည်း မိမိတို့ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကျေး ဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှုပေးသည့် National Democratic Institute (NDI)၊ ရွေး ကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲလွန် အစီရင်ခံစာများ သုတေသနပြု ရေးသားခဲ့ကြသည့် ကွန်ရက်အလုပ်အဖွဲ့၊ အစီရင်ခံစာအား တည်းဖြတ်ပေးသည့် Burma Partnership (BP) မှ Deniel James, Burma Issue မှ David Lawson (BVP), Amy Alexander, Voluntary Services Overseas (VSO) မှ Margarida Silva, International Center for Transitional Justice (ICTJ) မှ Patrick Pierce တို့နှင့် အစီရင်ခံစာအား မြန်မာဘာသာနှင့် အင်္ဂလိပ် ဘာ သာသို့ ဘာသာပြန်ပေးသည့် အေအေပီပီမှ ကိုအောင်ခိုင်မင်းတို့အား ကွန်ရက်မှ အထူးကျေးဇူး တင်ရှိပါသည်။

ယခုအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် လိုအပ်သည့်ငွေကြေးအကူအညီအား ထောက်ပံ့ပေး သည့် National Endowment for Democracy, Open Society Institute နှင့် Norwegian Burma Committee တို့အားလည်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ လှိုက်လှိုက်လှဲလှဲ ကျေး ဇူးတင်ရှိပါသည်။

# မာတိကာ


**ကျေးဇူးတင်လွှာ** ၃

**အမှာစာ** ၆

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အကြောင်း** ၈

**နောက်ခံအခြေအနေ** ၁၀

**အစီရင်ခံစာပြုစုရာတွင် အခြေခံသည့် နည်းလမ်းများ** ၁၀

**ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ရွေးကောက်ပွဲဥပဒေများ** ၁၂

ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများ ၁၂

ရွေးကောက်ပွဲဥပဒေများ ၁၃

**သုတေသန တွေ့ရှိချက်များ** ၁၆

**ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ** ၁၉

အပိုင်း က။ ရွေးကောက်ပွဲ မဲဆွယ်ပွဲများ ၂၀

အပိုင်း ခ။ ရွေးကောက်ပွဲအကြိုကာလ အကြမ်းဖက်မှုများ ၂၇

အပိုင်း ဂ။ မဲဆန္ဒနယ်များနှင့် မဲပေးခွင့် ၃၂

အပိုင်း ဃ။ ကြိုတင်မဲများ ၃၈

အပိုင်း င။ ရွေးကောက်ပွဲနေ့ ၄၆

မဲရုံများ ၄၈

မဲဝယ်ခြင်းနှင့် မဲခိုးခြင်း ၅၁

ခြိမ်းခြောက် အကြပ်ကိုင် အနိုင်ကျင့်မှုများ ၅၄

[redacted]


မဲပေးခွင့်ရှိသူစာရင်း ၅၈

အခြား ချိုးဖောက်မှုများ ၅၉

အပိုင်း ၈။ မဲရေတွက်ခြင်းနှင့် ရလဒ်များ ကြေညာခြင်း ၆၂

အပိုင်း ဆ။ အခြားသော အကြမ်းဖက်ရန် ခြိမ်းခြောက်မှုများ၊ အကြပ်ကိုင်မှုများ၊ အနိုင်ကျင့်မှုများ ၆၇

**နိဂုံးချုပ်** ၇၀

**နောက်ဆက်တွဲ ၁။ အတိုကောက် အသုံးအနှုန်းများ** ၇၃

**နောက်ဆက်တွဲ ၂။ သတင်းရင်းမြစ်များ** ၇၄

# အမှာစာ

ကွန်ရက်၏အဖွဲ့ဝင် (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန်အမှန်တရားကို စုပေါင်းအသုံးပြုကာ၊ စည်းရုံးတိုက်တွန်း တင်ပြခြင်းနည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်းစိန်ခေါ်ရန် ကြိုးစားနေကြပါသည်။ ထို့အပြင် နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှုရှိသော လုပ်ဆောင်ချက်အစီအစဉ်များ အတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

တင်းတင်းကျပ်ကျပ်ဖိနှိပ်ချုပ်ချယ်၊ ထောင်သွင်းအကျဉ်းချ၊ နှိပ်စက်ညှဉ်းပမ်းခံရမည့် အခြေအနေနှင့် အန္တရာယ်များ ရှိနေသော်ငြားလည်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အပါအဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသား အင်အားစုများနှင့် သတင်းနှင့်စာနယ်ဇင်း အင်အားစုများပါမကျန် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများအား စုဆောင်းကောက်ယူနိုင်ခဲ့ကြပါသည်။ လူ့အခွင့်အရေးအဖွဲ့ တစ်ခုအနေဖြင့် ကွန်ရက်သည် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများအား အဓိကထားကောက်ယူခဲ့ပါသည်။ ယခု အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားသည့် ကောက်ယူရရှိသည့် ချိုးဖောက်မှုတွေ့ရှိချက်များမှ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် စစ်အစိုးရနှင့် လက်ကိုင်တုတ်များမှ စစ်ဆင်ရေး လုပ်ရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ စစ်အစိုးရ၏ တရားမဝင်မှုအပေါ် ပြည်သူများမှ ဆန့်ကျင်ခြင်းကို ဖြိုခွင်းရာတွင်လည်းကောင်း၊ ကျူးလွန်ခဲ့သည့် ကျူးလွန်ဆဲဖြစ်သည့် လူ့အခွင့်အရေးချိုးဖာက်မှုများနှင့် အလားတူစွာ ဆက်လက်ဖြစ်ပွားနေကြောင်း ရှင်းလင်းစွာ ပြသနေပါသည်။ ရွေးကောက်ပွဲနေ့တွင် စစ်အစိုးရနှင့်လက်ကိုင်တုတ်များမှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပြင်းထန်ကြမ်းတမ်းမှုအတိုင်းအတာအရကြည့်လျှင် ၂၀၀၃ ခုနှစ် ဒီပဲယင်း လူသတ်ပွဲ၊ မြန်မာပြည် အရှေ့ဖက်ခြမ်းနယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားကျေးရွာများအား တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကာလ ရဟန်းသံဃာတော်များ ရိုက်နှက်သတ်ဖြတ်ခံရခြင်းနှင့် တူညီနိုင်မည် မဟုတ်ပါ။ ဖိနှိပ်ချုပ်ချယ် အနိုင်ကျင့်အုပ်ချုပ်ခြင်းကို ကျွမ်းကျင်သည့်မည်သည့် အာဏာရှင် အစိုးရမျိုးမဆို ၎င်းတို့လိုချင်သည့် ရလဒ်မျိုးရရန်အတွက် ရွေးကောက်ပွဲနေ့တွင် ရုပ်ပျက်ဆင်းပျက် အကြမ်းဖက်မှုမျိုး ကျူးလွန်ရန် မလိုအပ်ပါ။ လိုချင်သည့် ရွေးကောက်ပွဲရလဒ် ရရန်အတွက် ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်လမ်းထွင်ထားပြီးသားဖြစ်ပါလိမ့်မည်။ နအဖစစ်အစိုးရအနေဖြင့် ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများနှင့်အတိပြီးသည့် ရွေးကောက်ပွဲဥပဒေများနှင့် ပြင်းထန်ကြမ်းတမ်းသည့် တားမြစ်မှုများ ထုတ်ပြန်ပြဌာန်းကာ လွတ်လပ်စွာစုရုံးခွင့်နှင့် ဖွင့်ဟဖော်ထုတ်ခွင့်တို့အား ချုပ်ကိုင်ထားသည့်အတွက် ရွေးကောက်ပွဲနေ့တွင် အကြမ်းဖက်မှုများ ရုပ်ပျက်ဆင်းပျက် ကျူးလွန်ရန် မလိုအပ်တော့ပါ။

ရွေးကောက်ပွဲနေ့တွင် စစ်အစိုးရမှကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်

ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များမှ မဲရုံများအတွင်း အခွင့်မရှိပဲဝင်ရောက်ကာ မဲပေးသည့် လုပ်ငန်းစဉ်အား စွက်ဖက်နှောက်ယှက်ခြင်း၊ မဲဆန္ဒရှင်များအား ခြိမ်းခြောက်အကြပ်ကိုင်ကာ ကြံ့ဖွံ့ပါတီအား အတင်းအကျပ်မဲထည့်ခိုင်းခြင်း၊ သက်ကြီးရွယ်အိုများအား ကူညီသလိုနှင့်မလိမ့်တပတ်လုပ်ကာ ကြံ့ဖွံ့ပါတီအတွက်မဲများအဖြစ်သို့ ပြောင်းလဲစေခြင်းစသည့် မဲမသမာမှုများအား ကျူးလွန်ခဲ့ပါသည်။ ထို့အပြင် စစ်အစိုးရမှ ၎င်းတို့လက်ကိုင်တုတ်ပါတီအား မဲပေးမည်မဟုတ် ဟု သေချာစွာယူဆသည့် တိုင်းရင်းသားဒေသများတွင် ကြံ့ဖွံ့ပါတီဝင်များမှ ကြိုတင်မဲများ ပြင်ဆင်ထားကာ ၎င်းတို့ပါတီအသာစီးရရေးအတွက် မသမာမှုများ ကျူးလွန်ခဲ့ကြပါသည်။

ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ လိပ်မူကာ ရွေးကောက်ပွဲကြိုတင်မဲမသမာမှုများအား တိုင်ကြားမည်ဟု စောဒကတက်ကြပါသည်။ အချို့ နိုင်ငံရေးပါတီများမှလည်း ရွေးကောက်ပွဲကော်မရှင်အား တရားစွဲရန်အထိ ပြင်ဆင်နေကြပါသည်။

ယခုအစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားသည့်တွေ့ရှိချက်များမှ မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများသည် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲများတွင်ရှိရမည့် အခြေခံစံနှုန်းများနှင့် မည်သို့မျှ ကိုက်ညီမှုမရှိကြောင်း ဖော်ပြနေပါသည်။[၁] ကြံ့ဖွံ့ပါတီမှ မဲမသမာမှုများ၊ ကြိုတင်မဲများ၊ အလွဲသုံးစားပြုမှုများနှင့် အခြားသော ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်မှုများ အသုံးပြုကာ ရွေးကောက်ပွဲတွင် အနိုင်ယူခဲ့ပါသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်တလျှောက်လုံး ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်မှု၊ အကြမ်းဖက်မှု၊ မဲမသမာမှု၊ မဲခိုးမှု၊ မဲလိမ်မှုနှင့် မဲရေတွက်ရာတွင် မသမာမှုပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ ထို့အပြင် ရွေးကောက်ပွဲလေ့လာသူများအား ပိတ်ပင်တားမြစ်ခြင်း၊ သဘောထားကွဲပြားမှုနှင့် စောဒကတက်မှုများအား ဥပေက္ခာပြုခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံပိုင်ပစ္စည်းများအား အလွဲသုံးစားပြုခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု ရွေးကောက်ပွဲစံနှုန်းများအား လိုက်နာမှုမရှိခြင်း၊ မတိကျ မရေရာသော မဲပေးခွင့်ရှိသူစာရင်းများအား ရည်ရွယ်ချက်ရှိရှိ ထုတ်ပြန်ခဲ့ခြင်း၊ တရားမဝင်မဲဆွယ်ခြင်းနှင့် ရွေးကောက်ပွဲ ဆိုင်ရာ သတင်းများအား ရယူထုတ်ပြန်ခြင်းမရှိစေရန် မီဒီယာအား ပိတ်ပင်ထားခြင်းများ တပြည်လုံးအတိုင်းအတာနှင့် ဖြစ်ပွားခဲ့ပါသည်။

အခြား လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် မီဒီယာအစုအဖွဲ့များမှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ များနှင့်အတူ ယခုအစီရင်ခံစာသည်လည်း တရားမမျှတမှုအား လှစ်ဟရန်၊ အမှန်တရားအား ထုတ်ဖော်ရန်နှင့် မတရားသည့် အုပ်ချုပ်ရေးအား အံတုရန်ကြိုးပမ်းနေသည့် မြန်မာပြည်သူတရပ်လုံး၏ အသံများအား ကမ္ဘာအနှံ့မှ ကြားသိစေရန် မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

---

[၁] The Institute for Democracy and Electoral Assistance published “International Electoral Standards” in 2002 based on human rights treaties, accords and conventions. This publication detailed basic norms for conducting a free and fair elections in accordance with international electoral standards.

# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အကြောင်း

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေး မှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄) ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကွန်ရက်၏အဖွဲ့ဝင် (၁၂) ဖွဲ့တို့သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်းအသုံးပြုကာ၊ လောလောဆယ် စည်းရုံးတိုက်တွန်း တင်ပြခြင်းနည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်းစိန်ခေါ်ရန် ကြိုးစားနေကြပါသည်။ ထို့အပြင် နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှုရှိသော လုပ်ဆောင်ချက် အစီအစဉ်များ အတွက်လည်း ကြိုတင် ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်သည် ကွင်းဆင်းအချက်အလက် စုဆောင်းရေး လုပ်ငန်းများအတွက် သင်တန်းများလည်း ပေးပါသည်။

Benetech မှ တီထွင်ထားသော လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-Source Software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးပို့သော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက် အလက်ဘဏ် (Martus Database) သို့ထည့်သွင်း တင်ပို့ပါသည်။ ထို့အပြင် ပူးတွဲအစီရင်ခံ တင်ပြခြင်းနှင့် စည်းရုံးလှုံ့ဆော် တိုက်တွန်းခြင်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက မိမိ၏လုပ်ငန်းနယ် ပယ်မှန်သမျှတွင် အခြားသော လူ့အခွင့်အရေး အဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

**မျှော်မှန်းချက်**

ငြိမ်းချမ်း၍ ဒီမိုကရေစီ ထွန်းကားသော မြန်မာနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရေးတွင် အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေဖော်ထုတ်နိုင်ရန်။

**ရည်ရွယ်ချက်**

လူ့အခွင့်အရေးချိုးဖောက်မှုများ စုဆောင်းမှတ်တမ်းတင်ထားသော ဒေတာဘေ့စ်တရပ် ပေါ်ထွက်လာစေရေးအတွက် စုပေါင်းဆောင်ရွက်ကြရန်။

**ရေတို ရည်ရွယ်ချက် ပန်းတိုင်**

ကွန်ရက်၏ အဖွဲ့ဝင်များနှင့် အခြားစည်းရုံးတိုက်တွန်းနေကြသည့် အဖွဲ့များအတွက် အရည်အသွေးမြင့်၍ အရေအတွက်များသော လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာအချက်အလက်များ ရရှိနိုင်စေရန်။

**ရေရှည်ရည်ရွယ်ချက် ပန်းတိုင်**

တိကျသော သမိုင်းမှတ်တမ်းအဖြစ် ဖွံ့ဖြိုးလာစေရန်နှင့် အနာဂတ် ဒီမိုကရေစီ မြန်မာနိုင်ငံတွင် ဤမှတ်တမ်းများမှ ဆွဲထုတ်အသုံးပြုနိုင်သော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များ ထွက်ပေါ်လာစေရန်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများ (၂၀၁၁ ခုနှစ်)

– Assistance Association for Political Prisoners – Burma (AAPP-B)
– All Arakan Students' and Youths' Congress (AASYC)
– Burma Issues (BI)
– Chin Human Rights Organization (CHRO)
– EarthRights International (ERI)
– Human Rights Education Institute of Burma (HREIB)
– Human Rights Foundation of Monland (HURFOM)
– Kachin Women's Association – Thailand (KWAT)
– Lahu Women's Organization (LWO)
– Palaung Women's Organization (PWO)
– Ta'ang Students and Youth Organization (TSYO)
– Yoma3 News Service (Yoma3)

# နောက်ခံအခြေအနေ

မိမိတို့ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေနှင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် **"လူ့အခွင့်အရေးနှင့် အလုပ်မဲ့ဝေးနေသေးသည့် ရွေးကောက်ပွဲ"** ဟု အမည်ပေးထားသည့် မြန်မာနိုင်ငံ ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာတစ်စောင် ထွက်ရှိထားပြီးဖြစ်သည်။ ထိုအစီရင်ခံစာတွင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများသည် တရားမျှတမှု၊ လွတ်လပ်မှုရှိမည် မဟုတ်၊ ဒီမိုကရေစီစံနှုန်းများနှင့် ပြည့်မီသည့် ရွေးကောက်ပွဲလည်း ဖြစ်လာလိမ့်မည်မဟုတ်ဟု စုဆောင်းကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများအား အခြေခံကာ ကြိုတင်သုံးသပ်ထားပြီးဖြစ်သည်။

လက်ရှိအာဏာပိုင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သည့် ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုဖြင့် ကြိုတင်မဲများ ယူခဲ့သည်ကို ထိုအစီရင်ခံစာက ထုတ်ဖော်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် ပြိုင်ဖက်ပါတီများအား လွတ်လပ်စွာ သွားလာခွင့်၊ စည်းရုံးခွင့်များကို ပိတ်ပင်ခြင်းများ ပြုလုပ်ခဲ့ပြီး လက်ရှိစစ်အုပ်စု၏ကိုယ်ပွားပါတီဖြစ်သော ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုမူ စိတ်ထင်တိုင်းကြဲစည်းရုံးခွင့်၊ နိုင်ငံပိုင် အဆောက်အဦများ၊ ဘာသာရေး အဆောက်အဦများကို အသုံးချခွင့်၊ နိုင်ငံပိုင် ငွေကြေးများကို အသုံးပြုခွင့်များကို တဖက်စောင်းနင်း ခွင့်ပြုထားသည်များ ကိုလည်း ထိုအစီအရင်ခံစာက ဖော်ထုတ်ခဲ့သည်။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စည်းရုံးရေး ခရီးစဉ်များတွင်လည်းကောင်း၊  မဲရုံတည်ဆောက်ရာတွင်လည်းကောင်း၊ မဲစာရင်း ပြုစုရာတွင်လည်းကောင်း အဓမ္မလုပ်အားပေးခိုင်းစေမှုများ၊ မတရားသဖြင့် ငွေကြေးကောက်ခံမှုများ ရှိခဲ့သည်။

တစ်ဖက်တွင်လည်း မီဒီယာလွတ်လပ်ခွင့်ကို ပြင်းပြင်းထန်ထန်တားမြစ်ပိတ်ဆီးထားသည့်အပြင် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော်ခြင်းများကိုလည်း တားမြစ်ခဲ့သည်။ ခြိမ်းခြောက်ခဲ့သည်။ ဖမ်းဆီးမှုများရှိခဲ့သည်။

# အစီရင်ခံစာပြုစုရာတွင်အခြေခံသည့်နည်းနာများ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အနေဖြင့် စစ်အစိုးရနှင့် လက်ကိုင်တုတ်များမှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ၂၀၀၄ ခုနှစ်မှ စတင်ကာ စနစ်တကျ မှတ်တမ်းပြုစုခဲ့ပါသည်။

ယခုအစီရင်ခံစာအတွက် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အနေဖြင့် စစ်အစိုးရနှင့် ကြံ့ဖွံ့ပါတီနှင့် ကြံ့ဖွံ့အသင်းကဲ့သို့ လက်ကိုင်တုတ် အဖွဲ့အစည်းများမှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲနောက်ပိုင်း ကျူးလွန်သည့် ရွေးကောက်ပွဲနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အဓိက မှတ်တမ်းတင်ခဲ့ပါသည်။

ကွန်ရက်၏ လက်တွေ့ကွင်းဆင်းမှတ်တမ်းပြုစုသူများမှ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကရင်နီ၊ မွန်

နှင့် ရခိုင်ပြည်နယ်များနှင့် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လူတွေ့မေးမြန်းမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ စစ်အစိုးရမှ လူမှုနယ်ပယ်အသီးသီးတွင် လုံခြုံရေး ပိုမိုတင်းကျပ်ထားသည့် အတွက်ကြောင့် ကွင်းဆင်းမှတ်တမ်းပြုစုသူများအနေဖြင့် သတင်းအချက်အလက်ရရှိရေးအတွက် ၎င်းတို့သိကျွမ်းရင်းနှီးသူ နီးစပ်သူများအပေါ် အားပြုခဲ့ရပါသည်။ ထိုသိကျွမ်းရင်းနှီးသူ နီးစပ်သူများသည် ကျေးရွာနှင့် ရပ်ကွက်လူကြီးများ၊ အစိုးရဝန်ထမ်း တာဝန်ရှိသူများအားဆက်သွယ်ရာတွင်နှင့် တွေ့ဆုံမေးမြန်းရာတွင် အဓိကကျသူများ ဖြစ်ကြပါသည်။ လက်တွေ့ဖြစ်ရပ်များအား မှတ်တမ်းပြုစုရာတွင် ကွင်းဆင်းမှတ်တမ်း ပြုစုသူများနှင့် ၎င်းတို့၏ အဆက်အသွယ်များအား အဓိကအခြေခံကာလုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် အဓိကပစ်မှတ်ထား မှတ်တမ်းကောက်ယူသည့် မြို့နယ်များနှင့် စစ်အစိုးရတပ်ဖွဲ့များမှ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများနှင့် အာဏာအလွဲသုံးစားလုပ်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည့် နေရာဒေသများမှ ကောက်ယူစုဆောင်းရရှိသည့် သတင်းအချက်အလက်များ တွေ့ဆုံမေးမြန်းမှုများသည် မှန်ကန်မှုရှိသည်၊ အတည်ပြုနိုင်သည်ဟု ကွန်ရက်မှ ယုံကြည်ပါသည်။

ထိုဒေသခံပြည်သူများသည် မြန်မာနိုင်ငံရွေးကောက်ပွဲနှင့်ပတ်သက်၍ အဓိကအကျဆုံး မျက်မြင်သက်သေ လေ့လာသူများ ဖြစ်ကြပါသည်။ ထိုသူတို့မှ အသေးစိတ် ပြန်လည်မျှဝေထားသည့် သတင်းပို့ချက်များသည် စစ်အစိုးရ တာဝန်ရှိသူများ၊ စစ်သားများနှင့် စစ်အစိုးရလက်ကိုင်တုတ်ကြံ့ဖွံ့ပါတီတို့မှ ရွေးကောက်အား မလိမ့်တပတ် အမြတ်ထုတ်ကာ မဲမသမာမှုများစွာအား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြောင်း အတည်ပြုပေးနေပါသည်။

National Democratic Institute (NDI) ၏ ကူညီထောက်ပံ့မှုမှတဆင့် ကွန်ရက်သည် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ကွင်းဆင်းမှတ်တမ်း ပြုစုသူများအား သင်တန်းပေးခြင်းများ လုပ်ဆောင်ပါသည်။ ထိုကွင်းဆင်း မှတ်တမ်းပြုစုသူများသည် မြန်မာနိုင်ငံတွင်းတွင် အန္တရာယ်အသွယ်သွယ်ကြားမှ စွန့်စားကာ လူ့အခွင့်အရေး ချိုးဖောက်မှု မှတ်တမ်းများ ကောက်ယူစုဆောင်းပြုစုနေရသူများဖြစ်ကြပါသည်။ လူ့အခွင့်အရေး မှတ်တမ်းပြုစုသူများ အနေဖြင့် စစ်အစိုးရ၏ပစ်မှတ်ထားကာ စောင့်ကြည့်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးခြင်းနှင့်အကျဉ်းချခြင်းတို့အား အစဉ်အမြဲ ရင်ဆိုင်နေရသူများ ဖြစ်ကြပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုအခြေအနေ စောင့်ကြည့်လေ့လာရေးအား မြန်မာနိုင်ငံအတွင်း ပေါ်ပေါ်ထင်ထင် လုပ်ဆောင်၍မည်သို့မျှ မရနိုင်သဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများသည် ပြည့်စုံ ကျယ်ပြန့်မှုမရှိနိုင်သော်ငြားလည်း မြန်မာနိုင်ငံတွင်း အမှန်တကယ် လက်တွေ့ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ရောင်ပြန်ဟပ် ဖော်ပြနေပါသည်။ ယခုအစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများတွင် ပုံစံမျိုးစုံဖြင့် မြန်မာတစ်ပြည်လုံးအနှံ့ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရွေးကောက်ပွဲနှင့် ဆက်စပ်သော ချိုးဖောက်မှုများ ပါဝင်ပါသည်။ လက်တွေ့ကွင်းဆင်းမှတ်တမ်းပြုစုသူများမှ စွန့်စွန့်စားစားစုဆောင်းပြုစုပေးခဲ့သည့် ထိုချိုးဖောက်မှု မှတ်တမ်းများအားအခြေခံကာ ယခုအစီရင်ခံစာအား ပြုစုထားခြင်း ဖြစ်ပါသည်။

# ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ရွေးကောက်ပွဲဥပဒေ

## ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများ

ကုလသမဂ္ဂ၏ Universal Declaration of Human Rights အပါအဝင်၊ နိုင်ငံတကာအစိုးရများ ပါဝင်ချုပ်ဆိုခဲ့သော လူ့အခွင့်အရေးပဋိညာဉ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများပေါ် အခြေခံလျက် IDEA (the Institute for Democracy and Electoral Assistance) အဖွဲ့ကြီးက နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများ (International Electoral Standards) စာအုပ်ကို ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်။[၂]

ထိုစာအုပ်တွင် နိုင်ငံတကာ ရွေးကောက်ပွဲစံနှုန်းများနှင့် ပတ်သက်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုတွင် ရှိရမည့်အချက်များကို တချက်လျှင် အခန်းတစ်ခန်းခွဲ၍ အချက် (၁၆) ချက်ဖြင့် ဖော်ပြထားပါသည်။ IDEA သတ်မှတ်ချက်များအရ ပြည်သူပြည်သားမဲဆန္ဒရှင်များအားလုံး တန်းတူညီမျှစွာ ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ခွင့် ရရှိစေရေးနှင့် မည်သူတစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုခုမှ ရွေးကောက်ပွဲတွင်သာမက မည်သည့်နိုင်ငံရေး လုပ်ငန်းစဉ်ကမှ ဖယ်ထုတ်ထားမခံရစေရေးအတွက် ထိုအချက် ၁၆ ချက်မှ အာမခံပေးနိုင်ရန် ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတခုတွင် ရှိရမည့် အချက်များကို တစ်ချက်လျှင် အခန်းတစ်ခန်းခွဲ၍ အချက်(၁၆)ချက်ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**၁။ နိုင်ငံတကာ အသိအမှတ်ပြု ရွေးကောက်ပွဲစံအခြေခံများ**
**၂။ ဥပဒေဆိုင်ရာ အလုပ်ဘောင် သတ်မှတ်ခြင်း**
**၃။ ရွေးကောက်ပွဲ ကျင်းပသည့်စနစ်**
**၄။ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍများနှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ သတ်မှတ်ခြင်း**
**၅။ ရွေးချယ်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်**
**၆။ ရွေးကောက်ပွဲ စီစဉ်ကျင်းပရေး ကော်မရှင်များ**
**၇။ မဲပေးခွင့်စာရင်းသွင်းခြင်းနှင့် မဲစာရင်းများ**
**၈။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများ၏ ယှဉ်ပြိုင်ခွင့်**
**၉။ ဒီမိုကရေစီရှိသော ရွေးကောက်ပွဲ မဲဆွယ်မှုများ**
**၁၀။ သတင်းမီဒီယာများ၏ လွတ်လပ်စွာသတင်းယူခွင့်နှင့်ဖော်ပြခွင့်**
**၁၁။ မဲဆွယ်စည်းရုံးမှု ဘဏ္ဍာရေးနှင့်ငွေကြေးသုံးစွဲမှု**
**၁၂။ မဲပေးခြင်း**
**၁၃။ မဲရေတွက်ခြင်း**
**၁၄။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ လေ့လာခွင့်**
**၁၅။ ရွေးကောက်ပွဲ လေ့လာသူများ**

---

[၂] [http://www.idea.int/publications/ies/index.cfm] accessed on 23 February 2011

၁၆။ ရွေးကောက်ပွဲဆိုင်ရာ စောဒကတက်မှုများ

နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းဖော်ထုတ်ရာတွင် ထိုစံချိန် စံညွှန်းများအား လမ်းညွှန်စံနှုန်းများအဖြစ် အသုံးပြုခဲ့ပါသည်။ အဆင့်အားလုံးသည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် အဓိကကျသော အချက်များ ဖြစ်သော်လည်း ယခုအစီရင်ခံစာတွင်မူ ရွေးကောက်ပွဲ မဲဆွယ်ကာလ၊ မဲပေးစဉ်နှင့် မဲရေတွက်စဉ်နှင့် မဲပေးခွင့်အား ချိုးဖောက်သည့် အမှုများကဲ့သို့ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် မကိုက်ညီသော မသမာမှု၊ ချိုးဖောက်မှု နမူနာများကိုသာ အောက်ပါခေါင်းစဉ်များဖြင့် အဓိက ဖောင်းပေးဖော်ပြထားပါသည်။

**၁။ ရွေးကောက်ခွင့်နှင့် ကိုယ်တိုင်ရွေးကောက်ခံပိုင်ခွင့်**
**၂။ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းနှင့် မဲဆန္ဒရှင်မှတ်ပုံတင်များ**
**၃။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မဲရုံတွင်ပါဝင်ပတ်သက်ခွင့်**
**၄။ ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသော ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်ခြင်းများ**
**၅။ သတင်းမီဒီယာမှ ရွေးကောက်ပွဲတွင်သတင်းရယူခွင့်နှင့် လွတ်လပ်စွာဖွင့်ဟဖော်ထုတ်ခွင့်**
**၆။ မဲပေးခြင်း**
**၇။ မဲရေတွက်ခြင်းနှင့် ကြေညာခြင်း**
**၈။ တရားဥပဒေစိုးမိုးရေးနှင့် လိုက်လျောညီထွေရှိခြင်း**

## ရွေးကောက်ပွဲဆိုင်ရာဥပဒေများ

ရွေးကောက်ပွဲဆိုင်ရာဥပဒေများအား ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သောအခြေခံဥပဒေအား အခြေခံကာ ထုတ်ပြန်ထားခြင်း ဖြစ်ပါသည်။ ထိုအခြေခံဥပဒေသည် စစ်တပ်၏ လုပ်ပိုင်ခွင့် အာဏာအား ပိုမိုခိုင်မာအောင်ပြဋ္ဌာန်းထားပြီး ဒီမိုကရက်တစ် စံချိန်စံညွှန်းများစွာအား ချိုးဖောက်မျက်ကွယ်ပြုထားသည့် အခြေခံဥပဒေဖြစ်ပါသည်။[၃]

ရွေးကောက်ပွဲများအတွက်ထုတ်ပြန်ခဲ့သော ဥပဒေများအား နအဖစစ်အစိုးရမှ ၂၀၁၀ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်အတည်ပြုခဲ့ပါသည်။ ထိုဥပဒေများသည် နအဖ စစ်အစိုးရမှ

[၃] Various reports have highlighted the undemocratic nature of the constitution. A Burma Fund report highlights a number of serious concerns: the President being effectively above the law, impunity for past and present crimes by government officials, a total suspension of 'fundamental rights' during indefinite and undefined states of emergency, and 25% of seats in the new Parliament reserved for serving military officers. A report by the International Center for Transitional Justice (ICTJ), "Impunity Prolonged: Burma and its 2008 Constitution," (2009) identifies four major flaws: the impunity clause and parliamentary seats identified in the Burma Fund report as well as lack of civilian judicial oversight of the military and overly burdensome procedures for amending the constitution.

အတိုက်အခံများအား ဖယ်ထုတ်ထားရန်ဦးတည်ကာ ထုတ်ပြန်ခဲ့သည့် ဥပဒေများဖြစ်ပါသည်။[၆] ထိုဥပဒေများအရ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ရန် ပြန်လည် မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်း ထိုသို့မှတ် ပုံ တင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် အကျဉ်းကျနေသော (သို့) ထိန်းသိမ်းခြင်း ခံ ထားရသော ပါတီဝင်များ မရှိရန်လိုအပ်ပါသည်။ ထိုမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နှင့် ထိန်းချုပ် ချက်များကြောင့် အတိုက်အခံနိုင်ငံရေးပါတီကြီးအတော်များများအနေဖြင့် (အကျဉ်းကျနေသော ပါတီဝင်များ ခေါင်းဆောင်များရှိသည့်အတွက်) ပါတီဖျက်သိမ်းခံရမည့်အန္တရယ်ကို ရှောင်သည့် အနေဖြင့်လည်းကောင်း မတရားသည့် မှတ်ပုံတင်ဥပဒေအားဆန့်ကျင်သည့်အနေဖြင့် လည်း ကောင်း ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

နိုင်ငံတကာစံချိန်စံညွှန်းများနှင့် မကိုက်ညီသော ရွေးကောက်ပွဲဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း** - မှတ်ပုံတင်ခွင့်ရရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီများအနေ ဖြင့် ထိန်းသိမ်းခံထားရသော အကျဉ်းချခံထားရသော ပါတီဝင်များ မရှိရဟုပြဋ္ဌာန်း ထားပါသည်။ ထို့အပြင် နိုင်ငံရေးပါတီများအနေဖြင့် လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် ဆက်စပ်ပတ်သက်ပါက နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခံရမည် ဖြစ်သည်။ နောက်ဆုံးအချက်အနေဖြင့် ပါတီမှတ်ပုံတင်ခနှင့် ကိုယ်စားလှယ် မှတ်ပုံတင်ခများ သည် နိုင်ငံရေးပါတီများအတွက် အလွန်ကြီးမြင့်ပြီး ဝန်ထုပ်ဝန်ပိုးအဖြစ်သို့ ရောက်ရှိ လာပါသည်။ ဥပမာအနေဖြင့် နိုင်ငံရေးပါတီတခုသည် မဲဆန္ဒနယ် အားလုံးတွင် ဝင် ရောက်ယှဉ်ပြိုင်မည်ဆိုပါက မှတ်ပုံတင်ခမှာ မဲဆန္ဒနယ် ၁၁၆၃ ခုအတွက် အမေရိ ကန်ဒေါ်လာ ၅၈၀၀၀၀ ကုန်ကျမည်ဖြစ်သည်။[၇]

**မဲဆွယ်ခြင်း** - ရွေးကောက်ပွဲဥပဒေများအနေဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ် များအား လွတ်လပ်စွာမဲဆွယ်နိုင်ရေး အတွက်လည်း ကာကွယ်စောင့်ရှောက်ခြင်း မျိုး မရှိပါ။ ထိုအစား ရွေးကောက်ပွဲဥပဒေများမှ ကိုယ်စားလှယ်များ လွတ်လပ်စွာ မဲမ ဆွယ်နိုင်ရေးအတွက် တင်းကျပ်သော ဥပဒေအမိန့် ဒီကရီများဖြင့် တားဆီးပိတ်ပင် ထားပါသည်။ ခရီးသွားခွင့်အား ပိတ်ပင်တားမြစ်ထားသည့်အမိန့်များကြောင့် နိုင်ငံရေး ပါတီများအနေဖြင့် ၎င်းတို့အားကောင်းသည့် မဲဆန္ဒနယ်များတွင် လွတ်လပ်စွာမဲဆွယ် နိုင်ခြင်း မရှိခဲ့ပါ။ နိုင်ငံရေးပါတီများအနေဖြင့် ရေဒီယို၊ တီဗွီ စသည့် သတင်းမီဒီယာ နှင့် ထိတွေ့ခွင့် ရသော်ငြားလည်း ထိုထိတွေ့ခွင့်သည်ပင် တားဆီးပိတ်ပင်မှုအပြည့်နှင့် ဖြစ်သည်။

**မဲပေးခွင့်** - ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းဝင်များ၊ အကျဉ်း ကျနေသူများ၊ ရွေးကောက်ပွဲဥပဒေအား ချိုးဖောက်သူများသည်လည်း မဲပေးခွင့်ရှိသူ

[၆] Burma Fund UN office, Burma’s 2010 Elections: a comprehensive report, p. 8; National Democratic institute, Burma’s 2010 Electoral framework: fundamentally undemocratic, p. 2-8.

[၇] Burma News International, Elections report 2010: pre-elections observations, p. 77.

စာရင်းမှ ဖယ်ထုတ်ထားခြင်းခံကြရပါသည်။

**လေ့လာသူများ** - ရွေးကောက်ပွဲဥပဒေများမှ နိုင်ငံတကာမှရွေးကောက်ပွဲလေ့လာသူများ၊ နိုင်ငံရေးပါတီများမှမဟုတ်ပဲ သီးခြားလွတ်လပ်သည့် ရွေးကောက်ပွဲလေ့လာသူများအား ရွေးကောက်ပွဲလေ့လာခွင့်ပေးမထားပါ။ နိုင်ငံခြားစာနယ်ဇင်းသမားများအနေဖြင့်လည်း ရွေးကောက်ပွဲအားလေ့လာခွင့်မရရှိရုံသာမက ပြည်ဝင်ခွင့်ဗီဇာပါငြင်းပယ်ခံကြရပါသည်။[၆]

**ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး** - ရွေးကောက်ပွဲဥပဒေမှ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အား လုပ်ပိုင်ခွင့် အာဏာများစွာ အပ်နှင်းထားပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား စစ်အစိုးရမှ လက်ရွေးစင်ရွေးချယ်ထားပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အား စီစဉ်ကြီးကြပ်စေရေးအပြင် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းနိုင်စေရန် အာဏာများစွာအပ်နှင်းထားပါသည်။

ရွေးကောက်ပွဲ မဲဆွယ်သည့်ကာလတွင် နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်သည့် ချိုးဖောက်မှုပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ အကြီးဆုံးချိုးဖောက်မှုဥပမာအဖြစ် အချို့တိုင်းရင်းသားဒေသများတွင် မဲပေးပိုင်ခွင့်အားချိုးဖောက်သည့် ရွေးကောက်ပွဲများကျင်းပမှုမရှိခြင်း အဖြစ်တွေ့နိုင်ပါသည်။

စစ်အစိုးရမှပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေများနှင့် အခြေခံဥပဒေသည် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုလုံးဝမရှိသည့်အပြင် IDEA မှ ထုတ်ပြန်ထားသော နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများနှင့် ပြည့်မီမှု လုံးဝမရှိပါ။ ထိုဥပဒေများသည် မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် လွတ်လပ်ခွင့်အား ဖိနှိပ်ချုပ်ချယ်နေသည့် ညဉ်အားပိုမိုပေါ်လွင်စေပါသည်။ မြန်မာနိုင်ငံတွင်းပြည်သူလူထုအစိတ်အပိုင်းအချို့မှ အကောင်းမြင်ရှုထောင့်မှ ကြည့်ကာ ရွေးကောက်ပွဲများအား တိုင်းပြည်အုပ်ချုပ်မှုပုံစံအတွက် ထူးထူးခြားခြားပြောင်းလဲမှု တစ်ခု အဖြစ်ရှုမြင်ကြသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တလျှောက် သာမကလွှတ်တော်သစ်ခေါ်ယူနေချိန်တွင်ပါ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနေခဲ့ပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တလျှောက် နိုင်ငံရေးပါတီများတွေ့ကြုံရင်ဆိုင်ရသည့် လွတ်လပ်စွာဖွင့်ဟ ဖော်ထုတ်ပိုင်ခွင့်အား ချိုးဖောက်မှုများအား ယခုအခါတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ နဖူးတွေ့ဒူးတွေ့ တွေ့ကြုံရင်ဆိုင်နေရပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် တင်ပြဆွေးနွေးချက်များအား ပြင်းထန်စွာတားမြစ် ပိတ်ပင်ထားပါသည်။ မြန်မာနိုင်ငံအရှေ့ဖက်ပိုင်း နယ်စပ်ဒေသများနှင့် ကချင်နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင် ပဋိပက္ခများ တိုးမြင့်ဖြစ်ပွားလျှက်ရှိနေသည့်အတွက် ရွေးကောက်ပွဲ အပြီးကာလ လူ့အခွင့်အရေးအခြေအနေသည် တိုးတက်

[၆] The Elections Commission said there was no need to grant visas for foreign reporters because there are local reporters in the country who work for foreign media. The Commission also reiterated that it was not necessary for foreign observers to monitor the elections'. Burma News International, Elections report: pre-elections observations, p. 75; [http://www.irrawaddy.org/article.php?art_id=20026] accessed on 1 April 2011

မှုမရှိသည့်အပြင် ဆိုးဝါးစွာဆုတ်ယုတ်လျှက်ရှိပါသည်။ ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စစ်အစိုးရအတွက် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်အား ရပ်ဆိုင်းစေမည် မဟုတ်သည့်အပြင် မြန်မာနိုင်ငံ နိုင်ငံရေးမျက်နှာစာတွင် ဦးဆောင်မှု အခန်းကဏ္ဍတွင် ဆက်ရှိနေစေရန် စစ်အစိုးရ အုပ်ချုပ်ရေးအား ပိုမိုခိုင်မာအောင် ပြုလုပ်ပေးသည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများ ယခင်အတိုင်း အုံနှင့်ကျင်းနှင့် ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီအောင်လိုက်နာဆောင်ရွက်သင့်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲများသည် ထိုစံချိန်များနှင့် မကိုက်ညီရုံသာမက ပြည်သူ့ဆန္ဒအပေါ် အခြေခံသည့် အခြေခံဥပဒေ၊ လွတ်လပ်စွာဖွဲ့စည်းစုရုံးပိုင်ခွင့်၊ ရွေးကောက်ပွဲများတွင် လွတ်လပ်စွာ ရွေးကောက်ပိုင်ခွင့်နှင့် ရွေးကောက်ခံနိုင်ခွင့်နှင့် လွတ်လပ်ပြီးဘက်မလိုက်သည့် ရွေးကောက်ပွဲ ကော်မရှင်မျိုးရှိရန် စသည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများတွင်ရှိရမည်ဖြစ်သည့် စံချိန်စံညွှန်းများနှင့်လည်း လျော်ညီခြင်းမရှိပါ။[၇]

ယခုအစီရင်ခံစာတွင် ရွေးကောက်ပွဲဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် တစ်ဦးချင်း သတင်းပို့ချက်များအပါအဝင် သတင်းအချက်အလက်များအား စုဆောင်းထည့်သွင်းထားပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းအချက်အလက်များအား စုဆောင်းကောက်ယူခြင်းမှတဆင့် ရွေးကောက်ပွဲများ အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများတွင် ရှိရမည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် လုံးဝကိုက်ညီမှု မရှိကြောင်း ယခုအစီရင်ခံစာအား သက်သေအဖြစ် ပါဝင်နိုင်စေရန် ရည်ရွယ်ထုတ်ဝေထားခြင်းဖြစ်ပါသည်။[၈]

# သုတေသန တွေ့ရှိချက်များ

## ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အနေဖြင့် ရွေးကောက်ပွဲများနှင့်ဆက်စပ်ပြီးဖြစ်ပွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အချက်အလက်များအား စုဆောင်းမှတ်တမ်းတင်ထားပါသည်။ အောက်ပါတို့မှာ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ စုဆောင်းကောက်ယူခဲ့သည့် မြန်မာနိုင်ငံဒေသ အသီးသီးတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ နမူနာအချို့ဖြစ်ပါသည်။

[၇] National Democratic Institute, Burma's 2010 Electoral framework: fundamentally undemocratic, p. 6-7

[၈] Examples include sources used in this report

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ခံရရှိခဲ့သော ၂၀၁၀ ရွေးကောက်ပွဲကာလ ရွေးကောက်ပွဲနှင့်ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများ**

| | လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | လွတ်လပ်စွာ သွားလာခွင့်အား ငြင်းပယ်ပိတ်ပင်မှု | ၁ မှု |
| ၂ | လွတ်လပ်စွာဖွင့်ဟ၊ ဖော်ထုတ်၊ စုရုံး၊ စည်းရုံးဖွဲ့စည်းခွင့်အား ငြင်းပယ်ပိတ်ပင်မှု | ၅ မှု |
| ၃ | ကြိုတင်မဲမသမာမှု | ၁၇ မှု |
| ၄ | အဓမ္မငွေကြေးကောက်ခံမှု | ၁ မှု |
| ၅ | အဓမ္မလုပ်အားပေး ခိုင်းစေမှု | ၁ မှု |
| ၆ | အဓမ္မနေရာရွှေ့ပြောင်းစေမှု (တိုက်ခိုက်မောင်းထုတ်ခြင်း) | ၁ မှု |
| ၇ | အခြားနည်းလမ်းဖြင့် မသမာမှုများ | ၂၁ မှု |
| ၈ | တရားဝင်ဆုံးဖြတ်နိုင်ခွင့်အပေါ် ပိတ်ပင်မှု | ၃ မှု |
| ၉ | မဲပေးခွင့် မရခြင်း | ၁၀ မှု |
| ၁၀ | ခြိမ်းခြောက်မှုများ | ၂၀ မှု |
| | **စုစုပေါင်း** | **၈၀ မှု** |

ယခုအစီရင်ခံစာ၏ နောက်ပိုင်းအခန်းသည် ရွေးကောက်ပွဲအကြိုကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တိတိကျကျ ခိုင်ခိုင်လုံလုံ ဖော်ပြထားပါသည်။ သေချာစွာ ရွေးချယ်ဖော်ပြထားသည့် ချိုးဖောက်မှုဖြစ်ရပ်တခုချင်းစီသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အားလုံး၊ စစ်အစိုးရပြဌာန်းသည့် ရွေးကောက်ပွဲဥပဒေနှင့် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲများတွင် ရှိရမည့် နိုင်ငံတကာစံချိန်စံညွှန်းများအားလုံးအား ဆန့်ကျင်ကာ လူ့အခွင့်အရေး ချိုးဖောက်နေခြင်း ဖြစ်ကြောင်း သက်သေပြနေပါသည်။

အခန်း (က) တွင် ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ခြင်း၊ တရားမဝင် ငွေကြေးလှူဒါန်းမှုများနှင့် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ပိုင်ခွင့်များအား ဝင်ရောက်စွက်ဖက်ခြင်းတို့ကဲ့သို့ ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုဆိုင်ရာ သတင်းအချက်အလက်များအား ဖော်ပြထားပါသည်။ အခန်း (ခ) တွင် ရွေးကောက်ပွဲ အကြိုကာလတွင်ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များအား ထည့်သွင်းဖော်ပြထားပါသည်။ ဆန္ဒပြမှုများအား ဖိနှိပ်ဖြိုခွင်းရန် အချို့ဒေသများတွင် လွတ်လပ်စွာ သွားလာခွင့်၊စုရုံးစည်းဝေးပိုင်ခွင့်တို့အား တားမြစ်ကန့်သတ်ကာ နေဝင်မီးငြိမ်း ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ပါသည်။ မဲဆန္ဒရှင်များမှာလည်း မကြာခဏဆိုသလိုပင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား မဲပေးရန်နှင့်ကြိုတင်မဲပေးရန် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ရင်ဆိုင်ကြရပါသည်။ အခန်း (ဂ) တွင်မဲပေးခွင့်ဆိုင်ရာနှင့် မဲဆန္ဒနယ်များ ရွေးကောက်ပွဲမှဖယ်ထုတ်ခံရခြင်းတို့အားထည့်သွင်းဖော်ပြထားပါ

သည်။ အချို့တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲများမကျင်းပခဲ့သည့်အပြင် မဲပေးခွင့်ရှိသူစာရင်းများတွင် မသမာမှုများပြည့်နှက်နေသောကြောင့် မဲပေးပိုင်ခွင့်အားများစွာ ထိခိုက်ခဲ့ပါသည်။ အခန်း (ဃ) နှင့် (င) တို့တွင် ရွေးကောက်ပွဲကျင်းပသည့်ရက်ဖြစ်သည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုများအား ထည့်သွင်းဖော်ပြထားပါသည်။ ရွေးကောက် ပွဲရလဒ်တွင် ကြိုတင်မဲများသည် အဓိကကျနေပြီး ရွေးကောက်ပွဲရက်တွင် ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုများသည် ရွေးကောက်ပွဲဥပဒေများအား အတိအလင်း ချိုးဖောက်သည့် အမှုများဖြစ်ပါသည်။ အခန်း (ဃ) တွင် မဲမသမာမှုများ၊ ကြိုတင်မဲကောက်ယူခြင်းများနှင့် အခြားသော မဲလိမ်၊ မဲခိုးမှုများအား ဖော်ပြထားပါသည်။ အခန်း (င) တွင် ရွေးကောက်ပွဲ ကျင်းပသည့်ရက်ဖြစ်သည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုများအား အသားပေး ဖော်ပြထားပါသည်။ မဲရုံများတွင်လည်း ချိုးဖောက်မှုပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ မဲဆန္ဒရှင်များမှာလည်း ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား မဲပေးရန်အတွက် ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံခဲ့သည့်အပြင် မဲ၀ယ်ခြင်းနှင့် မဲခိုးခြင်းပေါင်းများစွာ ဖြစ်ပွားခဲ့သည့် သက်သေသာဓကများလည်း ရရှိထားပါသည်။ ရွေးကောက် ပွဲရလဒ်များ ကြေညာရာတွင်လည်း ရှုပ်ထွေးမှု ပေါင်းများစွာနှင့်ပြည့်နှက်နေပြီး အမှားပြင်ဆင်ချက်ပေါင်းများစွာအား ရွေးကောက်ပွဲအပြီး ရက်ပေါင်း အတော်ကြာအောင် စစ်အစိုးရပိုင်သတင်းစာနှင့် မီဒီယာတွင် ထည့်သွင်းဖော်ပြရသည့်သာဓကများမှာ အထင်အရှား ဖြစ်ပါသည်။ အခန်း (စ) တွင် ရွေးကောက်ပွဲ အပြီး မဲရေတွက်ရာတွင်အနိုင်ရခဲ့သော်လည်း ရလဒ်များကြေညာရာတွင် (သို့) ကြိုတင်မဲများ ထည့်သွင်းအပြီးတွင် ရှုံးသည်ဟု သတ်မှတ်ခံရသည့် ရွေးကောက်ပွဲ၀င်ကိုယ်စားလှယ်များ ၏ ဖြစ်စဉ် ဥပမာများအား ဖော်ပြထားပါသည်။ အခန်း (ဆ) တွင်မူ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကာလနှင့် ရွေးကောက်ပွဲအပြီးတွင် ဖြစ်ပွားသော အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ အကြမ်းဖက်မှုများအား ထည့်သွင်းဖော်ပြထားပါသည်။ ခြုံ၍ ပြောရမည်ဆိုလျှင် ယခုအစီရင်ခံစာထဲတွင်ဖော်ပြထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးတို့တွင် လူ့အခွင့်အရေး အခြေအနေ တိုးတက်မှု လုံး၀မရှိကြောင်း ရှင်းလင်းစွာ ပြသနေပါသည်။ ထိုမျှမက နအဖစစ်အစိုးရမှ ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အပြောင်းအလဲ မရှိပဲ ယခင်ပုံစံအတိုင်း ဆက်လက် ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

# ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

အပိုင်း (က)

# ရွေးကောက်ပွဲ မဲဆွယ်ပွဲများ

လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန်အတွက် ရှင်းလင်းသော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တို့အား အာမခံပေးနိုင်မည့် ရွေးကောက်ပွဲဥပဒေများသည် မည်မျှ အရေးကြီးကြောင်း နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများမှ အတိအလင်း ဖော်ပြထားပါသည်။ မဲဆွယ်ခြင်း၊ မြင်သာထင်သာဖြစ်ခြင်းနှင့် နိုင်ငံရေးပါတီများ အပါအဝင် ပြည်သူတရပ်လုံး တန်းတူညီမျှသည့် အခွင့်အရေးများ ရရှိကာ ရွေးကောက်ပွဲတွင် လွတ်လပ်မျှတစွာပါဝင်နိုင်ရေးအတွက် မှန်ကန်မျှတသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်ထွန်း စေရန်အတွက် အာမခံနိုင်သည့် ရွေးကောက်ပွဲဥပဒေများ ပြဋ္ဌာန်းသင့်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင်မူ မမျှတသည့် ရွေးကောက်ပွဲအဖြစ်ကို ဦးတည်စေသည့် စည်းမျဉ်းဥပဒေများအား ရွေးကောက်ပွဲ ဥပဒေမှဖန်တီးခဲ့ပါသည်။

နိုင်ငံရေးပါတီများ တရားမျှတစွာနှင့် လွတ်လပ်စွာမဲဆွယ်နိုင်စွမ်းအား ပိတ်ပင်တားမြစ် ထားသည့် အချက်အလက် ပေါင်းများစွာရှိပါသည်။ ရွေးကောက်ပွဲဥပဒေထုတ်ပြန် ကြေညာသည့်အချိန်နှင့် ရွေးကောက်ပွဲကျင်းပမည့်အချိန်အား ကြေညာသည့်အချိန်ကြား ကာလသည် တိုတောင်းလွန်းလှသည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရန်နှင့် လိုအပ်သည့် မှတ်ပုံတင်ကြေးများ ရှာဖွေကောက်ယူရန်အတွက် လုံလောက်သည့်အချိန်မရရှိခဲ့ကြပါ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အမိန့်ကြေညာချက်များသည်လည်း နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာစုဖွဲ့ခွင့်နှင့် ဖွင့်ဟဖော်ထုတ်ခွင့်တို့အား တင်းကျပ်စွာ တားမြစ်ချုပ်ချယ်ထားပါသည်။ ရွေးကောက်ပွဲ ကော်မရှင်အမိန့်ကြေညာချက် ၂/၂၀၁၀ မှ နိုင်ငံရေးပါတီများအား မဲဆွယ်စဉ်ကာလ ကြွေးကြော်သံများ မအော်ဟစ်ရန်၊ ချီတက်လှည့်လည်ခြင်းမပြုရန်၊ အလံများသယ်ဆောင်လွှင့်ထူခြင်း မပြုရန်၊ ပါတီရုံးများတွင် စုရုံးပွဲများ ပြုလုပ်မည်ဆိုပါက တစ်ပတ် ကြိုတင်အကြောင်းကြား ခွင့်ပြုချက် ရယူရန်၊ ပါတီများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အား ပုတ်ခတ်သည့် (သို့) နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်သိက္ခာအားထိခိုက်စေမည့် အခြေခံဥပဒေအား ဝေဖန်သည့်၊လုံခြုံရေးနှင့်ရပ်ရွာ အေးချမ်းသာယာရေးအား ထိခိုက်စေမည့် မိန့်ခွန်းပြောကြားချက်များ၊ထုတ်ဝေ ဖြန့်ချီခြင်းများမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ထို့အပြင် Burma News International မှ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားချက်အရ နိုင်ငံရေးပါတီများအနေဖြင့် ပါတီလက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချီရန်အတွက် ရွေးကောက်ပွဲ ကော်မရှင်ထံမှ ခွင့်ပြုချက်တောင်း ခံရယူရခြင်း၊ ရေဒီယိုနှင့်တီဗွီတို့တွင် နိုင်ငံရေးမိန့်ခွန်းများ ထုတ်လွှင့်ခွင့် ရရှိထားသော်လည်း ထိုမိန့် ခွန်းမိတ္တူ

အား ကော်မရှင်သို့ ကြိုတင်တင်ပြရခြင်း များဖြင့် ထိန်းချုပ်ခံထားရပါသည်။ နိုင်ငံရေး ပါတီများမှ ထုတ်ပြန်သည့် အစီရင်ခံစာနှင့် တိုင်ကြားချက်များအရ စစ်တပ်မှ အတိုက်အခံ နိုင်ငံရေးပါတီများအား လွတ်လပ်စွာ မဲဆွယ်ခွင့်မပြုသည့်အပြင် ၎င်းပါတီများအား ထောက်ခံသူပြည်သူလူထုအားလည်း ခရီးသွားခွင့် ပိတ်ပင်ထားပါသည်။[၉] နိုင်ငံရေးပါတီကိုယ်စားလှယ်များအား ဖိအားပေးခြင်း၊ မဲဝယ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ခြင်းများကြောင့် နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာမဲဆွယ်စည်းရုံးနိုင်စွမ်းနှင့် ရွေးကောက်ပွဲတွင် ထိရောက်စွာ ပါဝင်ယှဉ်ပြိုင်စွမ်းများ များစွာထိခိုက်ခဲ့ပါသည်။

မဲဆွယ်သည့်ကာလအတွင်းတွင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များမှ ထိုကိုယ်စားလှယ်များ၏ မဲဆွယ်ခွင့်ကို ဝင်ရောက်စွက်ဖက်နှောက်ယှက်ခြင်း၊ အခြားပါတီများ၏မဲဆွယ်ရေးတွင်အသုံးပြုသည့် ပစ္စည်းပစ္စယများ၊ အလံများ ဆိုင်းဘုတ်များအား ဖျက်ဆီးခြင်း သိမ်းယူခြင်းများလုပ်ဆောင် ခဲ့ကြပါသည်။ အတိုက်အခံပါတီ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များအားကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များနှင့် စစ်တပ် တာဝန်ရှိသူများမှ ခြိမ်းခြောက်အကျပ်ကိုင် အနိုင်ကျင့်ခြင်းများ ကျူးလွန်ခဲ့ကြပါသည်။ ထိုသို့ခြိမ်းခြောက်အနိုင်ကျင့်မှုများတွင် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း၊ အတင်းအကျပ်နေရာပြောင်းရွှေ့စေခြင်းနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ သိမ်းယူခြင်းများ ပါဝင်ပါသည်။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ထောက်ခံမှုနှင့် မဲဝယ်သည့်အနေဖြင့် မဲဆန္ဒရှင်များနှင့် ပြည်သူများအား တရားမဝင် ငွေကြေးထောက်ပံ့ခြင်း၊ အလှူငွေထည့်ဝင်ခြင်းများကဲ့သို့ အခြားနည်းလမ်းများနှင့်လည်း ချဉ်းကပ်ခဲ့ကြပါသည်။ ရွေးကောက်ပွဲမဲဆွယ်သည့်ကာလ လွှမ်းခြုံနေသည့် အကြောက်တရား ပမာဏနှင့် ကျူးလွန်ခဲ့သည့် ချိုးဖောက်မှုအရေအတွက်အား တောင်ဒဂုံဆိပ်ကမ်း မြို့နယ် ၈၇ ရပ်ကွက် နေထိုင်သူပြည်သူ တစ်ဦးမှ အောက်ပါကဲ့သို့ ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါသည်။

> 'သတင်းမီဒီယာတွေကို ရွေးကောက် ပွဲနဲ့ပါတ်သက်ပြီး ကျနော်တို့ သတင်းပေးချင်ပါတယ်။ ကျနော်တို့ သိထားသမျှ ရွေးကောက်ပွဲ မသမာမှုတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်မှုတွေ၊ မဲဝယ်တာတွေကို ပြောပြချင်ပါတယ်။ ဒါပေမယ့် အဲလိုပြောရင် ထောင်ကျမှာ သေချာနေတဲ့အတွက် ကျနော်တို့ပြောချင်ပေမယ့် မပြောရဲပါဘူး'[၁၀]

ရွေးကောက်ပွဲမဲဆွယ်ကာလတလျှောက်ဖြစ်ပွားခဲ့သည့် ချိုးဖောက်မှုများသည် လွတ်လပ်စွာဖွင့်ဟဖော်ထုတ်ခွင့်၊ စုရုံးခွင့်နှင့် စုဖွဲ့ပိုင်ခွင့်တို့အား အတိအလင်းချိုးဖောက်နေခြင်း ဖြစ်ပါသည်။ ထိုချိုးဖောက်မှုများသည် နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများအားလည်း ချိုးဖောက်နေပါသည်။

---

[၉] Burma Fund UN office, Burma's 2010 Elections: a comprehensive report, p. 20; Burma News International, Elections report 2010: pre-elections observations, p. 78

[၁၀] Excerpt of Account 3

## ဖြစ်ရပ် ၁။ မဲဆွယ်ကာလ ချိုးဖောက်မှုများ

တအာင်း(ပလောင်)အမျိုးသားပါတီ (TNP) မှ စည်းရုံးရေးဆင်းရာတွင် ထုတ်ဝေဖြန့်ချီထားသော TNP မဲပြားနမူနာ ပုံစံနှင့် မဲရုံတွင်သုံးမည့် မဲနမူနာပုံစံစာရွက်များကို ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှူး ဦးယိုင်ထွန်းနှင့်အဖွဲ့များက လိုက်လံသိမ်းဆည်းနေကြောင်း သိရသည်။

ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှူးအဖွဲ့များက စည်းရုံးရေးဆင်းရာတွင် ၄င်းမဲပြားပုံစံနှင့် မဲပုံနမူနာ စာရွက်ကို လိုက်လံသိမ်းဆည်းတာဖြစ်ပြီး ကိုင်ဆောင်သူ ဒေသခံများက ပြန်တောင်းယူသော်လည်းမရဟု TNP အဖွဲ့ဝင်တစ်ဦးက အောက်ပါအတိုင်း ပြောပြပါသည်။

> 'မဲပေးတဲ့အခါမှာအဆင်ပြေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ TNP ရဲ့ မဲပြားပုံစံနဲ့ မဲပုံနမူနာပုံစံတွေကို စာရွက်နဲ့ ထုတ်ပြီး ပန်ကူကျေးရွာတို့ မန်မောဝ်ကျေးရွာတို့ စသည့်ရွာ တော်တော်များများမှာ ဖြန့်ဝေတာဖြစ်တယ်။ ဒါပေမယ့် အောက်တိုဘာ ၁၇ ရက်နေ့မှာ ရွာသားတစ်ဦးက ကွတ်ခိုင်မြို့ TNP ရုံးကို ရောက်လာတယ် မဲပြားနမူနာစာရွက်တွေ ထပ်ပေးပါဦးဆိုပြီး လာတောင်းတယ်။ သူ့ကို မေးကြည့်လိုက်တော့ သူကဒီလိုဖြေပါတယ်။ 'မနေ့က ကြံ့ဖွံ့က ဦးယိုင်ထွန်းတို့အဖွဲ့က ရွာကိုရောက်လာပြီး အဲဒီစာရွက်တွေကို ခဏကြည့်မယ်လို့ပြောပြီး ပြန်တောင်းလို့လည်း မရတော့ဘူး။ အကုန်လုံးကို လိုက်သိမ်းပြီးကြံ့ဖွံ့ပါတီကို မဲထည့်ရမယ်' လို့ လည်းပြောသွားတယ်' ဟု အဆိုပါ TNP အဖွဲ့ဝင်တစ်ဦးကပြောသည်။[၁၁]

တအာင်းအမျိုးသားပါတီမှ ထုတ်ဝေဖြန့်ချီလိုက်သော မဲပြားနှင့် မဲပုံနမူနာစာရွက်ကို လိုက်လံသိမ်းဆည်းသွားပြီဟု ရွာသားများ ပြောပြရာမှ TNP ၏ သက်ဆိုင်ရာ တာဝန်ရှိသူက၄င်းတို့ထံ သွားရောက်ပြန်လည် တောင်းယူကာ အဘယ်ကြောင့် သိမ်ဆည်းသည်ဟု မေးမြန်းသော်လည်း အဖြေမရခဲ့ကြောင်း သိရသည်။

ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှူးဖြစ်သူ ဦးယိုင်ထွန်းနှင့်အဖွဲ့သည် အမြဲလိုပင် တအာင်း (ပလောင်) ကျေးရွာများသို့ သွားရောက်ကာ တအာင်း အမျိုးသားပါတီကို ပုပ်ခတ်ပြောဆိုလေ့ရှိပြီး ကြံ့ဖွံ့ပါတီကိုသာ မဲပေးရမည်ဟု စည်းရုံးပြောဆိုကြောင်း ရပ်ကွက်ရွာသားများကဆိုသည်။[၁၂]

## ဖြစ်ရပ် ၂။ ကိုယ်စားလှယ်လောင်း၏ မဲဆွယ်ခွင့်အား ကြံ့ဖွံ့ပါတီမှ ဝင်ရောက် စွက်ဖက်နှောက်ယှက်

ဦးတီခွန်မြတ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်

---

[၁၁] TSYO Interview

[၁၂] TSYO Interview

စားလှယ်လောင်းဖြစ်ပြီး တအာင်း (ပလောင်) အမျိုးသားပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ဆန်ကို မဲဆွယ်စည်းရုံးသည့် အချိန်တွင် အမျိုးမျိုး လိုက်လံနှောင့်ယှက် ခြိမ်းခြောက်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နေ့လည် (၁) နာရီခန့် အချိန်တွင် ဦးတီခွန်မြတ် အမိန့်ဖြင့် ကာလန်ပြည်သူ့စစ်စခန်း ဒုစခန်းမှူး ဦးဝင်းမြင့် ဦးဆောင်သောလက်နက် အပြည့်အစုံ ပြည်သူ့ စစ်တပ်ဖွဲ့ဝင် ၅ ဦးတို့ ရောက်လာပြီး ဟိုနောင်အုပ်စု ပန်လောကျေးရွာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် စည်းရုံးရေးဆင်းနေသော တအာင်း (ပလောင်) အမျိုးသားပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအိုက်ဆန် ဦးဆောင်သော အဖွဲ့အား စည်းရုံးရေး ဆက်လက်မပြုလုပ်ဘဲ ထိုနေရာမှနောက်ကြောင်းပြန်လှည့်သွားရန် လက်နက်ဖြင့်ခြိမ်းခြောက်ပြီး အတင်း အဓမ္မပြန်လှည့်ခိုင်းခဲ့ပါသည်။



ရှေ့တန်းတပ်ဖွဲ့များ၏ ဦးစီးမှူးဖြစ်သူမှ ကြံ့ဖွံ့ပါတီအား ပြည်သူများ မဲပေးရန်အတွက် ကြံ့ဖွံ့ပါတီဝင်များနှင့်အတူ အခမ်းအနားပြုလုပ် မဲဆွယ်နေစဉ် – ကော့ကရိတ်၊ မွန်ပြည်နယ်
Photo by HURFOM

၂၀၁၀ခုနှစ်၊ စက်တင်ဘာလ၊ ၂၈ ရက်နေ့တွင် တအာင်း (ပလောင်) အမျိုးသားပါတီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကျော်အေးနှင့်ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအိုက်ဆန်တို့ ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးတို့သည် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် နာချန်ကျေးရွာအုပ်စု၊ မန်တုံပလောင်ကျေးရွာ ရောက်ရှိစဉ် ဦးတီခွန်မြတ်၏ အမိန့်ဖြင့် နမ့်ပါမုံးပြည်သူ့စစ်စခန်းမှူး ဦးကိုဂျွန်းမှ မန်တုံဥက္ကဋ္ဌထံ ၂၇၊ ၁၀၊ ၂၀၁၀ ရက် နေ့စွဲဖြင့် ကြိုတင်စာရေးပြီး ပလောင်ပါတီတို့အား စည်းရုံးခွင့်မပြုရန်နှင့် စည်းရုံးခွင့်ပေးပါက ဥက္ကဋ္ဌနှင့်ကျေးရွာအား အရေးမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အထက်ပါကိုယ်ထိလက်ရောက် ဟန့်တားခြိမ်းခြောက်မှုအပြင် တအာင်း (ပလောင်) အမျိုးသားပါတီမှ ဖြန့်ဝေသော ပါတီရေးရာသဘောထား စာရွက်စာတမ်းနှင့် ပါတီအမှတ်တံဆိပ် အလံများကို လိုက်လံသိမ်းယူ ဖျက်ဆီးခဲ့သည်။ တအာင်း (ပလောင်) မိဘပြည်သူများကိုလည်း ပလောင်ပါတီထဲမဝင်ရန်နှင့် ပလောင်ပါတီကိုမဲမထည့်ရန် နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ခဲ့ပါသည်။ အကယ်၍ ပလောင်ပါတီဝင်ဖြစ်ပါက မန်တုံ၊ နမ့်ဆန်ဒေသတို့ သွားရောက် နေထိုင်ရန် မောင်းထုတ်ခံရမည်ဖြစ်ကြောင်း၊ မိမိပိုင်ဆိုင်သော ပစ္စည်းများကိုလည်း အသိမ်းခံရမည် ဖြစ်ကြောင်း စသည်ဖြင့် ခြိမ်းခြောက်ကာ ဥပဒေနှင့်မညီသည့် လုပ်ရပ်များပြု လုပ်လျက်ရှိပါသည်။

ဧရာဝတီတိုင်း ငပုတောမြို့နယ် ကျောက်ပုံကျေးရွာတွင် အမျိုးသား ဒီမိုကရက်တစ်အင်အားစု (အဲန်ဒီအက်ဖ်) အဖွဲ့ဝင်များသည် လက်ကမ်းစာစောင်များ ကျေးရွာထဲတွင် ဖြန့်ဝေရာ၌ ပိတ်ပင်

တားမြစ်ခြိမ်းခြောက်ခြင်း ခံခဲ့ရပါသည်။ ပါတီအဖွဲ့ဝင်များသည် လက်ကမ်းစာစောင်များ ကျေးရွာထဲ တွင် ဖြန့်ဝေရာ၌ ကော်မရှင်ဥက္ကဌ ဦးအယ်(လ်)စိုးက မကျေနပ်သည့်အမူအရာပြကာ 'မင်းတို့ နောက်တစ်ခါဆိုရင် ရဲစခန်းထဲ ဆွဲသွင်းမည်' ဟု ခြိမ်းခြောက် ပြောဆိုခဲ့ပါတယ်။ ဦးအယ်(လ်)စိုးသည် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တစ်ဦးဖြစ်ပြီး ၎င်း၏အိမ်ထဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေပုံနှင့် ကြံ့ခိုင်ရေးအသင်းထံမှ ရရှိထားသော ဆုတံဆိပ်များလည်း ချိတ်ဆွဲထားကြောင်း တွေ့ရှိခဲ့ပါသည်။[၃၃]



ကြံ့ဖွံ့ပါတီမှ မဲဝယ်သည့်အနေဖြင့် လမ်းခင်းပေးပြီး ပြည်သူလူထုအားလည်း ပါတီအား အတင်းအကျပ်ထောက်ခံခိုင်း၊ မွန်ပြည်နယ်

——— **Photo by HURFOM**

## ဖြစ်ရပ် ၃။ ရွေးကောက်ပွဲကာလ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်မှုများ

တောင်ဒဂုံဆိပ်ကမ်းမြို့နယ် ၈၇ ရပ်ကွက်ရှိ ကိုအောင်မိုးဆိုသူ၏ လက်ဘက်ရည်ဆိုင်တွင် ကြံ့ခိုင်ရေး ပါတီဝင်များမှ လာရောက်ပြီး ကြံ့ခိုင်ရေးပါတီဝင်ပြီးကြောင်းစာအား ကပ်ပေးရန်ပြောသည်။ ဆိုင်ပိုင်ရှင် ကိုအောင်မိုးမှ လက်မခံသဖြင့် ကြံ့ဖွံ့လူကြီးပိုင်း တစ်ယောက်မှ ဒေါသထွက်ပြီး 'ဒီရပ်ကွက်ထဲကို နိုင်ငံရေးသမားတွေ ဝင်ပြီးလာစည်းရုံးရင် ခြေထောက်ကို ရိုက်ချိုးပစ်လိုက်။ ဖြစ်လာတဲ့ ပြဿနာငါရှင်းမယ်' ဟု အတူပါလာသည့် ကြံ့ဖွံ့အဖွဲ့ဝင်များအား ပြောဆိုကြောင်း သိရှိရပါသည်။ ထိုသည်မှာ ဝန်ကြီးအမိန့်ဟုလည်း ထပ်မံပြောဆိုပါသည်။[၃၄]

မဲပေးသည့် ကိစ္စများနှင့်ပတ်သက်၍ မီဒီယာများအား သတင်းပေးချင်သော်လည်း ထောင်ကျရမည်ကို ကြောက်ရွံ့နေရသည်ဟု ရွာသားတစ်ဦးမှ အောက်ပါအတိုင်းပြောပြခဲ့ပါသည်။

> 'သတင်းမီဒီယာတွေကို ရွေးကောက်ပွဲနဲ့ပါတ်သက်ပြီး ကျနော်တို့သတင်းပေးချင်ပါတယ်။ ကျနော်တို့သိထားသမျှ ရွေးကောက်ပွဲမသမာမှုတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်မှုတွေ၊ မဲဝယ်တာတွေကို ပြောပြချင်ပါတယ်။ ဒါပေမယ့် အဲလိုပြောရင် ထောင်ကျမှာသေချာနေတဲ့အတွက် ကျနော်တို့ပြောချင်ပေမယ့် မပြောရဲပါဘူး'[၃၅]

---

[၃၃] AAPP Interview

[၃၄] AAPP Interview

[၃၅] PWO Interview

## ဖြစ်ရပ် ၄။ တောင်ဥက္ကလာပမြို့နယ်တွင် တရားမဝင်မဲဆွယ်မှု

တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက်တွင် ကုန်းဘောင်(၁၁)လမ်းတွင် တည်ရှိသော 'သစ္စာမဏ္ဍိုင်' ရပ်ကွက် ဓမ္မာရုံအား ရပ်မိရပ်ဖများမှ ပြုပြင်တည်ဆောက် လျက် ရှိပါသည်။ ၃၊ ၁၁၊ ၂၀၁၀ တွင် ဦးအောင်သိန်းလင်း ဗဟိုဓမ္မာရုံကို ရောက်လာသောကြောင့် (၆) ရပ်ကွက်ဆိုင်ရာ ရပ်မိရပ်ဖများက ပြုပြင်ဆဲ ဓမ္မာရုံအတွက် ဘိလပ်မြေ အလှူခံခဲ့ပါသည်။ ထိုအခါ ဦးအောင်သိန်းလင်းက ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီဝင်များ မဲပေးမည့်သူများ စုဆောင်းကောက်ခံပေးမည်ဆိုလျှင် သိန်း(၂၀)ဖိုး (၂၀၀၀၀၀၀) ဘိလပ်မြေလှူမည်ဟု ကတိပြုခဲ့ကြောင်း ၆ ရပ်ကွက်ဆိုင်ရာ 'သစ္စာမဏ္ဍိုင်' ဓမ္မာရုံရှိ တာဝန်ခံလူကြီးများထံမှ ကြားသိခဲ့ရပါသည်။[၁၆]

## ဖြစ်ရပ် ၅။ တရားမဝင် ငွေပေး၍ မဲဆွယ်စည်းရုံးခြင်း

သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံမည့် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းဥက္ကဌ ဦးအောင်သန်းဦးသည် သံလျှင်မြို့နယ် ကျားဘုရားအနီးရှိ ဦးတင်မြပိုင်ဆိုင်သော တန်တစ်ရာဆန်စက်၌ (၃၊ ၁၁၊ ၂၀၁၀) ရက်နေ့တွင် သန်လျင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် လူကိုးယောက်နှုန်းဖြင့်ခေါ်ယူရန် မှာကြားခဲ့သည်။ ရွာတစ်ရွာလျှင် ကြံ့ဖွံ့ပါတီမှ ၉၀% ဖြင့်နိုင်လျှင် ၅၀၀၀၀၀ ကျပ် (ငါးသိန်း) ပေးမည်။ ၇၅% နိုင်လျှင် ၄၀၀၀၀၀ ကျပ် (လေးသိန်း) ပေးမည်။ ရပ်ကွက်ကော်မရှင်ဥက္ကဌနှင့် အဖွဲ့ဝင်များကို လည်း ၁၀၀၀၀၀ ကျပ် (တစ်သိန်း) ပေးမည် ဟု စည်းရုံးပြောဆိုခဲ့ပါသည်။ ကျေးရွာများရှိ ဆန်စက်အားလုံးကိုလည်း ဆန်စက် ၁ လုံးလျှင် သိန်း ၂၀ ပေးခဲ့သည်ဟု သိရသည်။ ဦးအောင်သန်းဦးမှ ခရိုင်ကော်မရှင် ဥက္ကဌ ဒုဗိုလ်မှူးကြီးမြတ်စိုး (ရေတပ်အငြိမ်းစား) အား သိန်း (၃၀) ပေးခဲ့သည်။ သန်လျင်မြို့ နယ်ကော်မရှင်ဥက္ကဌအား (၅) သိန်း၊ ကျေးရွာကော်မရှင်ဥက္ကဌနှင့်အဖွဲ့ဝင်များအား ငွေ (၁) သိန်းစီနှင့်



မဲဝယ်သည့်အနေဖြင့် သက်ကြီးရွယ်အိုများအား ကြံ့ဖွံ့ပါတီမှ အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်
Photo by HURFOM

---

[၁၆] AAPP Interview

ကြံ့ဖွံ့အကျီ (၂) ထည်စီပေးခဲ့ကြောင်းသိရသည်။[၁၇]




ရန်ကုန်မြို့မှ ကြံ့ဖွံ့ပါတီ မဲဆွယ်ဆိုင်းဘုတ်တစ်ခု။ မဲဆွယ်ကာလတလျှောက် အတိုက်အခံပါတီများမှာ လွတ်လပ်စွာ မဲဆွယ်ခွင့် မရသည့်အပြင် လက်ကမ်းစာစောင်များနှင့် ပိုစတာများကဲ့သို့ မဲဆွယ်စာရွက် စာတမ်းများအား လွတ်လပ်စွာဖြန့်ဝေ အသုံးပြုခွင့် မရခဲ့ကြ

**Photo by AAPP**

[၁၇] AAPP Interview

## အပိုင်း ၁

# ရွေးကောက်ပွဲအကြိုကာလ အကြမ်းဖက်မှုများ

ယခင်အခန်းတွင် နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံနှုန်းများအရ ပြည်သူပြည်သားတိုင်း ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တွင် တရားမျှတလွတ်လပ်စွာနှင့် တန်းတူညီမျှစွာ ပါဝင်နိုင်ရေးအတွက် အခွင့်အရေးရသင့်သည်ဟု ဖော်ပြထားပြီး ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အကြမ်းဖက်ခံရခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ခံရခြင်းများ မရှိပဲ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအပေါ် ၎င်းတို့ကိုယ်ပိုင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထိုအမြင်အား လွတ်လပ်စွာ ဖွင့်ဟဖော်ထုတ်နိုင်ခွင့်ရှိသင့်ပါသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလထဲတွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ခြိမ်းခြောက် အကျပ်ကိုင် အနိုင်ကျင့်ခြင်း၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်အား ငြင်းပယ်ခံရခြင်း၊ လွတ်လပ်စွာ ဖွင့်ဟထုတ်ဖော်ခွင့်၊ စုရုံးဖွဲ့စည်းခွင့်တို့အား ငြင်းပယ်ခံရခြင်းတို့ပါဝင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း ၂၄၇ မှုအား ထည့်သွင်းကာ အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။[၁၈] ယခုအစီရင်ခံစာတွင် ရွေးကောက်ပွဲကာလတွင်ဖြစ်ပွားသည့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင် အနိုင်ကျင့် ဗိုလ်ကျမှုပေါင်းများစွာအား ဖော်ပြထားပါသည်။

ကွန်ရက်မှ မှတ်တမ်းတင်ခဲ့သည့် ဖြစ်ရပ်များမှ နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့များတွင် ဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲဆန့်ကျင်ရေး ဆန္ဒပြမှုများကျယ်ပြန့်လာမည်ကို ကာကွယ်သည့် အနေဖြင့် အချို့တိုင်းရင်းသားဒေသများတွင် စစ်တပ်မှ ဒေသခံများအား ခရီးသွားလာခွင့် ပိတ်ပင်ခဲ့သည့်အပြင် နေဝင်မီးငြိမ်း ညမထွက်ရအမိန့်အားလည်း ထုတ်ပြန်ခဲ့ပါသည်။ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် ဒေသခံရွာသားတစ်ဦးမှ အောက်ပါအတိုင်း ပြန်ပြောပြပါသည်။

'အခုကျင်းပတဲ့ရွေးကောက်ပွဲတွေက လွတ်လပ်မှု တရားမျှတမှု မရှိတဲ့အပြင် ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့ မကိုက်ညီဘူးလို့ ယုံကြည်တဲ့အတွက် ဆန့်ကျင်ဆန္ဒပြခဲ့ တာပါ။ ကျနော်တို့အနေနဲ့ ဒီလိုမျိုး ရွေးကောက်ပွဲအတု မလိုချင်တဲ့အတွက် ဆန့်ကျင်ဆန္ဒပြရတာဖြစ်ပါတယ်။'[၁၉]

လူသစ်စုဆောင်းရန်နှင့် မဲဆန္ဒရှင်များအား ကြံ့ဖွံ့ပါတီအား မဲပေးစေရေးအတွက် အဓိကအား

---

[၁၈] ND-Burma, Intimidation, Imprisonment and Repression: The Road to Military Victory in the 2010 Elections, November, 2010

[၁၉] Account 16 provides further information on the reasons behind the demonstration, the main one being the loss of voting rights. Demonstrators also called for free, fair and genuine elections.

ဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင် အနိုင်ကျင့် ဗိုလ်ကျမှုများအပါအဝင် အခြားပုံစံများအရ ရွေးကောက်ပွဲ အကြိုအကြမ်းဖက်မှုများအား ကြံ့ဖွံ့ပါတီဝင်များမှ ကျူးလွန်ခဲ့ကြပါသည်။ ထိုချိုးဖောက်မှုများထဲတွင် ကြံ့ဖွံ့ပါတီအားမဲမပေးပါက အစိုးရအရာရှိများမှ လက်အောက်ငယ်သားဝန်ထမ်းများအား အလုပ်ဖြုတ်ပစ်မည်ဟုခြိမ်းခြောက်ခြင်း၊ လယ်သမားများအား လယ်သိမ်းမည်ဟု ခြိမ်းခြောက်ခြင်းများ ပါဝင်ပါသည်။ မဲဆန္ဒရှင်များနှင့် ဒေသခံများမှာ ရွေးကောက်ပွဲနေ့တွင် မဲသွားမပေးပါက (သို့) ကြံ့ဖွံ့ပါတီအားမဲမပေးပါက အကျဉ်းချခံရမည်၊ ဒဏ်ငွေဆောင်ရမည်၊ နေရာပြောင်းခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ကြရပါသည်။

## ဖြစ်ရပ် ၆။ ရွေးကောက်ပွဲအကြိုကာလတွင် နအဖမှ ဒေသခံရွာသားများအား ခရီးသွားခွင့်တားမြစ်ပိတ်ပင်ခြင်း

စစ်မြေပြင်ကွပ်ကဲမှု ဌာနချုပ် (စကခ) ၃၂ မှ ဗျူဟာမှူး လှဖြိုးမှ လက်အောက်ခံ ခြေလျှင်တပ်ရင်း အမှတ် ၂၈၃ နှင့် ၂၈၄ တို့အား တခခီးကျေးရွာဒေသခံများ ကြာအင်းဆိပ်ကြီးသို့သွားလျှင် အမျိုးသား၊ အမျိုးသမီး မည်သူ့ကိုမဆို အဝတ်အစား၊ အခွေးထည်၊ မော်တော်ဆိုင်ကယ်တို့မှ အစ အသေးစိတ်ရှာဖွေရန် ညွှန်ကြားထားခဲ့ပါသည်။ ထို့အပြင် ညနေ ၅ နာရီခွဲမှ မနက် ၅ နာရီခွဲအထိ ရွာတွင်း၊ ရွာပြင် မည်သူမှမထွက်ရဟု ခြေလျှင်တပ်ရင်း အမှတ် ၂၈၃၊ ၂၈၄ တို့နှင့် ကျေးရွာ အာဏာပိုင်တို့မှ အမိန့်ထုတ်ခဲ့ပါသည်။ နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့သော ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ဆန္ဒပြမှုမျိုး ထပ်မဖြစ်စေရန်အတွက်လည်း ရွေးကောက်ပွဲအတွက် မဲရုံနေရာသတ်မှတ်ထားသော ဘုန်းကြီးကျောင်းတွင်တပ်ချပြီး လုံခြုံရေးယူထားပါသည်။ ထို့အပြင် တံတားဦး၊ ချောင်းနှစ်ခွ၊ တခခီး၊ တခကလို့နှင့် ကျိုက်ဒုံကျေးရွာများ အပါအဝင် ဘုရားသုံးဆူမှ ကြာအင်းဆိပ်ကြီးသို့သွားရာ လမ်းတစ်လျှောက်ရှိ ဒေသခံများအား ရွေးကောက်ပွဲမပြီးမချင်း မည်သူမှခရီးမသွားရဟု စစ်တပ်မှ ပိတ်ပင်တားမြစ်ထား



ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်သူ့စစ်များအား သင်တန်းပေးနေစဉ်
—————— **Photo by HURFOM**

ပါသည်။[၂၀]


### ဖြစ်ရပ် ၇။ ကြံ့ဖွံ့ပါတီအား မဲပေးရန် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း

ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာရှေ့ မထဲရွာမှ ကြံ့ခိုင်ရေးပါတီဝင် ရယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၆ ရက်နေ့တွင် ရွာအတွင်းရှိ မွန်အိမ်အများစု သို့တက်ရောက်ပြီး အောက်ပါအတိုင်း ခြိမ်းခြောက်ခဲ့ပါသည်။

> 'နင်တို့တွေ ပြည်ခိုင်ဖြိုး (ကြံ့ခိုင်ရေးပါတီ) ကိုပဲ မဲထည့်ပါ။ မထည့်ရင် နင်တို့ရွာကနေပြောင်းသွားချင်လို့လား။ မထည့်ရင် နောက်မှ ငါ့ကိုအဆိုးမဆိုနဲ့'[၂၁]

### ဖြစ်ရပ် ၈။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များမှ မဲဆန္ဒရှင်တစ်ဦးအား ခြိမ်းခြောက်ခြင်း

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်၊ ကံဦးအုပ်စု ဆယ်အိမ်ခေါင်း ဦးခင်ထွန်းမှ (၆) ရက်နေ့ ညနေတွင် ကံဦးရွာနေ ဦးကျော်မောင် ထံရောက်ရှိလာပြီး မဲမထည့်လျှင် အဖမ်းခံရမည်ဟု ခြိမ်းခြောက်ပါသည်။[၂၂]



ရွေးကောက်ပွဲပြီးပြီးချင်းဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာထွက်ပြေးရစဉ်၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်

**Photo by Burma Issues**

[၂၀] Burma Issues Interview

[၂၁] HREIB Interview

[၂၂] Yoma 3 Interview

## ဖြစ်ရပ် ၉။ မြေပုံတွင် ကြံ့ဖွံ့ပါတီကို ခြိမ်းခြောက် ထောက်ခံခိုင်း

ဂီရိမုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံခဲ့ရသော ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် မြေပုံမြို့နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များနှင့် အာဏာပိုင်များမှ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကို ထောက်ခံခဲ့လျှင် ရွေးကောက်ပွဲနောက်ပိုင်း နောင်တရလိမ့်မည်၊ ထိုအခါ ကျမှ အဖေလာမတော်နဲ့ဟု ပြောကြားခဲ့သည်။[၂၃]

## ဖြစ်ရပ် ၁၀။ စစ်တပ်မှ အတင်းအဓမ္မ မဲပေးခိုင်းခြင်း

ဇရပ်ကြီးမြို့တွင်အခြေစိုက်သော ခလရ-၇၃ လက်အောက်ခံ ရှေ့တန်းတပ်တစ်ခုဖြစ်သည့် ထန်းတပင်မြို့တွင် အခြေစိုက်သောစစ်တပ်မှ ပယ်ထီ့ခွင်တွင် နေထိုင်သောအသက် ၁၈ နှစ်ကျော် ရွာသားများအား အတင်းအဓမ္မ ကြိုတင်မဲများ သွားရောက်ထည့်ခိုင်းခဲ့ပါသည်။ မဲသွားရောက်မထည့်ခဲ့သည့် ရွာသားတစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀၀ (တစ်သိန်းကျပ်) ကျပ်အား ဒဏ်ငွေအဖြစ်ပေးဆောင်ရကြောင်းသိရှိရပြီး ရွာသူရွာသားများအား ကြိုတင်မဲပေးမှုတွင် ခြိမ်းခြောက် အကျပ်ကိုင်မှုများ ပြုလုပ်ခဲ့ပါသည်။[၂၄]

## ဖြစ်ရပ် ၁၁။ ရွာဥက္ကဋ္ဌမှ ရွာသားများကို ကြံ့ခိုင်ရေးပါတီအတွက်မဲပေးရန် ခြိမ်းခြောက်

မူဆယ်မြို့နယ် လွယ်လွမ်းကျေးရွာ ဥက္ကဋ္ဌ ဦးဆန်ဒမ်သည် ရွာသူရွာသားများအား ကြံ့ခိုင်ရေးပါတီအား မဖြစ်မနေမဲထည့်ရမည်ဖြစ်ပြီး ကြံ့ခိုင်ရေးပါတီသို့ မဲမထည့်ပါက ထောင်သုံးနှစ်ချမည်ဟု နိုဝင်ဘာလ (၅) ရက်နေ့တွင် ခြိမ်းခြောက်ပြောဆိုသည်ဟု သိရှိရပါသည်။[၂၅]

## ဖြစ်ရပ် ၁၂။ မြူနီစီပါယ်အရာရှိမှ ဝန်ထမ်းများအား အလုပ်ဖြုတ်မည်ဟု ခြိမ်းခြောက်

သံလျင်ဈေးအနီးရှိ စည်ပင်သာယာရေးရုံး အမှုဆောင်အရာရှိ ဗိုလ်ကြီး စိုးနိုင်ဦးသည် ၎င်းရုံးမှ ဝန်ထမ်းများအား နိုဝင်ဘာလ ၅ ရက်နေ့တွင် ကြိုတင်မဲပေးခိုင်းခဲ့ပါသည်။ ၎င်းက 'မင်းတို့ တွေ ခြင်္သေ့ဘေးမှာ အမှန်ခြစ်ပါ။[၂၆] ငါကိုယ်တိုင် စောင့်ကြည့်နေမှာ။ ဘယ်သူပြောပြော ဘယ်အဖွဲ့ကပြောပြော ဂရုမစိုက်နဲ့။ ခြင်္သေ့ဘေးမှာမခြစ်ရင် မင်းတို့ကို အလုပ်ဖြုတ်ပစ်မယ်' ဟု ခြိမ်း

---

[၂၃] AASYC Interview

[၂၄] Burma Issues Interview

[၂၅] PWO Interview

[၂၆] The lion is the symbol used as a logo by the USDP.

ခြောက်ခဲ့ပါသည်။[၂၇]

## ဖြစ်ရပ် ၁၃။ ရယကက ဥက္ကဋ္ဌမှ လယ်သမားများအား ကြံ့ဖွံ့ပါတီအား မဲမထည့်လျှင် လယ်ကို ထပ်သိမ်းမည်ဟုခြိမ်းခြောက်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် ကျည်စုအရှေ့ရွာတွင် မဲစာရင်းကောက်ရာ၌ ဥက္ကဋ္ဌမှ လယ်သမားများအား 'ခင်ဗျားတို့ကြံ့ဖွံ့ပါတီကို မဲထည့်ရမယ်။ မဲမထည့်ရင် ခင်ဗျားတို့ လယ်ကို အရင်နှစ် ၂၀၀၉ ခုနှစ်က လယ်ဧက (၆၀၀၀) သိမ်းလိုက်တာခင်ဗျားတို့ အသိ။ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ ကြံ့ဖွံ့ပါတီကို မဲထည့်ရမယ်။ မထည့်ရင် ခင်ဗျားတို့ လယ်ဧက (၄၀၀၀) ကျော်ကို ထပ်သိမ်းရမယ်လို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အမိန့်ပေးထားတယ်' ဟု တောင်သူလယ်သမားများအား ခြိမ်းခြောက် ပြောကြားပါသည်။[၂၈]



ကြံ့ဖွံ့ပါတီဝင်များ စုရုံးနေစဉ်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ၂၀၁၀ ခုနှစ် ဇူလိုင်လ
**Photo by HURFOM**

---

[၂၇] AAPP Interview

[၂၈] AAPP Interview

အပိုင်း ၈

# မဲဆန္ဒနယ်များနှင့် မဲပေးခွင့်


မဲပေးခွင့်သည် အခြေခံအကျဆုံး နိုင်ငံရေးအခွင့်အရေးတခုဖြစ်သည်။ ရွေးကောက်ပွဲဥပဒေများ အရ ထိုအခွင့်အရေးအား ချိုးဖောက်ခြင်းသည် နိုင်ငံတကာရွေးကောက်ပွဲစံချိန်စံညွှန်းများအား ကြီးလေးစွာချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေး အဖွဲ့ အစည်းဝင် များ၊ အကျဉ်းကျနေသူများ၊ ရွေးကောက်ပွဲ ဥပဒေအား ချိုးဖောက်သူများသည် လည်း မဲပေးခွင့်ရှိသူစာရင်းမှ ဖယ်ထုတ်ထားခြင်းခံကြရပါသည်။ အချို့တိုင်းရင်းသားဒေသများ တွင် ရွေး ကောက်ပွဲမကျင်းပခြင်းသည်လည်း နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများအား အတိအလင်း ချိုးဖောက်မှု တစ်ခုပင်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စက်တင်ဘာ ၁၆ ရက် ၂၀၁၀ နေ့စွဲဖြင့် အမိန့် ၅ ခု ထုတ်ပြန်ခဲ့ပြီး ကချင်၊ ကရင်နီ၊ ကရင်၊ ရှမ်းနှင့် မွန်ပြည်နယ်တွင်းရှိ မြို့နယ် ၃၂ မြို့နယ်တွင်းမှ အချို့ဒေသများတွင် ရွေးကောက်ပွဲများကျင်းပ မည်မဟုတ်ကြောင်း ကြေညာခဲ့ပါသည်။ နိုဝင်ဘာလ ၂ ရက်နေ့တွင်မူ ပြည်ထောင်စု ရွေး ကောက်ပွဲကော်မရှင်မှ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်းရှိ နောက်ထပ်ကျေးရွာအုပ်စု ၁၂ စုနှင့် မဲဆန္ဒနယ် ၆ ခုတို့တွင် ရွေးကောက်ပွဲများ ကျင်းပမည်မဟုတ်ကြောင်းထပ်မံ ကြေညာခဲ့ပါသည်။ ထိုကြေညာချက်များအား တိုင်းရင်းသားခေါင်းဆောင်များမှ စစ်အစိုးရ အနေဖြင့် ကြံ့ဖွံ့ပါတီအနိုင်ရနိုင်ဖွယ်မရှိသည့် မဲဆန္ဒနယ်များနှင့် ထိုဒေသများမှ ယှဉ်ပြိုင်မည့်အတိုက်အခံများအား ရွေးကောက်ပွဲမှ ဖယ်ထုတ်နေခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့ကြပါသည်။ လက်တွေ့ တွင်မူ ကြံ့ဖွံ့ပါတီမှ ကြိုတင်မဲများ ကောက်ယူထားသော်လည်း အနိုင်ရရန်မသေချာသဖြင့် ထိုဒေသများအား ဖယ်ထုတ်လိုက်ခြင်း ဖြစ်ပါသည်။

မဲပေးခွင့်ရှိသူများ မဲစာရင်းမှဖယ်ထုတ်ခံထားရခြင်းနှင့် မဲပေးသည့်လုပ်ထုံးလုပ်နည်းများကြောင့် မဲပေးခွင့် ဆုံးရှုံးရသည့် ချိုးဖောက်မှုပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်ရပ်များတွင် ပင်မဲစာရင်းမှားများအားအသုံးပြုကာ ကြိုတင်မဲများ ကောက်ယူခဲ့သည့် ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ဒေသခံများ၏ အမည်များနှင့် မှတ်ပုံတင်နံပါတ်များ အား ၂၀၀၈ အခြေခံဥပဒေ ဆန္ဒခံယူပွဲတွင်အသုံးပြုခဲ့သည့်စာရင်းအတိုင်း ပြန်လည် အသုံးပြုကာ ကြိုတင်မဲများကောက်ခံခဲ့ကြပါသည်။ ရန်ကုန်တိုင်း တောင်ဒဂုံမြို့သစ် အမှတ် ၅၃ ရပ်ကွက်ရှိ အမှတ် ၂ မဲရုံတွင် မဲရုံတာဝန်ရှိသူအချို့မှ မဲပေးခွင့်ရှိသူစာရင်းအား လွှင့်ပစ်ခဲ့ကြပါသည်။ ထို့အတွက် အချို့ဒေသခံများမှာ မဲပေးခွင့် ဆုံးရှုံးခဲ့ကြရပါသည်။ အချို့ဒေသများတွင် တာဝန်ရှိသူများမှ မဲပေးသည့်ရက်တွင် ပြန်လည်ကောက်ယူရန် မဲပေးခွင့်တိုကင်များ ကြိုတင် ဝေငှထားသည့် ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါသည်။

နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့များတွင် အချို့ဒေသများတွင် ပြည်သူများမှ မဲပေးခွင့်နှင့် ပတ်သက်ပြီး ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြပါသည်။ ဆန္ဒပြသူတစ်ဦးမှ **'ရွာသားအများစုက နအဖအစိုးရရဲ့မဲပေးခွင့်ရှိတဲ့ စာရင်းထဲမှာမပါလို့ ဆန္ဒပြရခြင်းဖြစ်တယ်'** ဟု ပြောဆိုပါသည်။[၂၉]

ထိုဆန္ဒပြမှုများကြောင့် စစ်အစိုးရမှ နေဝင်မီးငြိမ်း ညမထွက်ရ အမိန့်များအား အချို့ဒေသများ တွင် ထုတ်ပြန်ခဲ့ပြီး ထိုဒေသများ၏ နဂိုရှိပြီးသား လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများ အား ပိုမိုဆိုးရွားစေခဲ့ပါသည်။ နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့များ တွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများသည် မဲဆန္ဒရှင်များမှ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား အယုံအကြည် မရှိကြောင်းနှင့် မကျေနပ်ကြောင်း ထင်ထင်ရှားရှား ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။ ဒေသခံတစ်ဦးမှ

> 'ကျွန်တော်တို့ အိမ်နီးနားချင်းတွေအားလုံးက ကြိုတင်လက်မှတ်ရကြတယ်။ ကျွန်တော်တို့က တော့မရဘူး။ ကြိုတင်ဝေပေးတဲ့သူတွေက မင်းမဲရုံသွားနိုင် လားလို့မေးတော့ မသွားနိုင်လောက် သေးဘူးလို့ ထင်တယ်လို့ ပြောပေမယ့် ကြိုတင်မဲလက်မှတ် ထုတ်မပေးခဲ့ဘူး။ ရပ်ကွက်ကလည်း ကြိုတင်ဝေထားတဲ့ မဲမရှိဘူးဆိုလို့ရှိရင် မဲရုံသွားလို့ မရဘူးလို့ ပြောလို့ မဲမထည့်ခဲ့ရဘူး။ အဲလိုမျိုး ကြိုတင်မရတာကို သူတို့က ကြိုသိတဲ့အခါကြတော့ ကျွန်တော်တို့ အနေနဲ့ အနှစ်၂၀ အတွင်းမှာ ပထမဆုံးရခဲ့တဲ့ မဲပေးခွင့် ဆုံးရှုံးခဲ့ရတယ်'[၃၀]




အချို့ဒေသများတွင် ပြည်သူများမှ ရွေးကောက်ပွဲအားဆန့်ကျင်ဆန္ဒပြကြပြီး 'မဲမပေးနဲ့' ဆိုသည့် ပိုစတာများ နေရာအနှံ့ ကပ်ထားကြသည်၊ ကရင်ပြည်နယ်

**Photo by Burma Issues**

[၂၉] Excerpt of Account 16

[၃၀] Excerpt of Account 17

## ဖြစ်ရပ် ၁၄။ ၂၀၀၈ အခြေခံဥပဒေဆန္ဒခံယူပွဲမဲပေးစာရင်းအားအသုံးပြုကာ ကြိုတင်မဲများ ကောက်ခံခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ် မယကဥက္ကဋ္ဌ ဦးစံလှိုင်နှင့် အဖွဲ့ဝင်များသည် မန်လွယ်ကျေးရွာအုပ်စုသို့ သွားရောက်ပြီး ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှ ထောက်ခံမဲပေးခဲ့သည့် အမည်စာရင်းများကို အသုံးပြု၍ ကြိုတင်မဲများကောက်ယူသွားကြောင်း သိရှိရပါသည်။ ၂၀၁၀ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံသည့် အမည်စာရင်းအား မှတ်ပုံတင်နံပါတ်များနှင့်အတူ စုစည်းကပ်ထားပြီး အမည်စာရင်းထဲတွင်ပါဝင်သည့် ဒေသခံများအား ခေါ်ယူကာ ခါတ်ပုံရိုက်ယူသွားသည်ဟု ဒေသခံတစ်ဦးမှ အောက်ပါအတိုင်း ပြောပြပါသည်။

> 'နာမည်စာရင်းတွေနဲ့ မှတ်ပုံတင်နံပါတ်တွေ အတူကပ်ထားတာတော့တွေ့တယ်။ ဒါပေမယ့် အဲဒါဘာတွက်လည်း ဆိုတာမသိကြဘူး။ နောက်မှ ဥက္ကဋ္ဌကိုမေးကြည့်မှ ဥက္ကဋ္ဌကပြောတယ်။ ဒီစာရင်းတွေက ၂၀၀၈ တုန်းက လုပ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲကို ထောက်ခံတဲ့ နာမည်စာရင်းနဲ့ မှတ်ပုံတင်နံပါတ်တွေတဲ့။ အဲဒါကို လာမယ့်ရွေးကောက်ပွဲမှာ လိုအပ်တယ်လို့ ပြောတယ်'

၂၀၀၈ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်သူ့ဆန္ဒခံယူပွဲသည်လည်း လွတ်လပ်သည့် ဆန္ဒခံယူပွဲမဟုတ်ဘဲ ဒေသခံပြည်သူများ၏ထောက်ခံမှုရရှိရန် နည်းမျိုးစုံနှင့်ခြိမ်းခြောက်ပြီး အတင်း ထောက်ခံခိုင်းခြင်းသာ ဖြစ်သည်။ ယခုကဲ့သို့ ၂၀၀၈ ထောက်ခံမဲပေးသူစာရင်းအားအသုံးပြုကာ မှတ်ပုံတင်နံပါတ်နှင့် ခါတ်ပုံများ ရိုက်ကူးသွားခြင်းသည် ကြံ့ဖွံ့ပါတီအနိုင်ရရန် ကြိုတင်မဲများ ကောက်ယူသွားခြင်းဖြစ်ပါသည်။[၃၁]

## ဖြစ်ရပ် ၁၅။ မဲဆန္ဒနယ်များအား ရွေးကောက်ပွဲမှ ဖယ်ထုတ်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုဝင်ဘာလ ၂ ရက်နေ့တွင် လွိုင်ကော်၊ ဒီမောဆို၊ ဖရူးဆို၊ ဘောလခဲ၊ ဖာဆောင်းနှင့် ရှားတောမြို့နယ်ရှိ မဲဆန္ဒနယ် ၆ နယ်မှ ကျေးရွာအုပ်စု ၁၂ စုအား ရွေးကောက်ပွဲကျင်းပမည့်စာရင်းမှ ဖျက်သိမ်းလိုက်ပါသည်။

ဖျက်သိမ်းလိုက်သည့် လွိုင်ကော်မြို့အတွင်းရှိ ကျေးရွာအုပ်စု ၃ စုမှ ဒေသခံများအား ယခင်လကတည်းက ကျေးရွာအနီးတွင်ရှိသည့် ခမရ ၅၃၀ တပ်ရင်းသို့ ခေါ်ယူပြီး ကြိုတင်မဲများ ကောက်ခံပြီးဖြစ်သည် ဟု တီးလုံကျေးရွာအုပ်စုမှ ဒေသခံတစ်ဦးက ပြောသည်။

၎င်းက 'အုပ်စုဥက္ကဋ္ဌဖြစ်တဲ့ ရွာသူကြီးတို့၊ ကျောင်းဆရာ/မတို့၊ ဆေးဆရာ/မတို့အပြင် ဒေသခံတချို့ကိုလည်း ခေါ်ပြီးတော့မှ ခါတ်ပုံရိုက်တယ်။ မှတ်ပုံတင်တွေကောက်တာတွေဘာတွေ အား

---

[၃၁] TSYO Interview

လုံးသူတို့လုပ်ပြီးပြီ။ ဒါကမဲထည့်ပြီးသား ဖြစ်တာပေါ့။ အဲဒါခုမှမလိုတော့ဘူးလို့ပြန်ပြောတယ်' ဟု ပြောပါသည်။

ထို့အပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့) တံဆိပ်ပါ မဲပြားပေါ်တွင်လည်း ရှင်းပြသည့်ပုံစံဖြင့် အမှတ်ခြစ်ခိုင်းသည်ဟုလည်း ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၁၆ ရက်နေ့ကလည်း ကရင်နီပြည် ဖရူဆိုမြို့နယ်အတွင်းရှိကေကော ကျေးရွာအုပ်စု၊ သိုသီဖိုကျေးရွာအုပ်စု၊ ရောဒေါ်ခေါ်ကျေးရွာအုပ်စု၊ ဒိုမိုစောကျေးရွာအုပ်စုနှင့် ဖာ ဆောင်းမြို့နယ် အတွင်းရှိ ကရယ်ခီး ကျေးရွာအုပ်စု၊ မိုဆာခီးကျေးရွာအုပ်စု၊ ကွာခီးကျေးရွာ အုပ်စု၊ ကော်သူဒိုးကျေးရွာအုပ်စု၊ ဘဟန်းလောကျေးရွာအုပ်စုများအားရွေးကောက်ပွဲ ကျင်းပ မည့်စာရင်းမှ ဖျက်သိမ်းလိုက်ပြီး လွိုင်ကော်မြို့နယ်မှ တီးလုံ၊ ထီးစဲခါ၊ လွယ်လင်လေးကျေးရွာ အုပ်စုနှင့် ဒီမောဆိုမြို့နယ်မှ ဒေါတမကြီး၊ နန်းမယ်ခုံ၊ လွယ်နန်းဖား၊ လိုဘာခိုကျေးရွာ အုပ်စု များကိုပါ ရွေးကောက်ပွဲကျင်းပမည့်စာရင်းမှ ဖျက်သိမ်းလိုက်ခြင်း ဖြစ်သည်။[၇၂]

### ဖြစ်ရပ် ၁၆။ မဲပေးခွင့်ဆုံးရှုံး၍ မဲဆန္ဒရှင်များ ဆန္ဒပြ

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ရွာသား ၂၀၀ ကျော်ပူးပေါင်း ပါ ဝင်ကာ ၂၀၁၀ ရွေးကောက်ပွဲအပေါ်ဆန့်ကျင်ဆန္ဒပြမှုတရပ် ကရင်ပြည်နယ် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင်ဖြစ်ပွားခဲ့ပါသည်။ ၎င်းဆန့်ကျင်ဆန္ဒပြမှုတွင် တခေါ့ခီး၊ တခေါ့ကလိုး၊ ကြာအင်း ၊ ကိုဂိုကလိုးနှင့် တကူခီးရွာများတွင်နေထိုင်သော ရွာသား ၂၀၀ ကျော်မှ

> **၁) တရားမျှတမှုမရှိသော ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ**
> **၂) စစ်မှန်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ပေါ်လာရေး**
> **၃) တိုင်းရင်းသားအားလုံး မဲပေးပိုင်ခွင့်ရှိရေး**
> **၄) စစ်မှန်သော ပြည်ထောင်စုဖြစ်ပေါ်လာရေး**

စသည့် စာတမ်းများ ကိုင်ဆောင်ကာ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအထိ ၁ နာရီကြာ တိတ် ဆိတ်စွာ လမ်းလျှောက် ဆန္ဒပြခဲ့ကြပါသည်။ ယင်းဆန္ဒပြမှုတွင်ပါဝင်သော ရွာသားတစ်ဦးမှ ၎င်းတို့ ဆန္ဒပြခြင်းအကြောင်းရင်းအား ယခုလို ပြောပြသွားခဲ့သည်။ 'နအဖ စစ်အစိုးရကလုပ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ ကျွန်တော်တို့တိုင်းသူပြည်သား အားလုံးအတွက် တရားမျှတမှု မရှိ ဘူးထင်လို့။ နောက်ပြီး ကျွန်တော်တို့ကလည်း ဒီ ၂၀၁၀ ရွေးကောက်ပွဲဖြစ်ပေါ်လာမှာကို အလို မရှိလို့ ဆန္ဒပြရခြင်းဖြစ်တယ်' ဟု ပြောပြသွားပါသည်။

တဆက်တည်းမှာပင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင်လည်း တံတားဦး၊ ကျွန်းဝိုင်း၊ ဝါ မာနှင့် ဘုရားလေးဆိပ် ကျေးရွာများမှ ရွာသား ၁၀၀ ကျော်ပူးပေါင်းကာ နံနက် ၁၁ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ လမ်းလျှောက်ကာ ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင် ဆန္ဒပြမှုထပ်မံ

---

[၇၂] Burma Issues Interview

ဖြစ်ပွားခဲ့ပါသည်။ ဆန္ဒပြမှုတွင်ပါဝင်ခဲ့သော ရွာသား ၁၀၀ ကျော်တွင် ကရင်လူမျိုး၊ မွန်လူမျိုး နှင့် ဗမာလူမျိုးများ ပါဝင်ခဲ့ကြောင်းသိရှိရပါသည်။ ယင်းရွာသားထု ၁၀၀ ကျော်မှ အဓိကဆန္ဒ ပြတောင်းဆိုခဲ့သည်မှာ 'တရားမျှတမှုမရှိသော ၂၀၁၀ ရွေးကောက်ပွဲအလိုမရှိ' ဟူ၍ ဖြစ်ပါ သည်။ ဆန္ဒပြမှုတွင် ပါဝင်ခဲ့သော ရွာသားတစ်ဦးမှ ရွာသားများဆန္ဒပြရခြင်းအကြောင်းအား ယခုလိုပြောပြသွားခဲ့ပါသည်။ 'ရွာသားအများစုက နအဖ အစိုးရရဲ့မဲပေးခွင့်ရှိတဲ့ စာရင်းထဲမှာ မပါလို့ ဆန္ဒပြရခြင်းဖြစ်တယ်' လို့ပြောပြသွားခဲ့သည်။[၃၃]

## ဖြစ်ရပ် ၁၇။ ကိုယ်တိုင် မဲမပေးခဲ့ရသည့် လင်မယားစုံတွဲ ၅ ခု

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တီးတိန်မြို့နယ် ချောတလမ်းရပ်ကွက်တွင် ကိုယ်တိုင် မဲမပေးခဲ့ရသည့် အိမ်ထောင်စု (၅) ခုမှာ

(၁) Kamkhanmang နှင့် Ching lian khuk
(၂) Suantauhman နှင့် Ngaithangvung
(၃) Chinkhanmang နှင့် Suanlunching
(၄) Dokhanmang နှင့် Yahahung
(၅) Maenchin နှင့် Paungaihchuan တို့ဖြစ်ပါသည်။

Ngaithangvung မှ ပြောပြသည်မှာ 'ကျွန်တော်တို့ အိမ်နီနားချင်းတွေအားလုံးက ကြိုတင်လက် မှတ်ရကြတယ်။ ကျွန်တော်တို့ကတော့မရဘူး။ ကြိုတင်ဝေပေးတဲ့သူတွေက မင်းမဲရုံသွားနိုင်လား လို့မေးတော့ မသွားနိုင်လောက်သေးဘူးလို့ ထင်တယ်လို့ ပြောပေမယ့် ကြိုတင် မဲလက်မှတ် ထုတ်မပေးခဲ့ဘူး။ ရပ်ကွက်ကလည်း ကြိုတင်ဝေထားတဲ့ မဲမရှိဘူး ဆိုလို့ရှိရင် မဲရုံသွားလို့မရဘူး လို့ပြောလို့ မဲမထည့်ခဲ့ရဘူး။ အဲလိုမျိုးကြိုတင်မရတာကို သူတို့က ကြိုသိတဲ့အခါကျတော့ ကျွန် တော်တို့ အနေနဲ့ အနှစ်၂၀ အတွင်းမှာ ပထမဆုံးရခဲ့တဲ့ မဲပေးခွင့် ဆုံးရှုံးခဲ့ရတယ်' ဟု ပြော သည်။[၃၄]

## ဖြစ်ရပ် ၁၈။ မဲတိုကင်ပြားလွှင့်ပစ်သောကြောင့် မဲပေးခွင့်မရ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း အမှတ် (၅၃) ရပ်ကွက်ရှိ မဲရုံအမှတ် (၂) တွင် ရွေးကောက် ပွဲအား ဆန့်ကျင်သည့် မဲရုံဝန်ထမ်းတချို့မှ မဲတိုကင်ပြားများအား လွှင့်ပစ်လိုက်သောကြောင့် မဲ မထည့်ရသည့်အခြေအနေ ဖြစ်ပွားခဲ့ပါသည်။ မဲရုံဝန်ထမ်းများမှ မဲဆန္ဒရှင်များအား မဲပေးမည့် တိုကင်ပြားများအား ကြိုတင်ထုတ်ပေးခဲ့ပါသည်။ ထိုတိုကင်ပြားရှိမှသာ မဲပေးရန်စာရွက် ရရှိ မည်ဖြစ်ပါသည်။ ထိုတိုကင်ပြားများအား မဲရုံဝန်ထမ်းများမှ လွှင့်ပစ်ခဲ့ခြင်း ဖြစ်ပါသည်။ အချို့ မဲ

---

[၃၃] Burma Issues Interview

[၃၄] CHRO Interview

ရုံများအားလည်း နှစ်ရုံကို တစ်ရုံအဖြစ်ပေါင်းလိုက်ရသည့် ဖြစ်ရပ်များရှိပါသည်။[၃၅]

## ဖြစ်ရပ် ၁၉။ မဲစာရင်းတွင် မပါ၍ မဲဆန္ဒရှင် (၉၄) ဦး မဲပေးခွင့်ဆုံးရှုံး

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် ညောင်လိမ်ကျေးရွာအုပ်စုအတွင်း ဒေသခံရွာသား တချို့သည် ရပ်ကွက်ရုံးတွင် ကပ်ထားသည့် မဲပေးခွင့်ရှိသူများ စာရင်းထဲတွင် အမည်မပါရှိသည့် အတွက် ကြောင့် မဲပေးပိုင်ခွင့် အခွင့်အရေး ဆုံးရှုံးခဲ့သည်။ ညောင်လိမ် ကျေးရွာအုပ်စုတွင် အိမ်ခြေ ၁၄၅၄ အိမ်ရှိပြီး ထိုအထဲမှ ၉၄ ဦး မဲပေးခွင့်ဆုံးရှုံးခဲ့ပါသည်။[၃၆]

## ဖြစ်ရပ် ၂၀။ ဘူးသီးတောင်တွင် မဲပေးခွင့်မရရှိခဲ့သူ (၁၀၀၀) ခန့်ရှိ

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့ပေါ်တွင် ပြည်သူ (၁၀၀၀) ခန့် မဲပေးနိုင် သည့် စာရင်းတွင် မဖော်ပြထား၍ မဲပေးခွင့် ဆုံးရှုံးခဲ့ရသည်။ မဲပေးနိုင်သည့် အမည်စာရင်း ကောက်ယူစီစစ်မှုများတွင် ရပ်ကွက်အလိုက် ၎င်းတို့ကို လာရောက်စီစစ် မှတ်တမ်းတင်မှုများ ရှိ ခဲ့သော်လည်း မဲပေးသည့်နေ့ မဲရုံတွင်ရှိသော မဲပေးနိုင်သူစာရင်းတွင် ၎င်းတို့နာမည်များ မပါရှိ ခဲ့ပါ။[၃၇]

## ဖြစ်ရပ် ၂၁။ အာဏာပိုင်များမှ မဲမပေးနိုင်ရန်လုပ်ဆောင်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မုန်းနကျေးရွာနေ အိမ်ထောင်စု ၁၀ စု မဲပေးခွင့် ဆုံးရှုံးခဲ့ သည်။ ဖြစ်စဉ်မှာ ရွေးကောက်ပွဲမတိုင်မီ ကာလတွင် အာဏာပိုင်များသည် ဝိုင်းမော်မြို့နယ် မုန်း နကျေးရွာနေ အိမ်ထောင်စု ၁၀ စုအား မဲပေးရန် တိုကင်ပြားများပေးဝေခဲ့သည်။ သို့သော် ရွေး ကောက်ပွဲရက်နီးလာသည့်အခါ ဝေပေးခဲ့သည့် တိုကင်ပြားများကို အာဏာပိုင်များမှ လိုက်လံ သိမ်းဆည်းမှုပြုခဲ့သည့်အတွက် မဲပေးခွင့်မရခဲ့ပါ။[၃၈]

---

[၃၅] Yoma3 Interview

[၃၆] Yoma3 Interview

[၃၇] AASYC Interview

[၃၈] KWAT Interview

အပိုင်း ဃ

# ကြိုတင်မဲများ[၃၉]

ရွေးကောက်ပွဲမသမာမှုများတွင် ကြိုတင်မဲများ ကောက်ယူခြင်းနှင့် မဲထည့်ခြင်းတို့သည် အဓိက အခန်းမှ ပါဝင်လျှက်ရှိပါသည်။ ဆေးရုံတင်ထားရသည့် မဲဆန္ဒရှင်များ၊ တာဝန်ထမ်းဆောင်နေရသည့် စစ်ဖက်ဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းတပါးရောက်နေသည့် မဲဆန္ဒရှင်များကဲ့သို့ မဲဆန္ဒရှင်များသည် ဥပဒေအရ ရွေးကောက်ပွဲမတိုင်ခင် ကြိုတင်မဲပေးခွင့်ရှိသူများ ဖြစ်ကြပါသည်။ ရွေးကောက်ပွဲရလဒ်များတွင် ကြိုတင်မဲမသမာမှုများသည် အရေးပါသည့် အခန်းမှ ပါဝင်နေပြီး လေ့လာသိရှိရသလောက် ထိုမသမာမှုများကြောင့် ရွေးကောက်ပွဲ၏ သိက္ခာနှင့်ဂုဏ်သတင်းအား များစွာထိခိုက်စေပါသည်။[၄၀]

> 'ကျနော်တို့လေ့လာ မိသလောက် သူတို့အနေနဲ့ ကြိုတင်မဲအများစုမှာ သူတို့ဘာသာသူတို့ ခြစ်ထားတာလည်း ရှိတယ်။ ပြီးတော့ သူတို့ပါတီကနေပြီး ရပ်ကွက်အဆင့်အာဏာပိုင်တွေကိုသုံးပြီး ဒေသခံတွေကို သူတို့ရှေ့မှာတင် ခြသေ့်အကွက်မှာ အမှန်ခြစ်ခိုင်းခဲ့တဲ့ ဖြစ်ရပ်တွေ တစ်ပုံကြီးရှိခဲ့တယ်လေ။ အဲဒီအတွက် သူတို့က မဲတွေကိုအခုပေါင်းလိုက်တော့ မဲပေးပိုင်ခွင့်ရဲ့ ၆၀ ရာခိုင်နှုံးလောက်ကို သူတို့ရသွားပြီပေါ့၊ ဒါကြောင့် သူတို့နိုင်ခဲ့ပေမယ့် ကျနော်တို့အတွက် အဆန်း မဟုတ်ဘူးလို့ ပြောချင်တယ်။ အခုကျနော်ပြောသွားတာဟာ ကျနော်တို့ဒေသမှာ ဖြစ်သွားတာတွေကို အပိုအလိုမရှိ ပြောပြတာပါ' ဟု မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှ ရွာသားတစ်ဦးကပြောသည်။[၄၁]

မဲဆန္ဒရှင်များ၏ သဘောတူညီချက်မပါပဲ (သို့) မသိလိုက်ပဲ ကြိုတင်မဲများ ကောက်ယူခြင်း၊ မဲထည့်ခြင်းနှင့် လျို့ဝှက်မဲပေးခွင့်ကို ချိုးဖောက်ခြင်းတို့ကဲ့သို့ ရွေးကောက်ပွဲ မသမာမှုများ အား ရွေးကောက်ပွဲကာလတလျှောက် လေ့လာ မှတ်တမ်းတင်ခဲ့ပါသည်။ မဲဆန္ဒရှင်တယောက်မှ 'ညဘက်မဲသွားပေးရတာ ၃ ရက်နေ့နဲ့ ၄ ရက်နေ့ နှစ်ရက် ရှိပြီ။  ညရောက်ပြီဆိုရင် သူတို့က အသိအိမ်တစ်အိမ်မှာ မဲသွားပေးကြတယ်။ မဲပေးတဲ့ပုံစံက စည်းစနစ်မကျဘူး။ ဘာဖြစ်လို့ လဲဆိုတော့

---

[၃၉] The information regarding early votes was primarily collected from soldiers and government employees.

[၄၀] Burma Fund UN office, Burma's 2010 elections: a comprehensive report, p. 29; Transnational Institute, A changing Ethnic landscape: analysis of Burma's 2010 polls, p. 2.

[၄၁] Excerpt of account 30

မဲပေးတဲ့အချိန်မှာ မဲရုံမှာလည်း မဟုတ်ဘူး။ အသိတစ်ယောက်အိမ်မှာ ဖြစ်နေတယ်။ ပြီးတော့ မဲထည့်တဲ့အချိန်မှာလည်း လျှို့ဝှက်မဲ ပုံစံလည်း မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူဘာထည့်လဲဆိုတာ မြင်နေရတယ်' ဟု ဖွင့်ဟခဲ့ပါသည်။[၆၂] အာဏာပိုင်များမှ မဲခိုး၍တစ်မျိုး မဲပြောင်းကာတဖုံဖြင့် လည်း ကြိုတင်မဲများရရှိရန် လုပ်ဆောင်ခဲ့ကြပါသည်။ ကြံ့ဖွံ့ပါတီဝင်များမှ ရန်ကုန်မြို့အချို့နေရာများတွင် သန်းခေါင်စာရင်းကောက်ဟန်ဆောင်၍ ကြိုတင်မဲများ လိမ်ညာရယူခဲ့ကြပါသည်။

ထို့အပြင် မဲဆန္ဒရှင်များအား ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ကာ ကြံ့ဖွံ့ပါတီအား အတင်းအကျပ် မဲထည့်ခိုင်းသည့် ဖြစ်ရပ်များလည်းဖြစ်ပွားခဲ့ပါသည်။ အစိုးရတာဝန်ရှိသူများသည်လည်း ကြံ့ဖွံ့ပါတီမဲရရေးအတွက် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်ရန် အကျပ်ကိုင်ခြင်းများ ရင်ဆိုင်ခဲ့ကြရပါသည်။ အာဏာပိုင်များမှ ဝန်ထမ်းများအား ကြံ့ဖွံ့ပါတီအား မဲပေးရန်နှင့် မဲပေးသည့်အခါ ဖွင့်ထားသောစာအိတ်များတွင်ထည့်၍ ဌာနဆိုင်ရာအထက်လူကြီးများထံ ပေးအပ်ရန် ညွှန်ကြားခဲ့ပါသည်။ မဲဆန္ဒရှင်တစ်ဦးမှ ၄င်းနေထိုင်သည့် ကျေးရွာမှမဲဆန္ဒရှင်များအား မည်သည့် အကြောင်းကြောင့် ကြိုတင်မဲပေးခိုင်းသည်ကို မရှင်းကြောင်း ယခုကဲ့သို့ပြောဆိုပါသည်။ 'ဝန်ထမ်းလဲမဟုတ်၊ ကျန်းမာရေး မကောင်းသူလည်းမဟုတ်ဘူး၊ အဝေးရောက်နေတာလဲ မဟုတ်ဘူး၊ ၇ ရက်နေ့ မဲရုံကို မသွားနိုင်တဲ့ သူတွေလည်း တစ်ယောက်မှ မဟုတ်ကြဘူး။ ဘာကြောင့် မဲရုံကော်မရှင်တွေက မဲလာပေးခိုင်းလဲဆိုတာ ကျမတို့လည်း တိတိကျကျမသိဘူး'[၆၃]

ကြိုတင်မဲရေတွက်ရာတွင် မသမာမှုများစွာဖြစ်ပွားခဲ့သည့်အတွက် ရွေးကောက်ပွဲ၏ တရားမျှတမှုနှင့် ဂုဏ်သိက္ခာ ရှိမှုအား များစွာထိခိုက်စေခဲ့ပါသည်။ ကြိုတင်မဲရေတွက်ပြီးနောက် အာဏာပိုင်များမှ ရွေးကောက်ပွဲရလဒ်အား နောက်ပိုင်းရက်များတွင် ကပြောင်းကပြန် ကြေညာခဲ့ပါသည်။ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်မဲဆန္ဒနယ်မှ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအား ကိုယ်စားပြုကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ အငြိမ်းစား မော်ကွန်းထိန်းတစ်ဦးသည် ရွေးကောက်ပွဲအပြီး မဲရေတွက်မှုအရ အနိုင်ရခဲ့သော်လည်း ရေလုပ်သားများထံမှ ဟုဆိုသော ကြိုတင်မဲများထည့်ပေါင်းပြီးသည့်အခါတွင် မဲ ၇ မဲနှင့် ရှုံးနိမ့်ခဲ့ရပါသည်။[၆၄] ရွေးကောက်ပွဲနေ့တွင် မဲရုံသို့မသွားနိုင်သူ မဲဆန္ဒရှင်များအတွက်သာ ရည်ရွယ်ထားသည့် ကြိုတင် မဲဥပဒေအားထောက်ပြကာ ကြံ့ဖွံ့ပါတီအားမျက်နှာသာပေးသည့် ကြိုတင်မဲများထည့်သွင်းခြင်း ကိစ္စအားဖြေရှင်းပေးရန် ဒီမိုကရက်တစ်ပါတီမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တောင်းဆိုခဲ့ပါသည်။

## ဖြစ်ရပ် ၂၂။ ကြိုတင်မဲများ ညအချိန်တွင်ပေးခဲ့ရ

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ မန်အောင်ကျေးရွာရှိ ရွာသူ၊ရွာသားအချို့

---

[၆၂] Excerpt of account 22

[၆၃] Ibid.

[၆၄] ND-Burma found that on occasions actual winners eventually lost after authorities added advance votes and announced results. More detailed information on advance votes count and announcement of results can be found on Section F of this report.

နိုဝင်ဘာလ (၃) ရက်နေ့နှင့် (၄) ရက်နေ့ ည (၇) နာရီတွင် မဲရုံမဟုတ်သည့်နေရာများ၌ သွားရောက်ကာ ကြိုတင်မဲပေးကြရကြောင်း သိရှိရပါသည်။

> 'ညဘက်မဲသွားပေးရတာ ၃ ရက်နေ့နဲ့ ၄ ရက်နေ့ နှစ်ရက်ရှိပြီ။ ညရောက်ပြီဆိုရင် သူတို့က အသိအိမ်တစ်အိမ်မှာ မဲသွားပေးကြတယ်။ အစတုန်းက နမ့်ခမ်းမှာ ကြားရတာက ဝန်ထမ်းတွေလောက်ပဲ မဲပေးကြမယ်ပေါ့။ ဝန်ထမ်းတွေက ရွေးကောက်ပွဲနေ့ဆိုရင် တခြားမဲရုံမှာ စောင့်ကြည့်ရမယ်ဆိုတော့ သူတို့က ကြိုတင်မဲတွေ သွားပေးရတယ်။ ဒါပေမယ့် အခုဟာ က ဝန်ထမ်းလဲမဟုတ်၊ ကျန်းမာရေး မကောင်းသူလည်း မဟုတ်ဘူး၊ အဝေးရောက် နေတာလဲမဟုတ်ဘူး၊ ၇ ရက်နေ့ မဲရုံကို မသွားနိုင်တဲ့ သူတွေလည်း တစ်ယောက်မှ မဟုတ်ကြဘူး။ ဘာကြောင့် မဲရုံကော်မရှင်တွေက မဲလာပေးခိုင်းလဲဆိုတာ ကျမတို့လည်း တိတိကျကျမသိဘူး' ဟု ဒေသခံတစ်ဦးမှ ပြောပြခဲ့ပါသည်။

ထို့ပြင် မဲပေးသူတွေအတွက် မဲရုံလည်းမရှိသလို မဲထည့်ရန် မဲပုံးလည်းများလည်း မရှိချေ။ မဲပေးသည့် အချိန်တွင်လည်း တစ်ဦးနှင့် တစ်ဦး မြင်နေကြရပြီး မဲခြစ်ပြီးပါက မိမိ၏မဲကို စာအိတ်ထဲထည့်ပြီး (ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ်များဖြစ်ကြသူ) ဦးညီဆက်နှင့် ဦးဆမ်တီးဆိုသူ နှစ်ဦးက ယူဆောင်သွားကြောင်း သိရှိရပါသည်။

> 'မဲပေးတဲ့ပုံစံက စည်းစနစ်မကျဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မဲပေးတဲ့ အချိန်မှာ မဲရုံမှာလည်း မဟုတ်ဘူး။ အသိတစ်ယောက်အိမ်မှာ ဖြစ်နေတယ်။ ပြီးတော့ မဲထည့်တဲ့အချိန်မှာလည်း လျှို့ဝှက်မဲ ပုံစံလည်း မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူဘာထည့်လဲဆိုတာ မြင်နေရတယ်။ မဲပေးတဲ့စာရွက်ကို စာအိတ်ထဲမှာ ထည့်လိုက်တယ်။ ပြီးတော့ ဦးညီဆက်နဲ့ ဦးဆမ်တီးတို့နှစ်ယောက်က ယူသွားလိုက်တယ်။ သူတို့ လုပ်ပုံလုပ်နည်းတွေ ဘာမှ နားမလည်ဘူး။သူတို့ ဒီလိုမျိုးလုပ်တာ မဲကြေညာတဲ့အချိန်မှာ ခြသေ့်ကိုပဲ ထည့်တယ်လို့ လိမ်လည်ပြီး ပြောမှာ စိုးရိမ်တယ်။ ဒီနေ့မနက်အထိ ထပ်ကြားရတာကတော့ ကျမတို့မာန်အောင်မှာ မဲပေးတဲ့သူတွေ ထက်ဝက်ရှိနေပြီလို့ ပြောတယ်'[၅၅]

## ဖြစ်ရပ် ၂၃။ ကြံ့ဖွံ့ပါတီအတွက် ကြိုတင်မဲများ အတင်းအကျပ်ကောက်ယူ

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် မြေပုံမြို့နယ်တို့တွင် နိုဝင်ဘာလ (၁) ရက်နေ့မှ စတင်ပြီး အစိုးရဝန်ထမ်းများ အားလုံးကို ကြိုတင်မဲပေးခိုင်းနေပြီး ကြံ့ဖွံ့ပါတီကို သာမဲပေးရန်နှင့် ပေးထားသည့် မဲများကို ဌာနအရာရှိမှ စီစစ်ပြီး ရွေးကောက်ပွဲကော်မရှင်ထံ

[၅၅] PWO Interview

သို့ပေးပို့ရန် မြို့နယ်အသီးသီးရှိ မယကတို့မှ ညွှန်ကြားခဲ့သည်။[၄၆]

### ဖြစ်ရပ် ၂၄။ ချင်းပြည်နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ မဲမသမာမှု

တီးတိန်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) တွင် ကြံ့ခိုင်ရေးပါတီနှင့် ၎င်း၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတို့မှ ဦး Winmang နှင့် အိမ်မိနီနားချင်း မဲပေးနိုင်ခွင့်ရှိသူများ၏ ဆန္ဒမဲများကို ဦး Winmang အား ကိုယ်းစားပြုမဲပေးသည့်ပုံစံဖြင့် ကြိုတင်မဲများ ပေးခိုင်းထားသောကြောင့် ရွေးကောက်ပွဲနေ့တွင် ၎င်းမဲဆန္ဒရှင်များ မဲပေးခွင့်မရ တော့ကြောင်း ချင်းအမျိုးသားပါတီ (CNP) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ဆရာ Thangpi မှ ပြောပြခဲ့ပါသည်။[၄၇]

### ဖြစ်ရပ် ၂၅။ အစိုးရဝန်ထမ်းများ ကြိုတင်မဲလျှို့ဝှက်စွာပေးခွင့်ဆုံးရှုံး

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ရသေ့တောင်မြို့နယ်တွင် မယကဥက္ကဋ္ဌမှ ဝန်ထမ်းများထံမှ ကြိုတင်မဲများ ကောက်ယူခဲ့သည်။ အစိုးရဝန်ထမ်းများအားလုံးကို နိုဝင်ဘာလ (၄) ရက်နေ့မှ စတင်၍ ဌာနအလိုက်မဲပေးရန်လည်း ညွှန်ကြားခဲ့သည်။ မဲဖြတ်ပိုင်းများထည့်သည့် စာအိတ်များကို မပိတ်ပဲ ဌာနအကြီးအကဲထံသို့ အပ်နှံရမည်ဟုလည်း ညွှန်ကြားထားခဲ့သည်။[၄၈]

### ဖြစ်ရပ် ၂၆။ မဲဆန္ဒရှင်မသိလိုက်ပဲ ကြိုတင်မဲပေးခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ ဦးဂမ်ခိုလာလ် အသက် (၃၅) နှစ်ခန့် (မဲအမှတ်စဉ် ၂၅၂၀) သည် နိုဝင်ဘာလ ၆ ရက် နေ့တွင် အခြားသော ပုဂ္ဂိုလ်တစ်ဦးမှ ၎င်း၏ ကိုယ်စား ကြိုတင်မဲပေးခဲ့သဖြင့် ၎င်းအနေဖြင့် မဲပေးခွင့် ဆုံးရှုံးခဲ့ရပါသည်။[၄၉]

### ဖြစ်ရပ် ၂၇။ ကြိုတင်မဲဖြင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ရှုံးနိမ့်

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ပထဝီဝင်ဌာန မော်ကွန်းထိန်း (ငြိမ်း) စာရေးဆရာ ဆရာထွန်းရွှေခိုင်

---

[၄၆] AASYC Interview

[၄၇] CHRO Interview

[၄၈] AASYC Interview

[၄၉] KWAT Interview

သည် ပထမ မဲရေတွက်စဉ် နိုင်နေပြီး ဘင်္ဂလီလူမျိုးငါးဖမ်းသမားများ၏ ကြိုတင်မဲကိုရေတွက်ရာတွင်မှ (၇) မဲဖြင့် ကြံ့ဖွံ့ကိုယ်စားလှယ်ကို ရှုံးနိမ့်ခဲ့ရသည်။[၅၀]

### ဖြစ်ရပ် ၂၈။ မသမာသည့်နည်းလမ်းဖြင့် ဒေါပုံမြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကကြိုတင်မဲ ကောက်ယူ

ကြံ့ဖွံ့ပါတီဝင်များဖြစ်သော ဒေါပုံမြို့နယ်ကြံ့ခိုင်ရေးပါတီအတွင်းရေးမှူး ဦးဝင်းနိုင် (ဂန္ဓဝင်အရက်ဆိုင်)၊ စည်းရုံးရေးမှူး (၁) ဦးမြင့်ဆွေ (၂) ဦးဟန်သိန်း (၃) ဦးကျော်နိုင်နှင့် အခြားအဖွဲ့ဝင်များဖြစ်သည့် နိုင်လင်းအောင်၊ လှအေး၊ လှမိုးကျော်တို့သည် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်ရှိ ဗိုလ်တေဇလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းမြတ်လမ်း၊ မေတ္တာလမ်း၊ သစ္စာလမ်း၊ မင်းနန္ဒာလမ်းနှင့် ဗိုလ်လရောင်လမ်းများတွင် ၂၀၁၀ ခုနှစ် စက်တင်ဘာ လလယ်ပိုင်းမှစ၍ တစ်ရက်ကိုတစ်လမ်း နှုန်းဖြင့် ကြိုတင်မဲ လိမ်လည်ကောက်ခံခဲ့ကြပါသည်။ ၎င်းတို့ကောက်ခံပုံမှာ စက်တင်ဘာ ၁၇ ရက်နေ့တွင် ဗိုလ်တေဇလမ်းရှိနေအိမ်များသို့ သွားရောက်ပြီး သန်းခေါင်စာရင်းခေါ် အိမ်ထောင်စု စာရင်း တောင်းပြီး ၁၈ နှစ်အထက်ရှိသူများအားလုံးကိုယ်စား အိမ်ထောင်ဦးစီး (သို့) မိသားစုဝင် တစ်ယောက်အား လက်မှတ်ရေးထိုးခိုင်းပါသည်။ ထို့နောက် ‘ခင်ဗျားတို့ ဘယ်ဘဲသွားသွား သွားလို့ရတယ်။ ဒါရွေးကောက်ပွဲအတွက်ထိုးခိုင်းတာပါ။ ခင်ဗျားတို့မဲပေးစရာ မလိုတော့ဘူးပေါ့’ ဟုပြောပါသည်။ တချို့မိသားစုများအား ‘ဒီမှာ လက်မှတ်ထိုးပြီးရင် မဲပေးစရာ မလိုတော့ဘူး။ ခင်ဗျားတို့ကိုယ့်အလုပ်ရှိရင်လဲ လုပ်နိုင်တာပေါ့။ လာစရာ မလိုတော့ဘူးပေါ့’ ဟုပြောပါသည်။ ထူးခြားသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်မိသားစုများကို ရှောင်လွှဲသွားပါသည်။[၅၁]

### ဖြစ်ရပ် ၂၉။ အတင်းအကျပ် ကြိုတင်မဲပေးခိုင်းခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ ဒေါ်မုတ်ခေါန်ရာအား ရပ်ကွက်အာဏာပိုင်များမှ ကြိုတင်မဲလာ ထည့်ရန် နှစ်ကြိမ်တိုင်တိုင် အတင်းအကျပ် ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ဆန္ဒမရှိဘဲ ကြိုတင်မဲထည့်ခဲ့ရသည်။ ဒေါ်မုတ်ခေါန်ရာသည် ကျန်းမာရေးကောင်းသည့်အပြင် ရွေးကောက်ပွဲနေ့တွင်လည်း ခရီးသွားမည့် အစီအစဉ် ဘာတစ်ခုမှ မရှိပါ။ ထိုနည်းတူ ၎င်းရပ်ကွက်အတွင်းနေထိုင်သော ဒေါ်လုဂျာနှင့် သားသမီး (၃) ဦးတို့သည် ရပ်ကွက်အာဏာပိုင်များမှအတင်းအကျပ် ကြိုတင်မဲထည့်ရန် ခိုင်းစေခြင်းကြောင့် ဆန္ဒမရှိဘဲ ကြိုတင်မဲ ထည့်ခဲ့ရသည်။ ၎င်းတို့သည် ကျန်းမာရေးကောင်းကြပြီး ခရီးသွားရန်လည်း မရှိပါ။ ဝန်ထမ်းလည်းမဟုတ်ကြပါ။[၅၂]

---

[၅၀] AASYC Interview

[၅၁] AAPP Interview

[၅၂] KWAT Interview

### ဖြစ်ရပ် ၃၀။ ရွာသားများကိုယ်စား ရွာသူကြီးမှ မဲထည့်ခြင်း

ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စုရှိ နော်ပါလာရွာနှင့် ဟွေဟွယ်ရွာသည် အိမ်ခြေ ၄၀ နှင့် ၄၂ အိမ်ရှိသော လားဟူလူမျိုး အများစုနှင့် အခါလူမျိုးများ နေထိုင်နေရာဖြစ်သည်။

ကျိုင်းတုံမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ စည်းရုံးရေးမှူး ဦးရာမွေလှရှဲသည် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကြံ့ဖွံ့ပါတီဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စည်းရုံးရေးဟောပြောပွဲလာလုပ်ပါသည်။ 'လားဟူပါတီကို လုံးဝ မဲမထည့်ရဘူး။ လားဟူပါတီကိုမဲထည့်ရင် ခင်ဗျားတို့အတွက် ဘာအခွင့်အရေးမှ မပေးဘူး' ဟု ခြိမ်းခြောက် ပြောဆိုခဲ့သည်။ ထိုရက်တွင်ပင် ၁၈ နှစ်အထက်ရှိသူအားလုံး ကြံ့ဖွံ့ပါတီ အတွက် ကြိုတင်မဲထည့်ရမည်။ ခရီးလွန်နေသော သူများ အတွက် သက်ဆိုင်သော မိသားစုမှ ကိုယ်စားမဲ ထည့်ရမည်ဟု ခြိမ်းခြောက်သည့်အတွက် ရွာသားအားလုံး ကြံ့ဖွံ့ပါတီအား မဲထည့်ခဲ့ရပါသည်။ ရွေးကောက်ပွဲ ကျင်းပသော နိုဝင်ဘာလ ၇ ရက်နေ့တွင် မိုင်းခွန်အုပ်စုအတွက် မဲပုံးထားသော ပန်လီရွာသို့ ရွာသားတစ်ယောက်မျှ မလာရဘဲ ရွာသူကြီးတစ်ဦးသာ နော်ပါလာရွာအတွက် မဲ (၁၁၀) နှင့် ဟွေဟွယ်ရွာအတွက် မဲ (၁၀၀) ကို ကြံ့ခိုင်ရေးပါတီအတွက် လာရောက်ထည့်ခဲ့သည်။ အမှန်တကယ်တွင် နော်ပါလာရွာသူရွာသားများသည် လားဟူပါတီအား မဲထည့်ရန် ရွာလုံးကျွတ် သဘောတူပြီးသားဖြစ်သည်။[၅၃]

### ကိုယ်တိုင်မဲပေးနိုင်သူများ၏ မဲများကို ကာယကံရှင်မသိဘဲ ကြိုတင်မဲအဖြစ် အာဏာပိုင်များက ကြိုပေးလိုက်ခြင်း

> 'ကျနော်သိသလောက်ကတော့ သက်ဆိုင်ရာ မဲရုံအာဏာပိုင်တွေကနေပြီး မဲဆန္ဒရှင်တွေ အားလုံးအတွက် မဲပြားတွေထုတ်မပေးခဲ့တာကို အခုတွေ့နေ ရတယ်။ ပြီးတော့ အဲဒီမဲပြားတွေက ကြိုတင်မဲစာရင်းအနေနဲ့ ပြီးခဲ့တဲ့ရက် တွေတုန်းက ထည့်ထားလိုက်ပြီဆိုတာကို ကြံ့ဖွံ့ပါတီဝင် မင်းဦးက ပြောပါတယ်။ ကျနော်တို့လေ့လာ မိသလောက် သူတို့အနေနဲ့ ကြိုတင်မဲအများစုမှာ သူတို့ ဘာသာသူတို့ ခြစ်ထားတာလည်းရှိတယ်။ ပြီးတော့ သူတို့ပါတီကနေပြီး ရပ်ကွက် အဆင့်အာဏာပိုင်တွေကိုသုံးပြီး ဒေသခံတွေကို သူတို့ ရှေ့မှာတင် ခြသေ့်အကွက်မှာ အမှန်ခြစ်ခိုင်းခဲ့တဲ့ ဖြစ်ရပ်တွေ တစ်ပုံကြီးရှိခဲ့တယ်လေ။ အဲဒီအတွက် သူတို့က မဲတွေကို အခုပေါင်းလိုက်တော့ မဲပေးပိုင်ခွင့်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကို သူတို့ရသွားပြီပေါ့၊ ဒါကြောင့် သူတို့နိုင်ခဲ့ပေမယ့် ကျနော်တို့အတွက် အဆန်းမဟုတ်ဘူးလို့ ပြောချင်တယ်။ အခုကျနော်ပြောသွားတာဟာ ကျနော်တို့ဒေသမှာ ဖြစ်သွားတာတွေကို အပိုအလိုမရှိ ပြောပြတာပါ' ဟု မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှ ရွာသားတစ်ဦး က

---

[၅၃] KWAT Interview

ပြောသည်။[၃၄]

**ဖြစ်ရပ် ၃၁။ ကြံ့ဖွံ့ပါတီအတွက် ကြိုတင်မဲများကိုသာလက်ခံ**

ချင်းပြည်နယ် Lamzang ရွာတွင် သက်ကြီးရွယ်အိုတစ်ယောက်အား ကြံ့ဖွံ့ပါတီအတွက်မဟုတ်သောကြောင့် ကြိုတင်မဲပေးခွင့်မပြုကြောင်းသိရှိရသည်။ ထိုအသက် (၆၀) ကျော်ရှိသော Nungaichim ခေါ် နာမကျန်းဖြစ်နေသော အဘွားအိုက ကြိုတင်မဲပေးချင်သော်လည်း CNP ပါတီအား မဲပေးချင်သည်ကို သိသောအခါ သူကြီးကကြိုတင်မဲကုန်သွားပြီဟု ပြောဆို၍ ကြိုတင်မဲပေးပိုင်ခွင့်ကို ငြင်းဆန်ခဲ့သည်။ ယခင်က သူမသည် CNP ပါတီဝင်ဖြစ်ပြီး ပါတီစည်း ရုံးရေးဆင်းသည့်အခါနှင့် ဟောပြောပွဲလုပ်ရာတွင် အိမ်ရှင်အဖြစ် လက်ခံခဲ့သူဖြစ်ကြောင်း လည်းသိရှိရသည်။[၃၅]

**ဖြစ်ရပ် ၃၂။ မန်ခမ်းအုပ်စုတွင် စာမတတ်သူများနှင့် ကလေးငယ်များကို ကြိုတင်မဲပေးခိုင်း**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်၊ မန်ခမ်းအုပ်စုတွင် မဲရုံမှူးကိုယ်တိုင် သက်ကြီးရွယ်အိုများအတွက် ကိုယ်တိုင် လက်မှတ်ထိုးပြီး ကိုယ်စားမဲပေးနေကြောင်း သိရှိရပါသည်။ မန်ခမ်းအုပ်စုအတွင်းရှိ သက်ကြီးရွယ်အိုများသည် ကြိုတင်မဲသွားပေးချိန်တွင် စာမတတ်သူများနေသဖြင့် မဲရုံမှူးကိုယ်တိုင် ဝင်ခွင့်လက်မှတ်နှင့် နာမည်ကိုရေးထိုးပေးပါသည်။

ထို့အပြင် မဲလာမပေးနိုင်သော သက်ကြီးရွယ်အိုများအတွက်လည်း အသက် ခြောက်နှစ်မှရှစ်နှစ်အရွယ်ရှိ ကလေးငယ်များကို ကိုယ်စား သွားပေးခိုင်းသည်ဟု သိရှိရပါသည်။

> ‘မနေ့တုန်းက မန်ခမ်းမှာ မဲတွေစပေးနေတယ်။ အဓိကတော့ သက်ကြီးရွယ်အိုတွေက မဲသွားပေးကြတယ်။ သူတို့က မနက်ဖြန်ဆိုရင် လူများမယ်ဆိုတော့ သူတို့ကို ကြိုတင်မဲတွေ သွားပေးခိုင်းတယ်။ တချို့ဆိုရင် နားမကောင်းဘူး။ မျက်စိမကောင်းကြဘူး။ ပြီးတော့ သူတို့တွေ စာမတတ်ကြဘူး။ စာမတတ်တော့ သူတို့ဝင်ခွင့်လက်မှတ်နဲ့ နာမည်ကို မဲရုံမှူးကပဲရေးပေးတယ်။ ပြီးတော့ မဲသွားပေးတဲ့အချိန်မှာလည်း သူတို့က စာမတတ်တော့ မဲရုံမှူးက ဘယ်ပါတီကို ခြစ်ရမလဲဆိုတာကိုလည်း လက်ညှိုးထိုးပြီး မဲပေးခိုင်းတယ်။ တချို့သက်ကြီးတဲ့ သူတွေအတွက်ဆိုရင် မဲရုံမှူးကိုယ်တိုင်က ခြစ်ပေးလိုက်တယ်။ တချို့ကျတော့ အသက်ကြီးတော့ မဲရုံကို မလာနိုင်ဘူး။ မလာနိုင်တဲ့အတွက် အသက် ခြောက်နှစ်၊ ရှစ်နှစ်လောက် ကလေးတွေကို ကိုယ်စားသွားခြစ်ခိုင်းရတယ်။ မဲရုံမှူးက နမ့်ခမ်းမြို့နယ်ထဲက ပလောင်လူမျိုး ဖြစ်ပါ

[၃၄] HURFOM Interview

[၃၅] CHRO Interview

တယ်’ ဟု မန်ခမ်းအုပ်စုတွင် မဲသွားပေးသူတစ်ဦးမှ ပြောပြခဲ့ပါသည်။[၅၆]

ယခုကဲ့သို့ သေချာစွာကြီးကြပ်ခြင်းမရှိပဲ အစားထိုးမဲပေးခြင်းနှင့် ကိုယ်စားမဲပေးခြင်း တို့ကြောင့် မဲရေတွက်ရာနှင့် မဲရလဒ်များအား များစွာထိခိုက်နိုင်ခြေရှိပါသည်။

## ဖြစ်ရပ် ၃၃။ ကြံ့ဖွံ့ပါတီအားမျက်နှာသာပေးသည့် ကြိုတင်မဲများထည့်သွင်းခြင်းကိစ္စအား ဖြေရှင်းပေးရန် ဒီမိုကရက်တစ်ပါတီမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တောင်းဆို

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တရားမဝင်ကြိုတင်မဲ ကောက်ယူနေခြင်းများနှင့် ပတ်သက်ပြီး ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အား ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။ နည်းလမ်းမကျသည့် ကြိုတင်မဲ ကောက်ခံမှုများကို ကန့်ကွက်ထားသည့်စာအား အောက်တိုဘာလ ၂၉ ရက်နေ့တွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ လိပ်မူ၍ ပေးပို့ခဲ့သည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသုဝေမှ ပြောဆိုခဲ့သည်။ အချက်လေးချက်ပါ ထိုကန့်ကွက်စာတွင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်များတွင် မဲရုံသို့ မသွားနိုင်သူများမှအပ ကြိုတင်မဲပေးခြင်းကို ခွင့်ပြုထားခြင်း မရှိကြောင်း၊ သို့သော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဒေသခံ ရယက၊ မယက အဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မဲဆန္ဒရှင်ပြည်သူများအား လှည့်စားပြီးလည်းကောင်း၊ အခွင့်အရေးပေးရေးပြီး လည်းကောင်း၊ ခြိမ်းခြောက်ပြီးလည်းကောင်း ကြိုတင်မဲရယူရန်အတွက် လုပ်ဆောင်နေမှုများ ရှိနေကြောင်း သက်သေသာဓကများနှင့်အတူ ရေးသားတင်ပြထားသည်ဟု ဖေါ်ပြခဲ့သည်။[၅၇]

---

[၅၆] PWO Interview

[၅၇] AAPP Interview

အပိုင်း ၄

# ရွေးကောက်ပွဲနေ့

ရွေးကောက်ပွဲများကျင်းပသော ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်း မြောက်များလှစွာသော ရွေးကောက်ပွဲများနှင့်ဆက်စပ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မဲမသမာမှုများ ဖြစ်ပွားခဲ့ပါသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ပြုစုခဲ့သော အစီရင်ခံစာများအရ ရွေးကောက်ပွဲနေ့တွင်လည်း ရွေးကောက်ပွဲဥပဒေများနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများအား ချိုးဖောက်မှုပေါင်းများစွာနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်းများစွာ ရှိကြောင်း တွေ့ရပါသည်။ မှတ်တမ်းပြုစုထားသည့် ချိုးဖောက်မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများတွင် မဲရုံများထံသွားရောက်ခွင့်နှင့် ဝင်ရောက်လေ့လာခွင့်များအား တင်းကျပ်စွာပိတ်ပင်ထားမှုများ၊ မဲဆန္ဒရှင်များ၏ဆန္ဒမပါပဲ သို့မဟုတ် မသိလိုက်ပဲ မဲပေးလိုက်ရခြင်းနှင့် မဲဆန္ဒရှင်များအား ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့်ကာ အတင်းအကျပ် မဲပေးခိုင်းခြင်းများ ပါဝင်ပါသည်။ မဲဆန္ဒရှင်များမှာ ကြံ့ဖွံ့ပါတီအား မဲပေးရန်အတွက် ကြံ့ဖွံ့ပါတီဝင်များနှင့် ၎င်းတို့ ကိုယ်စားလှယ်များ၊ စစ်ဖက်ဝန်ထမ်းများ၏ ခြိမ်းခြောက်မှုများ ရင်ဆိုင်ခဲ့ရပါသည်။ မှတ်တမ်း ကောက်ယူခဲ့သည့် ဖြစ်ရပ်များအရ မဲဆန္ဒရှင်များအား ကြံ့ဖွံ့ပါတီအား မဲပေးရန်အတွက် ဖိအားမျိုးစုံပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ မွန်ပြည်နယ် ညောင်ကုန်းကျေးရွာနေ ပြည်သူတစ်ဦးမှ မဲဆန္ဒရှင်များအား ကြံ့ဖွံ့ပါတီကို မဲပေးရန်အတွက် အကျပ်ကိုင်ဖိအားပေးရန် မဲရုံတာဝန်ရှိသူများအား အာဏာပိုင်များမှ ညွှန်ကြားခဲ့ကြောင်း သတင်းပို့ခဲ့ပါသည်။ ဧရာဝတီတိုင်း ဆင်ကူဝါးကုန်း ကျေးရွာတွင် အာဏာပိုင်များမှ အသံချဲ့စက်များသုံး၍ပင် မဲဆန္ဒရှင်များအား အတိအလင်း ခြိမ်းခြောက်ခဲ့ပါသည်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးမှလည်း တစ်အိမ်တက်၊ တစ်အိမ်ဆင်းလုပ်၍ 'ရွေးကောက်ပွဲနေ့တွင် မဲမပေးပါက ရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် ကိုယ့်ပြဿနာ ကိုယ်ရှင်းရမည်' ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။[၅၈]

အခြားမဲမသမာမှုပေါင်းများစွာလည်း မဲရုံများတွင်ဖြစ်ပွားခဲ့ပါသည်။ မဲရုံများထံသွားခွင့်နှင့် ဝင်ရောက်လေ့လာခွင့်၊ တိကျမှန်ကန်သော မဲအစီရင်ခံမှုနှင့် လျှို့ဝှက်မဲပေးခွင့်တို့နှင့် ပတ်သက်၍ ရွေးကောက်ပွဲဥပဒေများနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစံချိန်စံညွှန်းများအား ချိုးဖောက်မှုပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ မှတ်တမ်းပြုစုထားသော အစီရင်ခံချက်များမှ မဲရုံများတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ကြံ့ဖွံ့ပါတီဝင်များနှင့် ကိုယ်စားလှယ်ပေါင်းများစွာ ရှိနေကြကြောင်း သက်သေပြနေကြပါသည်။ ထိုကဲ့သို့ မဲရုံများတွင် လူပေါင်းများစွာရှိနေသည့်အတွက် မည်သူတို့သည် ကြံ့ဖွံ့ပါတီဝင်များနှင့် ကိုယ်စားလှယ်များ ဖြစ်ကြပြီး မည်သူတို့သည် မဲရုံတာဝန်ရှိသူများဖြစ်ကြောင်း မသဲကွဲတော့ပါ။ ရွေးကောက်ပွဲ ဥပဒေအရ နိုင်ငံရေးပါတီများ အနေဖြင့်

---

[၅၈] Excerpt of Account 52

မဲရုံနှင့် ကိုက် ၅၀၀ အတွင်းမည်သည့် မဲဆွယ်မှုမျိုးမှ မလုပ်ရန် တားမြစ်ထားသော်လည်း ဥပဒေချိုးဖောက်ပြီး မဲဆွယ်ခဲ့သော ချိုးဖောက်မှုပေါင်းများစွာ ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ် စက်ရုံစမ်းရပ်ကွက်ရှိ မဲရုံတစ်ရုံတွင် ကြံ့ဖွံ့ပါတီဝင် ၁၅၀၀ ခန့်မှ မဲရုံအားဝန်းရံ ထားကြပြီး မဲလာပေးသူမဲဆန္ဒရှင်များအား အနှောက်အယှက်ပြုခဲ့ကြပါသည်။ အချို့နေရာများတွင် ကြံ့ဖွံ့ပါတီဝင်များမှ မဲရုံများတွင်စောင့်နေကြပြီး မဲဆန္ဒရှင်များထံမှ မဲပြားများအား အတင်းအကျပ်ယူကာ ကြံ့ဖွံ့ပါတီအတွက် မဲပေးသည့် အကွက်တွင်ခြစ်၍ မဲဆန္ဒရှင်များကိုယ်စား မဲထည့်ခဲ့ကြပါသည်။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အာဏာပိုင်များမှ ကြံ့ဖွံ့ပါတီ မဲဆွယ်လက်ကမ်းစာစောင်များကိုင်လာကြသည့် မဲဆန္ဒရှင်များသာ မဲရုံတွင်းသို့ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ ထိုမဲရုံတွင်

> 'ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ်မှတပါး အခြားပါတီကိုယ်စားလှယ် တစ်ဦးမှမရှိသောကြောင့် ၄င်းတို့စိတ်ထင်တိုင်း လုပ်ဆောင်ခဲ့ကြပါသည်။'[၅၉]

အကြိမ်ကြိမ်အထပ်ထပ် မဲပေးခြင်းနှင့် မဲဝယ်ခြင်းတို့သည်လည်း ရွေးကောက်ပွဲနေ့တွင်ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများ ဖြစ်ကြပါသည်။ မဲပေးခွင့်ရှိသူစာရင်းနှင့်ပတ်သက်သည့် ပြဿနာများနှင့် ထိုစာရင်းများအား အလွဲသုံးစား ပြုမှုများသည် ရွေးကောက်ပွဲနေ့တင်မက နောက်ပိုင်းရက်များတွင်ပါ ဆက်လက်ဖြစ်ပွားခဲ့ပြီး ၄င်းဖြစ်ရပ်များအားလည်း မှတ်တမ်းတင်ထားပါသည်။ ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် အချို့မဲဆန္ဒရှင်များ အနေဖြင့်မဲပေးရန်မဲရုံများသို့ သွားခဲ့သော်လည်း ၄င်းတို့အား မဲပေးရန် တိုကင်ပြားများ ဝေငှထားခြင်း မရှိသဖြင့် မဲပေးခွင့်မရခဲ့ကြပါ။၄င်းတို့သည် မှတ်ပုံတင်များ ယူဆောင်သွားကြသော်လည်း မဲပေးခွင့်မရကြပါ။ မွန်ပြည်နယ် ကမနိုးကျေးရွာမဲရုံမှူးမှ မှတ်ပုံတင်များ ယူလာကြသော်လည်း မဲပေးခွင့်ရှိသည့်စာရင်းထဲတွင်မပါဟုဆိုကာ အချို့ မဲဆန္ဒရှင်များအား မဲပေးခွင့် မပြုခဲ့ပါ။ ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်ရှိ မုံးဝဲနှင့် မုံးပူကျေးရွာများတွင် ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှူးတစ်ဦးမှ မဲပြား ၅၀၀ အားလိုအပ်လျှင် ကြံ့ဖွံ့ပါတီအတွက် အသုံးပြုရန် သိမ်းထားကြောင်း ဒေသခံတစ်ဦးမှ ပြန်ပြောပြပါသည်။ ထိုစည်းရုံးရေးမှူး မှပင် ကလေးသူငယ်များအား အတင်းအကျပ်ပြုကာ ၄င်းအတွက် မဲပေးခိုင်းသည့်အပြင် အချို့မဲဆန္ဒရှင်များအား ၄င်းအတွက် မဲကိုအထပ်ထပ် ပေးခိုင်းခဲ့ပါသည်။[၆၀] ရှမ်းပြည်နယ်နမ့်ခမ်းမြို့နယ် အောင်မေတ္တာရပ်ကွက် မဲရုံအမှတ် ၂ တွင်ကိုယ်စားလှယ်လောင်း တစ်ဦးမှ လူပေါင်း ၁၅၀ အား တစ်ဦးလျှင် ၇၅၀၀ ကျပ်နှုန်းပေးကာ ၄င်းအားမဲ



ဒေသဆိုင်ရာ အာဏာပိုင်များမှ မဲဆန္ဒရှင်များအား ကြံ့ဖွံ့ပါတီအား မဲပေးခိုင်း၊ မွန်ပြည်နယ်

**Photo by HURFOM**

[၅၉] Excerpt of Account 49

[၆၀] For more detailed information please see Account 43

ထည့် ခိုင်းခဲ့ပါသည်။ ထို့အတွက် ထိုရပ်ကွက်တွင် မဲပေးသည့်လူဦးရေမှာ မဲပေးပိုင်ခွင့်ရှိသူ ၄၀၆၈ ဦးထက် ၁၅၀ ကျော်ကာ မဲပေးခဲ့ပါသည်။[၆၁]

နိုင်ငံရေးပါတီဝင်အဖြစ် အတင်းအကျပ်ဝင်ခိုင်းခြင်း၊ မဲရုံဖွင့်ချိန်များအား အလွဲသုံးစားလုပ်ခြင်း၊ မဲရုံများတွင် ရွေးကောက်ပွဲဥပဒေချိုးဖောက်ခြင်းနှင့် မဲရုံများတွင်း ဝင်ရောက်မဲပေးခွင့်နှင့် လေ့လာခွင့်တို့အား ပိတ်ပင်ခြင်းများ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပွားခဲ့ပါသည်။ ချင်းပြည်နယ် လိုင်တွီကျေးရွာတွင် ကျေးရွာနေပြည်သူများမှာ ကြံ့ဖွံ့ပါတီဝင်အဖြစ် ပါတီဝင်ကဒ်များ အတင်း အကျပ်အပေးခံရသည့်အပြင် ကြံ့ဖွံ့ပါတီအားမဲပေးရန်အတွက် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြိမ်းခြောက်ခံခဲ့ကြရပါသည်။

နိုင်ငံရေးပါတီအများအပြားနှင့် တသီးပုဂ္ဂလများမှ ရွေးကောက်ပွဲနေ့တွင်ဖြစ်ပွားခဲ့သော မသမာမှုများအား ဖြေရှင်းပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တင်ပြတိုင်တန်းခဲ့ကြပါသည်။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များစွာမှာ ကြံ့ဖွံ့ပါတီဝင်များပင် ဖြစ်နေကြသဖြင့်ထိုသို့ တင်ပြတိုင်တန်းခဲ့ကြသော်လည်း အတိုက်အခံနိုင်ငံရေးပါတီများ အနေဖြင့်တိုင်တန်းချက်များ ဘက်လိုက်ခံရမည့် အရေးကြောင့် တိုင်တန်းချက်များအား ဖြေရှင်းပေးမည့် လုပ်ငန်းစဉ်အပေါ် များစွာ မျှော်လင့်ချက် မထားနိုင်ကြပါ။[၆၂] တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သူ ဦးတင်ဦးမှ ကြံ့ဖွံ့ပါတီမှ ကျူးလွန်ခဲ့သည့်မသမာမှုများအား အထောက်အထားပြုစု မှတ်တမ်းတင်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ခေါင်းဆောင်ပိုင်းအား တင်ပြရန် အစီရင်ခံစာ တစ်စောင်ပြင်ဆင်ခဲ့ပါသည်။ ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ကြံ့ဖွံ့ပါတီ၏ ရွေးကောက်ပွဲ မသမာမှုများနှင့် ရွေးကောက်ပွဲ ဥပဒေချိုးဖောက်မှုများနှင့် ပတ်သက်သည့်တိုင်တန်းချက်များအား လုံးဝလျစ်လျူရှုခဲ့သည်ဟု ဦးတင်ဦးမှ ဆိုပါသည်။ ကြံ့ခိုင်ရေးပါတီသည် ကြိုတင်မဲကောက်ခြင်း အပါအဝင်ကော်မရှင် ဥပဒေများအား ချိုးဖောက်သည်ဆိုသည့် တိုင်ကြားချက် စွပ်စွဲချက်များအား ပြည်ထောင်စု ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ အရေးမယူလျစ်လျူရှုထားသလို ကြံ့ခိုင်ရေးပါတီခေါင်းဆောင်များမှလည်း စွပ်စွဲချက်များအပေါ် တစ်စုံတစ်ရာ ဝန်ခံခြင်း၊ ငြင်းဆိုခြင်းမလုပ်ဘဲ မီဒီယာအား ရှောင်နေကြပါသည်။[၆၃]

## မဲရုံများ

### ဖြစ်ရပ် ၃၄။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ မဲရုံကိုယ်စားလှယ် ဦးတင်ဦးမှ ကြံ့ဖွံ့ပါတီ၏ မသမာမှုများကို ထုတ်ဖော်ပြောဆို

ပဲခူးမြို့မှ ကြံ့ဖွံ့ပါတီ၏ မဲမသမာမှုအား တစည ပါတီအမတ်လောင်း ဦးကောင်းမြတ်စံ၏ ကိုယ်စားလှယ်ဖြစ်သူဦးတင်ဦးက ကိုယ်တိုင်မြင်ခဲ့ရသည်များအား ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ 'မ

---

၆၁ For more detailed information please see Account 40

၆၂ Burma Fund UN office, Burma's 2010 elections: a comprehensive report, p. 36

၆၃ Excerpt of Account 34

ဇင်းဇေဝန် ၆ လမ်းမဲရုံမှာ ကျနော်တို့ဝင်သွားချင်းချင်းပဲ ကော်မရှင်လို့ တံဆိပ်ထိုးထားတဲ့ ပုဂ္ဂိုလ်တွေကနေ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ လူမျိုးစု လွှတ်တော် ဆန္ဒမဲပေးတဲ့အခန်းလေးတွေမှာ တစ်ပေါက်ကိုတစ်ယောက်စီ စောင့်တယ်၊ မဲဆန္ဒရှင်တွေ မဲလာထည့်တဲ့အချိန်မှာ 'ခြသေ့်ကိုထည့်ပါ၊ ခြသေ့်ကိုမဲပေးပါ' လို့လည်းပြောတယ်။နောက် သက်ကြီးရွယ်အိုတွေက မဲဘယ်လိုပေးရမှန်းမသိလို့ မေးတဲ့အခါမှာလည်း ကူညီသလိုနဲ့ ကျနော် ခြစ်ပေးမယ်ဆိုပြီးတော့ဝင် ခြစ်သွားတယ်၊ သူတို့ဘာသူတို့လိုက်ခြစ်ပြီးတော့သူတို့ဘာသာသူတို့ပဲ မဲပုံးထဲထည့်ပေးတယ်၊ အဲဒါကို ကျနော်က ဒီလိုတော့မလုပ်သင့်ပါဘူး၊ ဒါတော့ ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက်နဲ့လည်း မညီဘူး၊ ဒါကို မဲရုံမှူးတို့၊ ရပ်ကျေးကော်မရှင်ဥက္ကဋ္ဌတို့ အဖွဲ့ဝင်တို့ တားပေးသင့်ပါတယ် လို့ပြောပါတယ်။ သူတို့ ဘာပြန်ပြောလဲဆိုတော့ 'မမြင်လိုက်ဘူး၊ မသိလို့၊ သူတို့လုပ်သွားတာပါလို့' ပြန်ဖြေတယ်။' မဲရုံတာဝန်ရှိသူတွေ ကိုယ်တိုင်ကြံ့ခိုင်ရေးပါတီအတွက် မဲထည့်ခိုင်းသည်ကို နောက်မဲရုံတစ် ရုံမှာပါမြင်ခဲ့ပုံနဲ့ မဇင်းရပ်ကွက်မဲရုံတွင် ရပ်ကွက်တာဝန်ရှိသူများကိုယ်တိုင် ရွေးကောက်ပွဲ ဥပဒေချိုးဖောက်ပြီး ကြံ့ခိုင်ရေးပါတီအတွက် မဲမသမာမှုများ ကျူးလွန်ခဲ့ပါသည်ဟု ၄င်းက ဆိုပါသည်။ 'အဲလိုဘဲ သတင်းပေးချက်တစ်ခုက ပဲခူးမြို့ ဇေဝန်ရပ်ကွက် ၂ ပေ့ါ၊ မဲရုံကတော့ တစ်ရုံထဲ ကို ၁၁၃၅ အဲလို တပ်ထားတယ်၊ အဲဒီမဲရုံကိုဝင်စစ်လိုက်တဲ့ အခါကျတော့ တော်တော် အခြေအနေ ဆိုးဆိုးဝါးဝါးတွေ့ရတယ်၊ ဦးရှဖီးဆိုတဲ့ ပုဂ္ဂိုလ်က အခုနကလို မဲရုံပေါက်တွေမှာ ဝင်ပြီးတော့ 'ကြံ့ခိုင်ရေးကိုထည့် ခြသေ့်ကိုထည့်'၊ အဲ့လို လိုက်ပြောတယ်၊ အဲတော့ ကျနော်က တားတယ်၊ တားတော့ 'ခင်ဗျားက ဘာကောင်လဲ၊ ဘယ်သူခြစ်နေတာကို ခင်ဗျားမြင်လဲ' လို့ မေးပါတယ်။ အဲဒီမှာ ၂ ယောက်၊ တစ်ယောက်ကတော့ နာမည်မေးတာကို မဲရုံမှူးကမဖြေဘူး၊ သူကိုယ်တိုင်ကလည်း မဖြေဘူး၊ ရင်ဘတ်မှာ တော့ တံဆိပ်တွေထိုးထားတာ၊ သူတို့ကိုယ်တိုင် မဲရုံအတွင်းထဲမှာ ပြည်ခိုင်ဖြိုးပါတီ အနိုင်ရရှိ ရေးအတွက် ခြသေ့်ခြစ်ပါ၊ လိုက်ပြောတယ်၊ နောက်မဇင်းရပ်ကွက် မဲရုံ ၁ အဲဒီမှာကျတော့ ရယကဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ သူတို့ကိုယ်တိုင် ကော်မရှင်တံဆိပ်တုံး ဝင်ထိုးပြီးတော့ ပြည်ခိုင်ဖြိုးပါတီ အနိုင်ရရှိရေးကို မဲရုံတွင်း မဲဆွယ်တယ်။' ထိုမသမာမှုများအား အစီရင်ခံစာ ပြုစုပြီး တစညပါတီ ထိပ်ပိုင်းတာဝန်ရှိသူများထံ တင်ပြသွားမည်ဟု ဦးတင်ဦးက ပြောပါသည်။ ကြံ့ခိုင်ရေးပါတီသည် ကြိုတင်မဲကောက်ခြင်း အပါအဝင် ကော်မရှင်ဥပဒေများအား ချိုးဖောက်သည်ဆိုသည့် တိုင်ကြားချက် စွပ်စွဲချက်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ အရေးမယူ လျစ်လျူရှုထားသလို ကြံ့ခိုင်ရေးပါတီ ခေါင်းဆောင်များမှလည်း စွပ်စွဲချက်များ အပေါ် တစ်စုံတစ်ရာ ဝန်ခံခြင်း၊ ငြင်းဆိုခြင်း မလုပ်ဘဲ မီဒီယာအား ရှောင်နေကြပါသည်။[၆၄]



မဲရုံတာဝန်ရှိသူတဦးမှ မဲဆန္ဒရှင်များအား ကြံ့ဖွံ့ပါတီအား မဲပေးခိုင်း

——— **Photo by HURFOM**

---

[၆၄] AAPP Interview

## ဖြစ်ရပ် ၃၅။ ခရီးဝေးမှ မဲလာပေးသူများ စောင့်ဆိုင်းရန်နေရာမရှိခြင်း

တာချီလိတ်မြို့နယ်၊ မုန်းကို ကျေးရွာအုပ်စုမှ မဲကော်ဝမ် အလယ်တန်းကျောင်းကို ရွေးကောက်ပွဲနေ့ တွင် မဲရုံပြုလုပ်ရန်အတွက် ရွေးကောက်ပွဲမတိုင်မီ နိုဝင်ဘာလ ၁ ရက်မှ ၅ ရက်နေ့ထိ ပိတ်ထားခဲ့ပါသည်။ မဲကော်ဝမ် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာ၁၃ ရွာမှခရစ်ယာန် သင်းအုပ်ဆရာများမှအပ ခရစ်ယာန်တရားဟောဆရာများ၊ အစိုးရဝန်ထမ်းများ၊ ပြည်သူပြည်သားအားလုံး တစ်ချိန်တည်း မဲပေးရမည်ဟု ကျေးရွာအုပ်စု ကြံ့ဖွံ့ပါတီ ခေါင်းဆောင် ဦးချမ်းမြမှ အမိန့် ပေးခဲ့ပါသည်၊ကျေးရွာ ဥက္ကဋ္ဌများကိုလည်း မဲလာပေးသူများကို ကူညီ ရန်တရားဝင် ညွှန်ကြားချက်ပေးထားပါသည်။ သို့သော်လည်း ကျေးရွာတာဝန်ရှိသူများက မဲပေးရန် ရောက်လာသူများကို မည်သည့် အကူအညီမျှ မပေးသဖြင့် ကျေးရွာ ၁၃ ရွာမှ ရောက်လာကြသော ရွာသူရွာသားများမှာ မဲပေးရန် စောင့်နေစဉ်အတွင်း နားနေရန် နေရာမရှိပဲစောင့်



မဲရုံပိတ်ပြီးနောက် မဲရုံတာဝန်ရှိသူများမှ ကြိုတင်မဲများပေါင်းထည့်၊ မွန်ပြည်နယ်

**Photo by HURFOM**

နေရခြင်း၊ အပေါ့အလေးစွန့်ရန် အခက်အခဲဖြစ်ကြရပြီး နေ့လည်စာ ထမင်းလည်း မစားရသည့်အပြင် ရေ သောက်စရာပင် မရှိသည့် အဖြစ်မျိုးကြုံတွေ့ခဲ့ရပါသည်။[၆၅]

## ဖြစ်ရပ် ၃၆။ ချင်းပြည်နယ် ဟားခါးမြို့တွင် မဲရုံများကို တရားဝင်သတ်မှတ်ထားချိန်အတိုင်း မဖွင့်

ချင်းပြည်နယ် ဟားခါးမြို့တွင် မဲရုံများအားလုံးကို မနက် ၅ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရန် သတ်မှတ်ထားသော်လည်း မဲရုံမှူးများသည် သတ်မှတ်ထားသောစည်းကမ်းကို ချိုးဖေါက်၍ သတ်မှတ်ချိန်ထက် ၂ နာရီ နောက်ကျပြီးဖွင့်ခဲ့ကြပါသည်။

ရွေးကောက်ပွဲပြုလုပ်သည့် နိုဝင်ဘာလ ၇ ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်သောကြောင့် ခရစ်ယာန် ထုံးစံအရ အားလပ်ရက်ဖြစ်နေသောကြောင့် ချင်းတိုင်းရင်းသား ခရစ်ယာန်ဘာသာဝင်များ အနေနှင့် ခရစ်ယာန် ဘုရားကျောင်းသို့ မသွားခင် မဲပေးရန်အတွက်အချိန်မပေးနိုင်ခဲ့ကြပါ။ ဒေသခံအမျိုးသမီးတစ်ဦး ပြောပြသည်မှာ ‘မနက်ပိုင်းမှာ ဘုရားကျောင်း ကို ပုံမှန်ဝတ်ပြုဆုတောင်းဖို့သွားချင်တယ်၊ နေ့ခင်းပိုင်းကျမှ မဲသွားပေးမယ်လို့ တွေးထားတာ၊ ဒါပေမယ့် မဲပေး

---

[၆၅] LWO Interview

ဖို့ ဘုရားကျောင်းမသွားခင် သွားခဲ့တာ ဘာမဲမှမပေးခဲ့ရဘူး၊ ဘုရားကျောင်းရောက်တဲ့အချိန် ကျတော့ ၉ နာရီထဲက ဝတ်ပြုဆုတောင်းတာကစနေပြီ။ ဒီတော့ ထမင်းဟင်းချက်ရတာနဲ့ အဝတ်အစားလဲရတာနဲ့ ငါတို့မှာ မဲပေးဖို့ အချိန်မရှိတော့ဘူး။ နောက်ပြဿနာတစ်ခုက မဲရုံ တွေက စည်းကမ်းနည်းလမ်းတကျ ဘာမှလုပ်ထားတာမရှိဘူး၊ မဲပေးဖို့ သွားတဲ့သူတွေက သူတို့ရဲ့ နာမည်နဲ့ မဲပေးခွင့်စာရင်းနံပါတ်ကို ကိုယ့်ဖာသာရှာရတယ်၊ အဲ့ဒါကြောင့် ဘုရားကျောင်းမှာ ဝတ်ပြုဆုတောင်းတဲ့ အလုပ်ကရှိနေတော့ မဲမပေးပဲပြန်လာခဲ့တယ်။’[၆၆]

## ဖြစ်ရပ် ၃၇။ ကြံ့ဖွံ့ပါတီဝင်များ မဲရုံအတွင်း ခြေရှုပ်

မဲပေးသူပြည်သူများအကြား မည်သူက မဲရုံဝန်ထမ်း၊ မည်သူက ကြံ့ဖွံ့ပါတီဝင်မှန်း မကွဲပြား လောက်အောင် ကြံ့ဖွံ့ပါတီဝင်များ မဲရုံအတွင်း ခြေရှုပ်နေကြသည့်အတွက် ကြံ့ဖွံ့ပါတီအား မဲမ ထည့်ပါက နောက်ဆက်တွဲ ပြဿနာရှာမှုများ ကြုံတွေ့ရမည်ကို စိုးရိမ်သည့် စိတ်ဖိစီးမှုများလည်း မုဒုံမြို့နယ်ရှိ  မဲပေးသူပြည်သူများ ခံစားကြရသည်။

‘ကမာဝက် (စိန်တောင် မဲဆန္ဒနယ်) ဘက်မှာ မဲလိမ်ခဲ့တာတွေတော့ အများကြီးရှိတယ်။ နံပါတ် တစ်က ဘယ်သူက မဲရုံဝန်ထမ်း၊ ဘယ်သူက ကြံ့ဖွံ့ပါတီဝင်လဲဆိုတာ ကွဲကွဲပြားပြား မသိရဘူး။ အထူးသဖြင့် မဲရုံမှာ တာဝန်ထမ်းနေတဲ့ ဆရာမတွေဆိုလို့ရှိရင် ကြံ့ဖွံ့ပါတီဝင်လိုပဲ ဝတ်စုံတွေ က ဆင်ထားတယ်။ အဲ့လိုဆိုတော့ နဂိုကတည်းကမှ ကြံ့ဖွံ့တွေကို ပြဿနာကောင်တွေလို့ သိ ထားတဲ့ပြည်သူတွေက မဲရုံဝန်ထမ်းလားမသိ၊ ကြံ့ဖွံ့ပါတီဝင်မှန်း မသိတဲ့ မဲရုံထဲကလူတွေနဲ့ တွေ့ တော့ စိုးရိမ်စိတ်ဖြစ်တာပေါ့နော်၊ ဘယ်လိုဖြစ်လဲဆိုတော့ သူတို့ကြံ့ဖွံ့ကိုမထည့်ရင် နောက် ဆက်တွဲပြဿနာရှာလေမလားဆိုပြီးတော့ပေါ့။’[၆၇]

# မဲဝယ်ခြင်းနှင့် မဲခိုးခြင်း

## ဖြစ်ရပ် ၃၈။ ရှမ်းပါတီမဲများကို ကြံ့ခိုင်ရေးမဲအဖြစ် ဦးကျော်မြင့် ငွေပေးပြောင်းခိုင်း

ရှမ်းပြည်နယ်နမ့်ခမ်းမြို့နယ် ဖာလင်အုပ်စု၊ မန်ပိန်းကျေးရွာနှင့် မန်မိုင်ကျေးရွာမှ ရှမ်းတိုင်းရင်း သားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအား မဲပေးထားသည့်စာရင်းကို ကြံ့ခိုင်ရေးတံဆိပ်ပြောင်းပေး ရန်အတွက် ရွာသားများကို ပန်းဆေး ဦးကျော်မြင့်မှ ပိုက်ဆံပေးကာ ခိုင်းစေခဲ့ကြောင်း သိရှိ ရပါသည်။  ၂၀၁၀ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နမ့်ခမ်းမြို့နယ် ဖာလင်အုပ်စု မန်ပိန်း ကျေးရွာနှင့် မန်မိုင်ကျေးရွာတွင် ရှမ်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအတွက် ထည့် ထားသည့် မဲပြားများကို ကြံ့ခိုင်ရေးပါတီမဲပြားအဖြစ် ပန်းဆေးဦးကျော်မြင့်မှ ပြန်လည်၍ ပြောင်းခိုင်းနေသည်။ ၄င်းမဲပြားကို ပြောင်းပေးသည့်သူ တစ်ဦးလျှင် ငွေ (၅၀၀၀) ငါးထောင်

---

[၆၆] CHRO Interview

[၆၇] HURFOM Interview

ကျပ်ပေးပြီး စည်းရုံးနေကြောင်းကိုလည်း ဒေသခံတစ်ဦးမှ ပြောပြသွားပါသည်။[၆၈]

## ဖြစ်ရပ် ၃၉။ တရားမဝင် ကိုယ်စားမဲထည့်ခြင်း

ညောင်တုန်းမြို့နယ် ဖောင်ဦးချောင်းကျေးရွာအုပ်စု  မဲရုံအမှတ် (၄) တွင် မဲရုံမှူးမှာ ဦးညွန့် သိုက်၊ ဒုတိယမဲရုံမှူးမှာ ဦးစည်သူအောင်တို့ ဖြစ်ပြီး ထားရှိသောမဲပုံးများမှာ တစည၊ ကြံ့ခိုင် ဖွံ့ဖြိုးရေးနှင့် ကရင်ပါတီတို့ ဖြစ်ပါသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးကိုယ်စားလှယ်များဖြစ်ကြသော ဦး မောင်မှ (၁)မခင်နှင်းမိုး၊ (၂)အောင်ကိုဝင်း၊ (၃)နော်မေဆွိ၊ (၄)အောင်ကျော်သွေးတို့ကိုယ်စား ၎င်း၊  ဦးစိုးမှ (၁)ဒေါ်အေးမင်း၊ (၂)ဒေါ်စောတင်၊ (၃)ဒေါ်အေးသန်း၊ (၄)ဦးဝင်းညွန့်၊ (၅) အောင်မျိုးဦး၊ (၆)မောင်ထိုက် တို့ကိုယ်စား ဆန္ဒမဲထည့်သွားပါသည်။[၆၉]

## ဖြစ်ရပ် ၄၀။ ပန်းဆေးကျော်မြင့် ငွေပေးစည်းရုံး

နမ့်ခမ်းမြို့ရှိ အောင်မေတ္တာရပ်ကွက် မဲရုံအမှတ် (၂) တွင် မဲပေးနိုင်သည့်ဦးရေနည်းသော်လည်း မဲပေးသည့်နေ့တွင် မဲပေးသူဦးရေ ပိုများပြားပြီး ဦးကျော်မြင့် ငွေပေးပြီးမဲကို ထပ်ခါထည့်ပေး သည်ဟု သိရှိရပါသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ အောင်မေတ္တာရပ်ကွက် မဲရုံအမှတ် (၂) တွင် မဲပေးနိုင်သည့် လူဦးရေစာရင်း သည် စုစုပေါင်း (၄၀၆၈) ဦးရှိပြီး မဲပေးသည့် နေ့တွင် မဲပေးသူစာရင်းဦးရေ (၁၅၀) ပိုနေ ကြောင်း။ ထိုအယောက် (၁၅၀) သည် နမ့်ခမ်းမြို့ရှိ အချို့သော ပြည်သူလူထုနှင့် ပန်းဆေး ရွာသူရွာသားများကို ဦးကျော်မြင့်က ငွေပေး၍ အောင်မေတ္တာရပ်ကွက် မဲရုံအမှတ် (၂) တွင် မဲသွားရောက် ထည့်ခိုင်းနေကြောင်း၊ တစ်ဦးလျှင် ငွေ (၇၅၀၀) ကျပ်ပေးပြီး မဲထည့်ခိုင်းနေ ကြောင်း ဒေသခံတစ်ဦးက ပြောပါသည်။ ‘ပိုမဲတွေဖြစ်မှာပေါ့။ ပန်းဆေးကျော်မြင့် က မဲပေး သူကို ငွေတွေပေးပြီး မဲတွေ အထပ်ထပ်အခါခါ ပေးခိုင်းတယ်။ တစ်ယောက်ကို ၇၅၀၀ ကျပ် တောင် ပေးထားတယ်။’[၇၀]

## ဖြစ်ရပ် ၄၁။ ကြံ့ဖွံ့ပါတီမှ မဲလက်မှတ်များလုယူ

ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ (၇) ရက်နေ့တွင် မွန်ပြည်နယ် ဒေသအသီးသီး၌ မနက် ၆ နာရီတွင် မဲရုံများစတင်ဖွင့်လှစ်ခဲ့သည်။ မုဒုံမြို့နယ်ရှိ မဲရုံများတွင် ကြံ့ဖွံ့ပါတီဝင်များမှ ကျူး လွန်သည့် မဲမသမာမှုများရှိခဲ့ရာ ကော့ခလွယ်ရွာသားတစ်ဦးက ၎င်းကြုံတွေ့ခဲ့ရသည့် အဖြစ်

---

[၆၈] PWO Interview

[၆၉] AAPP Interview

[၇၀] PWO Interview

အပျက်အား ယခုလိုပြောသည်။ 'ကျနော်တို့ သိခဲ့သလောက်က အခုမူဒုံမြို့နယ်က ကော့ခ လွယ်မဲရုံမှာ ကြံ့ဖွံ့ပါတီဝင်တွေက မဲပေးတဲ့သူဆီကနေ မဲလက်မှတ်တွေ လုယူပြီးတော့ (လုယူ သည်ဟု ဆိုသော်လည်း အတင်းယူသည့်အဆင့်သာ ရှိသည်။ အရပ်စကားဖြင့် အတင်းလု ယူသည်ဟု ဆိုလိုခြင်းဖြစ်နိုင်သည်) ပြည်ခိုင်ဖြိုးပါတီ (ကြံ့ဖွံ့) နေရာမှာ ခြစ်ပြီးတော့ မဲထည့် တာလို့ လူတွေက ပြောတာပေါ့။ သူတို့က မဲရုံမျက်နှာစာမှာနေနေတယ်။ တစ်ချို့ မဲရုံထဲမှာ တောင် အဝင်အထွက် လုပ်နေတာတွေ တွေ့ခဲ့ရတယ်။ ဘယ်သူကြံ့ဖွံ့၊ ဘယ်သူမဲရုံဝန်ထမ်း အဲ ဒီလိုကွဲကွဲပြားပြား မသိရဘူး။ အခု ကျနော်တွေ့ခဲ့တဲ့ ပုံစံက မဲအတင်းလုခဲ့တဲ့ ပုံစံ၊ ဖြစ်ခဲ့တာက မနက် ၇း၄၀ အချိန်မှာပေါ့။'[၇၁]

## ဖြစ်ရပ် ၄၂။ မဲရုံမှူးများမှ ကိုယ်စားပြုမဲထည့်ပေး

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာရှိ မဲရုံတွင် မဲရုံမှူးများမှ ဒေသခံ အ သက်ကြီးသူများနှင့် စာမဖတ်တတ်သူများအတွက် ကိုယ်စားပြုမဲထည့်ပေးနေကြောင်းသိရသည်။

၎င်းဒေသခံ အသက် (၆၀) ရှိ အဖွားအို တစ်ဦးမှ ပြောပြရာတွင် 'အဖွားကတော့ စာမဖတ်တတ် တဲ့အတွက် ပလောင်ပါတီကို မဲထည့်ပေးပါလို့ မဲရုံအဖွဲ့တွေကို ပြောလိုက်တယ်။ သူတို့က ဘယ် ပါတီမဲထည့်တယ်ဆိုတာ စာရွက်မပြတော့ဘူး ဒီတိုင်းပဲ ထည့်ပေးလိုက်တယ်' ဟု ပြောပြသည်။

ထို့အတူ အခြားအသက်ကြီး ဒေသခံများအတွက်လည်း မဲရုံကော်မရှင်များက ကိုယ်စားမဲပေးခြင်း အများအပြားရှိသည် ဟု သူကဆက်ပြောသည်။

ဖာလင်ရွာတွင် ကြံ့ဖွံ့ပါတီ၊ ကျားဖြူပါတီ (ရှမ်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ တစ ညနှင့် တအောင်း (ပလောင်) အမျိုးသားပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရှိရပါသည်။

အခြားကျေးရွာတွင်လည်း အလားတူပင် ကိုယ်စားမဲပေးကြသည့်အပြင် ကြံ့ဖွံ့ပါတီက ပလောင် ဒေသခံ တစ်ဦးအား ကျပ်ငွေ ၅သိန်းပေးပြီး မဲပေါင်း (၁၀၀၀) ဝယ်ပေးရန်အတွက် ငွေပေး ထားပြီး  ဒေသခံတစ်ဦးလျှင် ကျပ်ငွေ ၅၀၀၀ ပေးပြီး ကြံ့ဖွံ့ပါတီအား မဲထည့်ရန် စည်းရုံး ခိုင်းကြောင်းသိရသည်။[၇၂]

## ဖြစ်ရပ် ၄၃။ မဲလက်မှတ် အစောင်ရေ (၅၀၀) လျှို့ဝှက်သိမ်းဆည်းထား

ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာနှင့် မိုင်းပူးကျေးရွာတွင် တ အောင်း အမျိုးသားပါတီ၊ ကြံ့ဖွံ့ပါတီ၊ တစညပါတီနှင့် 'ကျားဖြူ' ပါတီတို့ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ကြံ့ဖွံ့ပါတီ ပါတီစည်းရုံးရေးမှူးတစ်ဦး ဖြစ်သော ပန်းဆေး ဦးကျော်မြင့်က မဲလက်မှတ် အရေ

[၇၁] HURFOM Interview

[၇၂] TSYO Interview

အတွက် (၅၀၀) လျှို့ဝှက်သိမ်းဆည်းထားကြောင်း အမည်မဖော်လိုသူတစ်ဦးထံသိရသည်။

ထို့အပြင် ပန်းဆေး ဦးကျော်မြင့်သည် ရွေးကောက်ပွဲစည်းကမ်းချက်အရ အသက်မပြည့်သေးသော ကလေးများကို မဲထည့်ပိုင်ခွင့်မရှိဟု ဆိုထားသော်လည်း ၎င်းက ထည့်ခိုင်းသည် ဟုသိရပါသည်။ ထို့အပြင် မဲဆန္ဒရှင်တစ်ဦးလျှင် မဲတစ်ခါမက သုံးလေးခါ ထည့်ခိုင်းသည်ဟု အဆိုပါ အမည်မဖော်လိုသူက အောက်ပါအတိုင်း ပြောပြပါသည်။

> 'မနေ့က  မဲပေးတဲ့အချိန်မှာ ပန်းဆေး ဦးကျော်မြင့်က အသက်မပြည့်သေးတဲ့သူတွေပါ မဲထည့်ခိုင်းတယ်။ မဲထည့်စာရင်းထဲမှာ မပါတဲ့သူတွေပေါ့ ပြီးတော့မှ လူတစ်ယောက်ကို မဲခဏခဏ ထည့်ခိုင်းတယ်။'[၉၃]

### ဖြစ်ရပ် ၄၄။ ကြံ့ဖွံ့ပါတီမှ မဲဝယ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်၊ မန်အောင်ကျေးရွာတွင် ကြံ့ဖွံ့ပါတီမှ ဒေသခံများထံမှ မဲရရှိရန်အတွက် တစ်ဦးလျှင် ငွေ (၁၀၀၀၀) တစ်သောင်းကျပ် ပေးဝယ်ရာမှာ ယနေ့ညနေပိုင်း မဲပေးပြီးချိန်တွင် စုစုပေါင်း မဲစောင်ရေ (၃၀၀) နှုန်းဖြင့် ၎င်းတို့ ဝယ်ယူရရှိခဲ့ကြောင်း မဲရုံမှူးတစ်ဦးက ပြောသည်။

'ဒီညနေပိုင်း အားလုံးမဲပေးပြီးသွားတဲ့နောက်ပိုင်း ကြံ့ဖွံ့ပါတီက (၁၀၀၀၀) တစ်သောင်းကျပ် တိတိ ပေးဝယ်နေတဲ့ မဲအရေအတွက်က (၃၀၀) ရှိပါတယ်။ ဘာဖြစ်လို့ အဲလိုပြောနိုင်လဲဆိုတာကတော့ ရွာသားတွေက တအောင်းပါတီကိုဘဲ  မဲပေးချင်ကြတယ်။ တအောင်းပါတီရဲ့ တံဆိပ်ကိုဘဲ မဲပေးခြစ်ကြမယ်ဆိုတာ ယုံကြည်တယ်လေ။ ဒါပေမဲ့ အားလုံး မဲပေးပြီးသွားတဲ့အချိန်မှာ ကြံ့ဖွံ့ပါတီက ငွေနဲ့ဝယ်တဲ့ မဲ (၃၀၀) ရပြီးဖြစ်တယ်' ဟုသူကပြောသည်။[၉၄]

## မြို့မဲခြောက် အကျပ်ကိုင် အနိုင်ကျင့်မှုများ

### ဖြစ်ရပ် ၄၅။ မဲဆန္ဒရှင်များအား သူတို့ကိုသာထောက်ခံမဲပေးရန် ကြံ့ဖွံ့ပါတီမှ ကိုယ်စားလှယ်လောင်းနှင့် မဲရုံကိုယ်စားလှယ်တို့မှ မမှန်ကန်သည့်နည်းလမ်းဖြင့် စည်းရုံးခဲ့

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၈ ရပ်ကွက်မှ မဲရုံအမှတ် ၄ တွင် မဲဆန္ဒရှင်များကို သူတို့ကိုသာ ထောက်ခံမဲပေးရန် ကြံ့ဖွံ့ပါတီမှကိုယ်စားလှယ်လောင်းနှင့် မဲရုံကိုယ်စားလှယ်တို့မှ အော်ဟစ် ပြောဆိုစည်းရုံးခဲ့ပါသည်။ ထို့အပြင် မဲလာပေးသောလူများစာရင်းကို မှတ်သားထားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်းသည် မဲပေးရန် ကျန်ရှိနေသူ

---

[၉၃] TSYO Interview

[၉၄] TSYO Interview

များကို နာမည်အတိအကျနှင့် အိမ်တိုင်ယာရောက် မဲလာပေးရန် မှာကြားခဲ့ပါသည်။ မဲပေးခွင့် စာရင်းတွင်မပါသည့်သူများကိုလည်း မဲလာပေးရန် ကြံ့ဖွံ့ပါတီမှ ကိုယ်စားလှယ်လောင်းနှင့် မဲရုံ ကိုယ်စားလှယ်တို့မှ တွန်းအားပေးခဲ့ပါသည်။ မဲရုံမှူးမှာလည်း သူမ၏ယောကျ်ား ကြံ့ဖွံ့ပါတီဝင် ပြောဆိုညွှန်ကြားသည့်အတိုင်း လိုက်နာလုပ်ဆောင်ခဲ့ရပါသည်။[၇၅]

## ဖြစ်ရပ် ၄၆။ ချင်းပြည်နယ် တီးတိန်မြို့နယ်တွင်းမှ ရွေးကောက်ပွဲ ဥပဒေချိုးဖေါက်မှုနှင့် အနိုင်ကျင့် ခြိမ်းခြောက်မှု

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်းရှိ ဘူအန်ကျေးရွာ မဲရုံတွင် ရွေးကောက်ပွဲနေ့ နေ့လည်ပိုင်း ၌ ကြံ့ဖွံ့ပါတီဝင်များသည် မဲရုံအဝင်ဝတွင် ၎င်းတို့ပါတီစည်းရုံးရေးဝတ်စုံများ ဝတ်ဆင်ထားကြပြီး မဲပေးနိုင်ခွင့် ရှိသူများ စာရင်းကို စစ်ဆေးပါသည်။ ထို့နောက် မဲပေးရန် ရောက်လာသူများအား 'ဘယ်သူ့ကို မဲပေးမှာလဲ' ဟု မေးမြန်း၍ 'ကြံ့ဖွံ့ပါတီကို မဲပေးမယ်' ဟု ဖြေလျှင် မဲရုံအတွင်းသို့ ဝင်ခွင့်ပြုပြီး ၎င်းတို့ပါတီကို မဲပေးမည့်သူ မဟုတ်လျှင် မဲရုံအတွင်းသို့ဝင်ခွင့်မပြုပဲ အဝေးသို့ မောင်းထုတ်သည်ဟု သိရှိရပါသည်။

ကြံ့ဖွံ့ပါတီဝင်များ၏ ထိုလုပ်ရပ်ကိုခံလိုက်ရသူများက ချင်းအမျိုးသားပါတီနှင့် ချင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့မှ တာဝန်ရှိသူများကိုတိုင်ကြားခဲ့ကြသည်။ ချင်းအမျိုးသားပါတီနှင့် ချင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ တာဝန်ရှိသူများမှ မဲရုံတည်ရှိရာသို့သွားရောက် ဖြေရှင်းရင်း ငြင်းခုန်ခိုက်ရန်ပြုမှုများဖြစ်ပွါးခဲ့ကြသည်။[၇၆]

## ဖြစ်ရပ် ၄၇။ မဲရုံဝန်ထမ်းမှ အတင်းအဓမ္မလက်ညှိုးထိုး၍ အမှန်ခြစ်ခိုင်းခြင်း

မဲရုံဝန်ထမ်း ထည့်ခိုင်းသည့်အတိုင်း ကြံ့ဖွံ့ပါတီအား မဲပေးခဲ့ရကြောင်းနှင့် ကြံ့ဖွံ့ပါတီမှ မဲရုံဝန် ထမ်းများအား ဖိအားပေးထားကြောင်းလည်း မုဒုံမြို့နယ်အတွင်းရှိ ညောင်ကုန်းကျေးရွာမှ ရွာ သားတစ်ဦးက အောက်ပါအတိုင်း ပြောသည်။

> 'ကျနော်တို့ ညောင်ကုန်းမဲရုံအမှတ် ၂ က မဲစစ်ဆေးထုတ်ပေးသူတစ်ဦးဖြစ်တဲ့ ဒေါ်ငွေးလှကနေ ပြီးတော့ မဲပေးမယ့် လူတွေကို ပြည်ခိုင်ဖြိုး (ကြံ့ဖွံ့) ပါတီ ကို မဲပေးဖို့ တိုက်တွန်းတယ်။ အဲဒါကို ကျနော်ဆက်ဆက်ကြားခဲ့တယ်။ လူ တွေကတော့ ထုံးစံအတိုင်း ခပ်ကြောက်ကြောက်နဲ့ သူပြောတဲ့ ခြသေ့် (ကြံ့ဖွံ့ ပါတီအမှတ်တံဆိပ်) အကွက်ထဲ ခြစ်သွားခဲ့တာရှိသလို၊ တချို့က ဆန္ဒပြုခန်း ထဲတောင် မသွားခဲ့ရဘဲ သူ (မဲရုံဝန်ထမ်း ဒေါ်ငွေးလှ) ညွှန်ခဲ့တဲ့ အကွက်မှာ မထည့်ချင်ပဲ ထည့်ခဲ့တယ်။ အဲလိုဆိုတော့ မဲရုံဝန်ထမ်း လုပ်နေတဲ့ လူတွေ

---

[၇၅] HREIB Interview

[၇၆] CHRO Interview

ကိုယ်တိုင်က ကြံ့ဖွံ့ကိုပေးပါလို့ ပြောတဲ့ကိစ္စက လက်ခံနိုင်စရာ အကြောင်း မရှိဘူး။ မဲရုံဝန်ထမ်းတချို့ ကိုယ်တိုင်က ကြံ့ဖွံ့ပါတီက လူတွေ အတော်ဖိ အားပေးတာကို ခံထားရတာပဲဆိုတာ ထင်ရှားပါတယ်။'[၃၇]

## ဖြစ်ရပ် ၄၈။ ရှမ်းပြည်နယ် နမ့်ကော်မူမြို့နယ် မယ်ခီးရွာတွင် အာဏာသုံး၍ ကြံ့ဖွံ့ပါတီကို မဲပေး ခိုင်း

ရှမ်းပြည်နယ် နမ့်ကော်မူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှမောင်သည် လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားလုပ်၍ အသက် ၁၈ နှစ်ပြည့်ပြီး သူတိုင်း မဲမပေးမနေရ မဲပေးရမည်ဖြစ်ပြီး ကြံ့ဖွံ့ပါတီကိုသာပေးရမည်ဟု မယ်ခီးရွာနှင့် ကျော်တောရွာ များတွင် အတင်းအကြပ်ပြောဆိုခဲ့ပါသည်။ မန်ဖွေကျေးရွာ ဥက္ကဋ္ဌ ဦးစိုင်းလတ်နှင့် လားဟူပါ တီ ကျေးရွာခေါင်းဆောင် ဦးတင်ဝင်းတို့က ရွေးကောက်ပွဲနေ့တွင် မဲစောင့်ကြည့်မှုကို လုပ် ဆောင်ခဲ့ပါသည်။[၃၈]

## ဖြစ်ရပ် ၄၉။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်နှင့် ကြံ့ဖွံ့ပါတီဝင်တို့ လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်ခြင်း

ရွေးကောက်ပွဲနေ့တွင် မဲပေးခွင့်စာရင်းကဒ်ပြား ယူဆောင်လာမှသာလျှင် မဲပေးခွင့်ရှိမည်ဖြစ်ပြီး ၎င်းမဲပေးခွင့် စာရင်းကဒ်ပြားများကို နိုဝင်ဘာ ၆ ရက်နေ့ကတည်းက ကြံ့ဖွံ့ပါတီ အမှတ်တံ ဆိပ် ရိုက်နှိပ်ထားသော လက် ကမ်းစာစောင်နှင့်အတူ ကြံ့ဖွံ့ပါတီဝင်များက ပေးဝေခဲ့ပါသည်။ ထိုလက်ကမ်းစာစောင်ကိုလည်း မဲပေးခွင့်ကဒ်ပြားနှင့်အတူ မဲရုံသို့ ယူဆောင်လာရပြီး မဲရုံတွင် လည်း တာဝန်ရှိသူများက  မဲစာအိပ်ပေးသည့်အခါ ကြံ့ဖွံ့ပါတီ နေရာတွင်မထင်မရှား အ မှတ်ခြစ်ထားသည့် မဲစာအိတ်များကို ပေးဝေပါသည်။ ၎င်းမဲရုံတွင် ကြံ့ဖွံ့ပါတီကိုယ်စားလှယ် မှတပါး အခြားပါတီ ကိုယ်စားလှယ်တစ်ဦးမှမရှိသောကြောင့် ၎င်းတို့ စိတ်ထင်တိုင်း လုပ် ဆောင်ခဲ့ကြပါသည်။[၃၉]

## ဖြစ်ရပ် ၅၀။ မဲရုံတာဝန်ရှိသူများမှ ကြံ့ဖွံ့ပါတီကို အတင်းအဓမ္မမဲထည့်ခိုင်း

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မန်စပ်အုပ်စု နမ့်စိတ်ကျေးရွာတွင် တအာင်း (ပလောင်) အမျိုးသားပါတီကို မဲပေးများနေကြသည့်အတွက် မဲရုံဝန်ထမ်းတစ်ဦးမှ မဲပေးသူများအား ကြံ့

---

[၃၇] HURFOM Interview

[၃၈] LWO Interivew

[၃၉] HREIB Interview

ခိုင်ရေးပါတီကို အတင်းအဓမ္မ မဲထည့်ခိုင်းသလို အခြားပါတီများအတွက် ပေးထားသည့် မဲများကိုလည်း ကြံ့ခိုင်ရေးပါတီအတွက်မဲများအဖြစ် ပြောင်းလိုက်သည်ဟု သိရှိရသည်။[၅၀]

## ဖြစ်ရပ် ၅၁။ ဒေသခံပြည်သူများက မွန်ပါတီကိုသာ မဲပေးနေကြ၍ ကြံ့ဖွံ့နှင့် အာဏာပိုင်များမှ မဲရုံအတွင်းအထိ ဝင်ရောက်ကာ ကြံ့ဖွံ့ပါတီအား မဲပေးရန် မဲပေးသူများအား ဖိအားပေးခြိမ်းခြောက်

မွန်ပြည်နယ်တွင် ရွေးကောက်ပွဲမစခင်ကတည်းက မွန်ပါတီမှလွဲလျှင် မည်သည့်ပါတီမှ မနိုင်စေရဟု ဒေသခံပြည်သူများက ကြုံးဝါးထားသဖြင့် ကြံ့ဖွံ့ပါတီသည် ပြိုင်ဘက် မွန်ပါတီများအား ယှဉ်ပြိုင်ရန် စိုးထိတ်နေပြီး ရွေးကောက်ပွဲနေ့တွင် ဒေသခံပြည်သူများက မွန်ပါတီကိုသာ အင်တိုက်အားတိုက် မဲပေးနေကြ၍ ကြံ့ဖွံ့နှင့် အာဏာပိုင်များသည် မဲရုံအတွင်းအထိ ကြံ့ဖွံ့ပါတီအား မဲပေးရန် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ကြသည်။ ထို့အပြင် မွန်ပြည်သူများက မွန်ပါတီသို့သာ မဲပေးကြသော်လည်း နောက်ဆုံးတွင် ကြိုတင်မဲများကြောင့်သာ ကြံ့ဖွံ့ပါတီ အနိုင်ရသွားခြင်းဖြစ်သည်ဟု မုဒုံမြို့နယ်၊ ဝက်တဲကျေးရွာမှ မင်းသက်နောင်က ပြောသည်။[၅၁]

## ဖြစ်ရပ် ၅၂။ ၂၀၁၀ ရွေးကောက်ပွဲနေ့တွင် မဲမပေးပါက ရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် ကိုယ့်ပြဿနာ ကိုယ်ရှင်းရမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့

တောင်ဒဂုံမြို့နယ် ၁၉ ရပ်ကွက်၊ မောင်းမကန်လမ်းမှ ရာအိမ်မှူး ဦးမြင့်အေးသည် တစ်အိမ်တက်၊ တစ်အိမ်ဆင်းလုပ်၍ ရွေးကောက်ပွဲနေ့တွင် မဲမပေးပါက ရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် ကိုယ့်ပြဿနာ ကိုယ်ရှင်းရမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။[၅၂]

## ဖြစ်ရပ် ၅၃။ ရယကအဖွဲ့မှ မဲဆန္ဒရှင်များအား ခြိမ်းခြောက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၊ ကဒါကျေးရွာ၊ ရယကအဖွဲ့ဝင် ဦးစိန်သန်းနှင့် အဖွဲ့ဝင် ၂ ဦးသည် မဲဆန္ဒနယ်မြေ အမှတ် (၁) တွင် ရွာသားများ မဲထည့်နေစဉ်အတွင်း ဟိန်းဟောက်ခြောက်လှန့်ခြင်း၊ ကြံ့ခိုင်ရေးပါတီအား မဲထည့်ရန် ဖိအားပေးခဲ့ခြင်းတို့ကြောင့် လွတ်လပ်စွာ မဲထည့်ခွင့်မရှိခဲ့ဟု ကိုယ်တိုင်ခံရသူ ရွာသားတစ်ဦးက ပြောသည်။[၅၃]

---

[၅၀] PWO Interview

[၅၁] HURFOM Interview

[၅၂] AAPP Interview

[၅၃] HREIB Interview

### ဖြစ်ရပ် ၅၄။ ကြံ့ဖွံ့ပါတီဝင်မှ အကျပ်ကိုင် ခြိမ်းခြောက်ခိုင်း

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်တွင် ကြံ့ဖွံ့ပါတီဝင် ဦးဌေးဝင်းက နိုဝင်ဘာလ ၅ ရက်နေ့တွင် ဆိုက္ကားသမား တစ်ဦးလျှင် (၈၀၀၀၀) ရှစ်သောင်းကျပ် ချေးငွေထုတ်ပေးခဲ့သည်။ နိုဝင်ဘာလ ၇ ရက် ရွေးကောက်ပွဲနေ့တွင် ဆိုက္ကားသမားများကို မဲရုံအဝင်ဝ၌ ရဲဝတ်စုံပြည့်ဖြင့် ထိုင်စောင့်ခိုင်းထားခြင်း၊ စစ်တပ်များကလည်း လက်နက်အပြည့်အစုံနဲ့ မြို့အတွင်းလှည့်လည်နေခြင်း၊ လူစည်ကားသည့်နေရာများတွင် တပ်ချထားခြင်းတို့ပြုလုပ်ပြီး မဲထည့်သူများကို စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါသည်။[၈၄]

## မဲပေးခွင့်ရှိသူစာရင်း

### ဖြစ်ရပ် ၅၅။ မဲပေးရန်တိုကင်လက်မှတ်မပါသဖြင့် မဲထည့်ခွင့် မရရှိခဲ့ခြင်း

သန်လျှင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၊ အုပ်ကျင်းပိုင်ရှိ မဲရုံအမှတ် (၃) တွင် မဲထည့်ရန်အတွက် ရပ်ကွက်နေ ပြည်သူများဖြစ်ကြသော ကိုထွန်းမြင့် မနီနီမော်တို့မှ သွားရောက်ရာ မဲပေးရန်တိုကင် လက်မှတ်မပါသဖြင့် မဲထည့်ခွင့် မရရှိခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့အနေနှင့် နိုင်ငံသား စိစစ်ရေးကဒ်ပြားများ တပါတည်းယူဆောင်သွားခဲ့သော်လည်း မဲထည့်ခွင့်မရရှိခဲ့ပါ။ တခြားရပ်ကွက်သူ/သား အများအပြားလည်း အလားတူဖြစ်ရပ်မျိုး ရင်ဆိုင်ခဲ့ကြရပါသည်။[၈၅]

### ဖြစ်ရပ် ၅၆။ ကမာမိုကျေးရွာမှ မဲပေးခွင့်ရှိသူရွာသားများ မဲပေးခွင့်မရခဲ့

ရွေးကောက်ပွဲကျင်းပသည့်ရက်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာတွင် မဲရုံမှူး ဦးစောလှရှိန်မှ ကော်မရှင်၏ မဲပေးပိုင်ခွင့်ရှိသူစာရင်းတွင် မပါဝင်သည့် အတွက်ဟုဆိုကာ အဆိုပါရွာတွင်ပင်မွေးဖွားပြီး မှတ်ပုံတင်လည်းရှိ၍ အိမ်ထောင်စုစာရင်းလည်းရှိသူ ရွာသားများကို မဲပေးခွင့်မပြုခဲ့သည့်အတွက် ရွာသားများမှာ နိုင်ငံသားအခွင့်အရေး ချိုးဖောက်ခံခဲ့ရသည်။[၈၆]

---

[၈၄] HREIB Interview

[၈၅] AAPP Interview

[၈၆] HREIB Interview

## အခြားချိုးဖောက်မှုများ

### ဖြစ်ရပ် ၅၇။ မဲထည့်စဉ် မဲ ၂ မဲထည့်သဖြင့် ပြောသည်ကို ခြိမ်းခြောက်

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့က၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ကနာလို ကျေးရွာတွင် ကြံ့ဖွံ့ပါတီ မြို့နယ်အတွင်းရေးမှူး မဲထည့်စဉ် မဲ ၂ မဲထည့်သဖြင့် မဲရုံတွင်တာဝန်ကျသူ မွန်ဒေသလုံးဆိုင်ရာပါတီမှ မဲရုံကိုယ်စားလှယ်မိစိုက်ထောက ထိုသို့ထည့်၍မရကြောင်း ပြောရာ အတွင်းရေးမှူးမှ 'မင်းသတိထားနေ၊ နောက်မှတွေ့မယ်' ဟု လူအများရှေ့တွင် ခြိမ်းခြောက်ခဲ့သည်။[၈၇]

### ဖြစ်ရပ် ၅၈။ အတင်းအကျပ် ကြံ့ဖွံ့ပါတီဝင်စေခြင်း

ချင်းပြည်နယ် Laitui ကျေးရွာတွင် ကြံ့ဖွံ့ပါတီဝင်များက ပြည်သူများအား မဲမပေးရင် ရိုက်နှက်မည် ဟု ခြိမ်းခြောက်ပြီး အတင်းအဓမ္မ ပါတီဝင်ကပ်ပြားပေးကြောင်း ဒေသခံ ချင်းအမျိုးသားပါတီ Laitui မဲရုံကိုယ်စားလှယ် ဦး Dalkhatmung က ပြောပါသည်။[၈၈]

### ဖြစ်ရပ် ၅၉။ စစ်တွေတွင် ကြံ့ဖွံ့ပါတီမှ အင်အားပြခြိမ်းခြောက်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်ရှိ မဲရုံတွင် ကြံ့ဖွံ့ပါတီမှ လူအင်အား (၁၅၀၀) ခန့်ဖြင့် မဲရုံကို ဝိုင်းထားပြီး မဲလာပေးသူများကို ခြောက်လှန့်နှောင့်ယှက်ခဲ့သည်။ ယင်းကို ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ မဲရုံမှူးသို့ တိုင်ကြားသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိသဖြင့် ရွေးကောက်ပွဲ ကော်မရှင်သို့ တိုင်ကြားခဲ့ရသည်။[၈၉]

### ဖြစ်ရပ် ၆၀။ လွယ်ခေါ်ကျေးရွာ ဥက္ကဋ္ဌ၏ ခြိမ်းခြောက်မှု

ရွေးကောက်ပွဲနေ့ ညနေ (၆) နာရီခန့်အချိန်တွင် ကချင်ပြည်နယ် လွယ်ခေါ်ကျေးရွာ ဥက္ကဋ္ဌဖြစ်သူ ဦးလဆိုင်းမှ လူလွတ်ကာ ဦးနော်အောင်အား မဲပုံးနှင့် မဲများကို မြစ်ကြီးနားမြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ သုံးဘီးကားဖြင့်လိုက်ပို့ရန် အခေါ်ခိုင်းလိုက်ခြင်းကြောင့် မဲရုံသို့ သုံးဘီးမောင်း၍ သွားခဲ့ပါသည်။ ဥက္ကဋ္ဌဖြစ်သူ ဦးလဆိုင်းသည် ကျွန်တော့အား 'အသွားအပြန် သုံးဘီးခကို (၁၅၀၀၀ ကျပ်) ပေးမည် မလိုက်လို့မရဘူး။ ဒါအမိန့်ဘဲ' ဟုပြောကြောင်း ဒေသခံ သုံးဘီး

---

[၈၇] HREIB Interview

[၈၈] CHRO Interview

[၈၉] AASYC Interview

မောင်းသူတစ်ဦးမှ သတင်းပို့ပါသည်။[၉၀]

## ဖြစ်ရပ် ၆၁။ မဲလာပေးသူများအား ကူညီသလိုလိုနှင့် ကြံ့ဖွံ့ပါတီ မဲရစေရန် လုပ်ဆောင်

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မုဒုံမြို့နယ်အတွင်းရှိ ကန်ကလေး၊ ကန်ကြီးနှင့် ကျုံဖိုက်ကျေး ရွာများရှိ မဲရုံများသို့ သွားရာလမ်းတလျှောက်တွင် ကြံ့ဖွံ့ပါတီဝင်များက ပုံစံမျိုးစုံနှင့် ဖိအားပေး သည့်သဘော၊ အင်အားပြ သည့်သဘောဖြင့် နေရာယူထားကြပြီး မဲလာပေးသူများ အားလည်း ကူညီသလိုလိုနှင့် ကြံ့ဖွံ့ပါတီ မဲရစေရန် လုပ်ဆောင်ကြသည်။[၉၁]

## ဖြစ်ရပ် ၆၂။ ဗျူဟာမှူးမှ အတင်းအဓမ္မမဲပေးခိုင်းခြင်း

သံတောင်မြို့နယ်၊ ဘောဂလိမြို့နယ်ခွဲမှူး ဦးသန်းဝင်းနှင့် ဘောဂလိကျေးရွာတွင်အခြေစိုက် သော စကခ-၇ လက်အောက်ခံတပ်ရင်းမှ ဗျူဟာမှူး မျိုးလှတို့ ပူးပေါင်းကာ ဘောဂလိကျေးရွာ အုပ်စုမှ ရွာသားများအား ဘောဂလိကျေးရွာ တွဲဖက်အထက်ကျောင်းရှိ မဲရုံတွင် မဲမပေး မနေရ ပုံစံဖြင့် ရွာသားများအား မဲပေးစေရန် ဖိအားပေးခဲ့ပါသည်။[၉၂]

## ဖြစ်ရပ် ၆၃။ အသံချဲ့စက်များသုံးကာ ပြောင်ပြောင်တင်းတင်း ခြိမ်းခြောက်

ညောင်တုန်းမြို့ နယ် ကညင်တောကြီးအုပ်စု ဆင်ကူးဝါးကုန်း ကျေးရွာ မဲရုံအမှတ် (၆) တွင် ရယကနှင့် ကြံ့ဖွံ့ပါတီဝင်မျိုးညွန့်သည် ရွေးကောက်ပွဲနေ့ နေ့လည် (၁) နာရီခန့်တွင် မဲစာရင်း တွင်ပါဝင်ပြီး ဆန္ဒမဲမပေးကြသူများသည် နောင်ဖြစ်လာမည့်ကိစ္စများတွင် မိမိတို့၏တာဝန်သာ ဖြစ်ကြောင်း အသံချဲ့စက်နှင့် လိုက်လံခြိမ်းခြောက်ခဲ့ပါသည်။[၉၃]

## ဖြစ်ရပ် ၆၄။ မဲမပေးဘဲနေသူများကို အတင်းအဓမ္မမဲပေးခိုင်း

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဝါးပိုးကုန်းကျေးရွာ ရွေးကောက်ပွဲကော်မရှင်မှ မဲရုံကို မနက် ၆ နာရီကတည်းက စတင်ဖွင့်လှစ်ထားသော်လည်း ၇ နာရီထိုးသည့်တိုင်အောင် တစ်ဦး တစ်ယောက်မှ မဲလာပေးခြင်း မရှိသည့်အတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်သိန်း

---


[၉၀] KWAT Interview

[၉၁] HURFOM Interview

[၉၂] Burma Issues Interview

[၉၃] AAPP Interview

နှင့် အဖွဲ့သားများသည် မဲလာပေးရန်အတွက် တစ်အိမ်ချင်း လိုက်လံဖိအားပေး၍ ရွာသား ၁၀၀ ကျော်မှာ မဲပေးခဲ့ရပါသည်။ ၎င်းကျေးရွာတွင် မဲပေးခွင့်ရှိသူ ၃၀၅ ဦးရှိသော်လည်း မည်သူမျှ ရွေးကောက်ပွဲကို စိတ်ဝင်စားခြင်းမရှိကြပါ။[၉၄]



ဖြစ်စဉ်မှတ်တမ်း

မဲရုံအမှတ် ( ၄ )

ရပ်ကွက် ---ခ---

---သာကေတ--- မြို့နယ်

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက် ---7.11.10---

| စဉ် | အချိန် | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|
| | | ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်များမှ လာရောက်သည့် မဲဆန္ဒရှင်များအား အမူအရာများဖြင့် မဲဆွယ်စည်းရုံးခြင်း ထည့်ပြီးသော မဲဆန္ဒရှင်များအား "ကျေးဇူး တင်တယ် ပြန်လို့ရပြီ" ဟုသာဖြင့် အချင်းချင်း နားလည် လွယ်သော စကားလုံးများ ပြောဆိုခြင်း ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်များသည် စာရွက် ဖြင့် မိမိလူများကို အရေအတွက် မှတ်သားခြင်း၊ သတ်မှတ်ထားသည့် အရေအတွက် မပြည့်သေးပါက ၎င်းကိုယ်စားလှယ် (ပြည်ခိုင်ဖြိုး) များက စာရွက်ဖြင့် ကျန်ရှိသေးသော လူဦးရေ အရေအတွက်ကို ရေး၍ ကော်မရှင်မှ မဲစာရင်းစစ်သူကို ၎င်းစာရွက်အား (လူဦးရေအမည် အတိအကျရေးထားသော) လာရောက်ထည့်ပြီး ထိုမှပြန်မည့် မဲဆန္ဒရှင်အား ယခင်မဲရုံသို့ လာရန် စာရွက်ပေးပြီး တစ်ခါ ပြောဆို၍ လာခိုင်းခြင်း ဥပမာဖြင့်လည်း ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်မှ အမည်အတိအကျ ပြော၍ ၎င်းပြောသော လူများ ကျန်သေးကြောင်း ကော်မရှင်မှ လူများအား ပြောဆိုခြင်း၊ မဲစာရင်းတွင် မပါသော လာရောက်ထည့်ချင်သည့် သူများအား နောက်တိုးအဖြစ် ထည့်ခိုင်းခြင်း မဲရုံမှူး ဆရာမကိုယ်တိုင် သူ၏ ယောကျ်ားဖြစ်သူ ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်၏ စကားကို နားထောင်ရခြင်း၊ ၎င်းကိုယ်စားလှယ်မှ မဲရုံမှူး ဆရာမအား ကော်ဖီ ပေါက်ယေ ခြင်းများ ပြုလုပ်ခြင်း |

[redacted]

ကိုယ်စားလှယ်လက်မှတ် ---

အမည် [redacted]

မဲရုံတွင် ကြံ့ဖွံ့ပါတီဝင်များ၏ ဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်၍ မဲဆန္ဒရှင်တစ်ဦး၏ တိုင်ကြားချက်၊ ရန်ကုန်

**Photo by HREIB**

[၉၄] Burma Issues Interview

အပိုင်း ၈

# မဲရေတွက်ခြင်းနှင့် ရလဒ်များကြေညာခြင်း

မဲရေတွက်ရာနှင့် ရလဒ်များကြေညာရာတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တိကျခြင်းနှင့် တရားမျှတမှုရှိခြင်း တို့သည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် အရေးပါသောအချက်များ ဖြစ်ကြပါသည်။ နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခဲ့သော ရွေးကောက်ပွဲရလဒ်များ၏ မှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုအားများစွာ ထိခိုက်စေခဲ့သည့် မဲရေတွက်ခြင်းနှင့် ပတ်သက်သော မသမာမှုပေါင်းများစွာအား မှတ်တမ်းပြုစုထားပါသည်။

အချို့မဲဆန္ဒနယ်များတွင် ကြံ့ဖွံ့ကိုယ်စားလှယ်လောင်းများအား အရှုံးမှအနိုင်အဖြစ် ရလဒ်အားပြောင်းပြန် ပြောင်းပေးလိုက်သည့် ကြိုတင်မဲများသည် ရွေးကောက်ပွဲရလဒ်အား အဆုံးအဖြတ်ပေးသည့် အရေးပါသည့် အချက်တချက်ဖြစ်ပါသည်။ မဲပေးခြင်းနှင့် ရေတွက်ခြင်းလုပ်ငန်းစဉ်တခုလုံးသည် ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် ရလဒ်အား ကပြောင်းကပြန်ဖြစ်အောင်ပြောင်းလဲရန် ကြိုတင်မဲများအား အသုံးပြုခဲ့ကြပါသည်။ ကရင်ပြည်နယ် ဆိပ်ကြီးကျေးရွာတွင် ရလဒ်များမကြေညာသေးပဲ မဲများအား အိတ်များဖြင့် ထည့်ကာ မည်သည့်နေရာသို့ ယူဆောင်သွားမှန်း မသိသည့် အဖြစ်အပျက်မျိုး ဖြစ်ပွားခဲ့ပါသည်။ အချို့ကိစ္စရပ်များတွင် တရားဝင် မဲရုံပိတ်ချိန်ကျော်မှ မည်သည့်နေရာမှ ရောက်လာမှန်း မသိသော ကြိုတင်မဲများ ရောက်ရှိလာခဲ့ပါသည်။ အချို့ဖြစ်ရပ်များတွင် အာဏာပိုင်များမှ ပထမနေ့က ကြေညာထားသော ရလဒ်များအား နောက်တနေ့တွင် ပြန်ပြောင်းကြေညာခဲ့ပါသည်။

ယခုအစီရင်ခံစာထဲတွင် ထည့်သွင်းထားသည့် ဖြစ်ရပ်များမှ အရပ်ဖက်ဝန်ထမ်းများ၊ စစ်ဖက်ဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများ အနေဖြင့် ကြံ့ဖွံ့ပါတီအား ထောက်ခံမဲပေးရန် အတင်း အကျပ် ဖိအားပေးခံခဲ့ရကြောင်း ဖော်ပြနေကြပါသည်။ ဒေသခံအာဏာပိုင်များ၊ စစ်ဖက်တာဝန် ရှိသူများ၊ ကြံ့ဖွံ့ပါတီတာဝန်ရှိသူများနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများမှ မဲများအား ကိုယ်တိုင်ကောက်ယူခဲ့ကြောင်းသိရှိရပါသည်။ ထိုသူတို့မှပင် မဲဆန္ဒရှင်များ သိရှိခြင်း မရှိပဲ (သို့) ဆန္ဒမပါပဲ ကြံ့ဖွံ့ပါတီအတွက် ကြိုတင်မဲများ ကောက်ယူခဲ့ကြပါသည်။

ရွေးကောက်ပွဲနေ့နောက်ပိုင်းရက်များတလျှောက်တွင် ကြေညာထားပြီးသားရလဒ်များအား ပြန်ပြောင်းပြင်ဆင် ကြေညာချက်များ နေ့စဉ်ရက်ဆက်ဆိုသလို ထုတ်ပြန်ခဲ့သည့်အတွက် မဲရေတွက်ခြင်းနှင့် နောက်ဆုံးရလဒ်များပေါ် သံသယများစွာ တိုးပွားစေခဲ့ပါသည်။ ထိုပြင်ဆင် ကြေညာချက်များတွင် ရွေးကောက်ပွဲများကျင်းပခြင်းမရှိသည့် မဲဆန္ဒနယ်များမှ အနိုင်ရသူ စာရင်းအား ကြေညာခဲ့သည့်အပေါ် ပြန်ပြောင်းပြင်ဆင်ကြေညာခြင်းနှင့် အချို့မဲ ဆန္ဒနယ်များတွင် မဲပေးသူ ၁၀၀ ရာခိုင်နှုန်းကျော် မဲလာပေးသည်ဟုသည့် ကြေညာချက်များအား ပြန်လည်ပြင်

ဆင်သည့် ကြေညာချက်များ ပါဝင်ပါသည်။

ဧရာဝတီသတင်းဌာနမှ ပြုလုပ်ခဲ့သည့် သုတေသနပြုချက်အရ အနိုင်ရနေရာမှ ကြိုတင်မဲများ ပေါင်းထည့်ပြီးနောက် ရှုံးနိမ့်သွားခဲ့ရသည့် ကိုယ်စားလှယ် အနည်းဆုံး ၆၀ ကျော်ရှိကြောင်း သိရှိရပါသည်။[၉၅] အချို့သော ဖြစ်ရပ်များတွင် အာဏာပိုင်များမှ ပထမနေ့က ကြေညာထားသော ရလဒ်များအား နောက်တနေ့တွင် ပြန်ပြောင်း ကြေညာခဲ့ပါသည်။ ရခိုင်ပြည်နယ် ရမ်းဗြဲ မြို့နယ်တွင် ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စားလှယ်လောင်းမှ မဲရေတွက်ပြီးချိန်တွင် အနိုင်ရခဲ့သော်လည်း ဒေသခံတံငါသည်များ၏ ကြိုတင်မဲများဟု ဆိုသော မဲများ ပေါင်းထည့်ပြီးချိန်တွင် ၇ မဲနှင့်ကပ်ကာ ရှုံးနိမ့်ခဲ့ရပါသည်။[၉၆]

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲရလဒ်အား ဆန့်ကျင် အသိအမှတ်မပြုသူ မည်သူမဆို ထောင်ဒဏ် ၃ နှစ်အထိ ကျခံရနိုင်ကြောင်း သတိပေးထားသော်လည်း အချို့ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များမှ ရွေးကောက်ပွဲ ရလဒ်အား အသိအမှတ်မပြုပဲ ဆန့်ကျင်ကြောင်း ဖော်ထုတ်ကြေညာခဲ့ကြပါသည်။[၉၇] ထိုရွေးကောက်ပွဲကော်မရှင် သတိပေးချက်သည် နဂိုကတည်းက ဖိနှိပ်မှုပေါင်းများစွာနှင့် ပြည့်နှက်နေသည့် ရွေးကောက်ပွဲ အခြေအနေအား ပိုမိုဆိုးရွားစေခဲ့ပါသည်။

### ဖြစ်ရပ် ၆၅။ ရလဒ်များ ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာစောနိုင်သည် ရပ်ကွက်အသီးသီးရှိ မဲဆန္ဒနယ် (၁၀၀) ကျော်တွင် မဲရေတွက်မှုအရ အသာရရှိခဲ့သော်လည်း မြို့နယ်ကော်မရှင်ရုံးသို့ ရောက်သွားသောအခါ ရှုံးနိမ့်သွားခဲ့သည်။ ထို့ကြောင့် မြို့နယ်ကော်မရှင်ရုံးသို့သွားရောက်၍ စောဒကတက်ခဲ့ရာတွင် တဖန်ပြန်၍ နိုင်ခဲ့ကြောင်း လက်မှတ်ရေးထိုးခဲ့သည်။ ထိုမှတဖန် အပြီးသတ်ကြေညာသည့်အခါတွင် ဒေါက်တာစောနိုင် ရှုံးနိမ့်သွားခဲ့ပြန်သည်။ ထိုသို့ ၂ ခါနိုင် ၂ ခါရှုံးခဲ့သည်များကိုလည်း တွေ့ရှိရပါသည်။

အထုပ်လိုက်ရောက်လာသော ကြိုတင်မဲများကြောင့် မဲပေးသည့်ဦးရေမှာ မဲပေးနိုင်သည့်ဦးရေထက် များနေသည်ကိုလည်းတွေ့ရှိရသည်။ နိုင်ငံပိုင်သတင်းစာထဲတွင်ပင် မဲပေးသည့်ဦးရေမှာ ၁၀၀ ရာခိုင်နှုန်း ကျော်ရှိခဲ့ကြောင်း ကြေညာခဲ့သည်။ နောက်မှတဖန် မှားယွင်းကြောင်း အရှက်တရားကင်းမဲ့စွာ ပြန်လည်ပြင်ဆင်ခဲ့သည်များ တွေ့ရှိရသည်။ နိုင်ငံပိုင်သတင်းစာ၏ အမှားပြင်ဆင်ချက်များကို အောက်ပါအတိုင်းတွေ့ရှိရမည်ဖြစ်သည်။

---

[၉၅] Burma fund UN offi ce, Burma's 2010 elections: a comprehensive report, p. 2010

[၉၆] Excerpt of Account 27

[၉၇] The Burma Fund report notes that the NDF announced legal challenges to the outcomes of the elections

- ၁၃၊၁၁၊၂၀၁၀ရက်နေ့ထုတ် သတင်းစာအချပ်ပို စာမျက်နှာ (ခ) ၌ အမှတ်စဉ်(၃၇)တွင် ကျောက်ပန်းတောင်းမဲဆန္ဒနယ်၊ မဲဆန္ဒရှင်ဦးရေ ၁၅၂၆၁၄ (အစား) ၂၀၅၇၈၅၊ မဲပေးသူရာခိုင်နှုန်း ၁၀၀ (အစား) ၇၄. ၁၆၊

- ၁၅၊၁၁၊၂၀၁၀ ရက်နေ့ထုတ် သတင်းစာအချပ်ပို စာမျက်နှာ(မ) ၌ အမှတ်စဉ် (၁၈၇) အမ်းမဲဆန္ဒနယ်(၁) မဲဆန္ဒရှင်ဦးရေ ၂၆၀၆၅ (အစား) ၃၇၈၈၆၊ မဲပေးသူ ရာခိုင်နှုန်း ၁၀၄. ၂၈ (အစား) ၇၁. ၇၄၊

- ၁၅၊၁၁၊၂၀၁၀ ရက်နေ့ထုတ် သတင်းစာအချပ်ပို စာမျက်နှာ (လ) ၌ အမှတ်စဉ် (၂၃၅) ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ် (၁) မဲဆန္ဒရှင်ဦးရေ ၁၀၈၂၄၄၅ (အစား) ၁၀၈၁၉၇၊ မဲပေးသူရာခိုင်နှုန်း ၆. ၅၁ (အစား) ၆၅. ၀၉၊ အမှတ်စဉ် (၂၃၆) ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်(၂) မဲဆန္ဒရှင်ဦးရေ ၈၆၇၉၅၆ (အစား) ၁၀၂၈၆၄၊ မဲပေးသူ ရာခိုင်နှုန်း ၈၁၅ (အစား) ၆၈. ၇၉၊

- ၁၅၊၁၁၊၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ အချပ်ပိုစာမျက်နှာ (ထ) ၌ အမှတ်စဉ် (၄၅) တောင်ငူမဲဆန္ဒနယ် (၁) မဲဆန္ဒရှင်ဦးရေ ၇၄၆၄၅ (အစား) ၇၆၅၃၅၊ မဲပေးသူရာခိုင်နှုန်း ၁၀၂. ၀၉ (အစား) ၉၉. ၅၇၊ အမှတ်စဉ် (၄၆) တောင်ငူမဲဆန္ဒနယ် (၂) မဲဆန္ဒရှင်ဦးရေ ၈၄၅၃၇ (အစား) ၈၂၆၄၇၊ မဲပေးသူရာခိုင်နှုန်း ၈၅. ၆၄ (အစား) ၈၇. ၆၀။

အဆိုးဆုံးမှာ ရွေးကောက်ပွဲမပြုလုပ်သည့် မဲဆန္ဒနယ်များတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အနိုင်ရသည်ဟု ဖော်ပြထားချက်ပင်ဖြစ်သည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ သတင်းစာများတွင် ကြံ့ဖွံ့ပါတီမှ ယှဉ်ပြိုင်သည့် ကချင်ပြည်နယ်၊ အင်ဂျန်းယန် မဲဆန္ဒနယ် (၂) မှ ဦးဘရန်ရှောင်နှင့် ဆွမ်ဘရာဘွမ်၊ မဲဆန္ဒနယ် (၂) မှ ဦးမုန်ပေါ်နော်တို့ အသီးသီးအနိုင်ရသည်ဟု ဖော်ပြခဲ့ပြီးကာမှ နိုဝင်ဘာလ ၁၈ ရက်နေ့ထုတ် သတင်းစာများတွင် အဆိုပါ မဲဆန္ဒနယ်များသည် ပယ်ဖျက်ထားသည့် နေရာများဖြစ်၍ ယမန်နေ့က ဖော်ပြချက်အား ပယ်ဖျက်ပေးရန်ဟု ပါရှိခြင်းပင်ဖြစ်သည်။

## ဖြစ်ရပ် ၆၆။ ဥပဒေနှင့်မကိုက်ညီသည့် ကြိုတင်မဲများကြောင့် ကြံ့ဖွံ့ပါတီအနိုင်ရ

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချင်းပြည်နယ်မြောက်ပိုင်း မဲဆန္ဒနယ်၊ စကောလမ်းရပ်ကွက်တွင် ကြံ့ဖွံ့ လွှတ်တော်အမတ်မှ ၅၂၄ မဲရပြီး ချင်းအမျိုးသားပါတီ (CNP) မှ ၅၁၃ ရပြီး ကြံ့ဖွံ့ပါတီ ၅၂၄ မဲထဲတွင် ကြိုတင်မဲ ၁၂၂ မဲ ပါကြောင်း ကြေညာခဲ့ပါသည်။

ချင်းအမျိုးသားပါတီမှ တာဝန်ရှိသူတစ်ဦး ဆက်လက်ထွက်ဆိုသည်မှာ 'ကျွန်တော်တို့ တွက်ချက်အရ CNP က ၅၅၄၂ မဲရပြီး ကြံ့ဖွံ့က ၅၁၆၂ မဲရတယ်။ ဒါပေမယ့် Result ရောက်လာတဲ့ အခါကျတော့ ကြံ့ဖွံ့ကနိုင်သွားတယ်' ဟု ပြောဆိုခဲ့သည်။ ထိုကိစ္စအား ဆက်လက်စုံစမ်းကြည့်သည့်

အခါ အမှတ် ၆၄ ခြေလျင်တပ်ရင်းမှ ပေးထားသည့် ကြိုတင်မဲက မဲပေါင်း ၅၀၀ ဖြစ်၍ ချင်းအမျိုးသားပါတီ (CNP) ရှုံးသွားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။[၉၈]

CNP ပါတီ စည်းရုံးရေးမှူး ဦး Nokhanmang ပြောပြသည်မှာ '၂၀၁၀ နိုဝင်ဘာလ ၆ ရက်နေ့ ညနေ ၄ နာရီလောက်မှာ Zamnghenthang ဆိုတဲ့ မဲရုံဇတ်ကြီးကော်မရှင်ခေါ်တဲ့ (လုံခြုံစိတ်ချရသောကော်မရှင်) အဖွဲ့ဝင် ဥက္ကဌလည်းလုပ်ဘူးတယ် သူ့ရဲ့အိမ်မှာ အုပ်စုစာရင်း၊ ကြိုတင်မဲပေးပေးထားတဲ့ဟာနဲ့ မပေးသေးတဲ့ဟာတွေရော ဧည့်ခန်းမှာ ဖယ်ိဖရဲနဲ့ တွေ့ခဲ့ရတယ်' ဟု ပြောသည်။[၉၉]

နမ့်ခမ်းမြို့တွင်လည်း မူးယစ်ရာဇာဟုနာမည်ကြီးနေသော ပန်းဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်သည် ကြံ့ဖွံ့ပါတီကိုယ်စားလှယ်အနေဖြင့် နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် (၂) မှ ရှမ်းပြည်နယ်လွှတ်တော်တွင် ဝင်ပြိုင်ခဲ့ရာ မဲမသမာမှုများ ကျူးလွန်၍ မတရားသောနည်းဖြင့်အနိုင်ရရှိခဲ့သည်။ နမ့်ခမ်းမြို့နယ် မဲရုံတိုင်းရှိ မဲရေတွက်ချက်အရ ၎င်း၏ပြိုင်ဘက် ရှမ်းတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောလှက မဲအသာရရှိခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်ရုံးအရောက်တွင် မည်သည့်နေရာမှရရှိလာမှန်းမသိသည့် ကြိုတင်မဲများကြောင့် ရလဒ်မှာပြောင်းပြန်ဖြစ်သွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် ပြိုင်ဘက်ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) ခေါ် ကျားဖြူပါတီသည် ၎င်းတို့ရှုံးနိမ့်ကြောင်း လက်မှတ်မထိုးပေးသောကြောင့် နမ့်ခမ်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအနိုင်အရှုံးကြေငြာရန် အခက်တွေ့ ခဲ့ရသည်။ ဦးကျော်မြင့်သည် အနိုင်ရရှိရန်အတွက် မတရားသောနည်းဖြင့် မဲဝယ်ခြင်း၊ မဲလိမ်ခြင်း၊ လက်နက်၊ ငွေကြေး၊ အာဏာကိုအသုံးပြုပြီး မဲအတင်းထည့်ခိုင်းခဲ့ခြင်း၊ ပြည်သူများကို ငွေပေးစည်းရုံးကာမဲထည့်ခိုင်းခဲ့ခြင်း၊ ရွာသားတချို့ကို တစ်ခါထက်မက သုံးလေးခါမဲထည့်ခိုင်းခဲ့ခြင်း၊ ရွာသားတချို့ကို တောင်ပေါ်ကျေးရွာများတွင် မဲထည့်ပြီးပြီးချင်း ကားဖြင့်သယ်ယူပို့ဆောင်ပေး၍ အခြားနေရာများတွင် မဲလှည့်ပတ်ပေးစေခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့သည်ဟု မျက်မြင်တွေ့သူ ရွာသားများက ပြောဆိုသည်။ ထိုသို့ မသမာသောနည်းများဖြင့် ကြိုးစားခဲ့သော်လည်း မဲအနိုင်မရရှိခဲ့သောကြောင့် နောက်ဆုံးတွင် မည်သည့်နေရာကရရှိ လာမှန်းမသိရသည့် ကြိုတင်မဲများအသုံးပြုကာ အနိုင်ယူသွားခြင်း ဖြစ်သည်။ နမ့်ခမ်းမြို့နယ်နှင့် မူဆယ်မြို့နယ် မဲဆန္ဒနယ်များတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) က မဲအသာစီးရနေသော်လည်း ပြည်နယ်လွှတ်တော်တွင် ယခုလို ပြဿနာတက်ရခြင်း ဖြစ်သည်။[၁၀၀]

---


[၉၈] The incident highlighted in this account took place in Teddim Town. Documenters interviewed a CNP member who learned the information from the local polling offi cer. According to his information, 500 early votes were cast from the army camp, when in fact the number of soldiers and eligible members of their families in that camp was about 280.

[၉၉] CHRO Interview

[၁၀၀] HREIB Interview

## ဖြစ်ရပ် ၆၇။ ရလဒ်များ မကြေညာခြင်း

ရွေးကောက်ပွဲနေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဆိပ်ကြီးကျေးရွာ အမှတ် (၆) ရပ်ကွက်ရှိ မဲရုံ အမှတ် (၁) တွင် ညနေ ၄း၀၀ နာရီအချိန်တွင် မဲရုံပိတ်ပြီး မဲများအား ရေတွက်ပြီးနောက် အိတ်ထဲတွင်ထည့်ကာမည်သည့်နေရာသို့ ယူဆောင်သွားသည်ကို မသိရသကဲ့သို့ မဲအရေအတွက်အားလည်း ကြေညာသွားခြင်းမရှိခဲ့ပါ။[၁၀၀]


(၁) မန်အောင်၊ ဖာလင်၊ ဆာလု နှင့် ပန်ခဲ ကျေးရွာအုပ်စုတို့မှ ဆန္ဒပြုထားပြီးဖြစ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ၌ မြို့နယ် ကော်မရှင်တံဆိပ်တိုင်းမပါရှိသည့်အတွက် မဲရုံကိုယ်စားလှယ် အချို့မှ လက်မှတ်မထိုးပဲ ကန့်ကွက်သည့်ကိစ္စ။

(၂) မန့်ပူးကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၌ ဆန္ဒပြုရန်ရောက်ရှိလာကြသည့် မဲဆန္ဒရှင် အချို့မှ ဆန္ဒမဲမပေးရပဲ ၎င်းတို့၏ ကိုယ်စားကြိုတင်ဆန္ဒမဲအဖြစ် ဆန္ဒပြုမဲပေးပြီးဖြစ်ကြောင်း [illegible] ရပ်/ကျေး ကော်မရှင်အဖွဲ့မှ ပြောပြသဖြင့် မကျေမနပ်ဖြစ်နေကြသည့်ကိစ္စ။

(၃) မဲရုံအများစု၌ တုံ့ကင်ပြားပြပြီး မဲလက်မှတ်များ ထုတ်ယူခွင့်ပြုသော်လည်း မန်စပ်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၌မူ တုံ့ကင်ပြားပြသော်လည်း မှတ်ပုံတင်ကတ်ပြား သို့မဟုတ် ယာယီသက်သေခံကတ်ပြား (သက်ဆိုင်ရာမှ ထုတ်မပေးပါ) ပြနိုင်မှသာ မဲလက်မှတ်များ ထုတ်ယူခွင့်ပြုပြီး စစ်ဆေးမေးမြန်းမှုထူ ပြောခြင်းကြောင့် မဲမပေးရပဲ ပြန်လှည့်ရသည့်မဲဆန္ဒရှင် တစ်ဝက်နီးပါးခန့်ရှိသည့် ကိစ္စ နှင့်

(၄) ပန်းဆေးကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၌ အသက်(၁၈)နှစ်မပြည့်သေးသည့် ကလေးငယ်များ လာရောက်ဆန္ဒမဲပေးခွင့်ပြုခြင်း၊ မဲဆန္ဒရှင် တစ်ဦးလျှင်(၂)ကြိမ်၊ (၃)ကြိမ် ဆန္ဒမဲပေးခွင့် ပြုခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကိုယ်စားပြု၍ ဆန္ဒမဲ ပေးခြင်းများ တွေ့ရှိရသည့်ကိစ္စ တို့အပေါ် ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

မဲပေးခွင့်မရခြင်းနှင့် မဲပေးခွင့်ရှိသူစာရင်းမသမာမှုများအား တိုင်ကြားသည့်စာ၊ ရှမ်းပြည်နယ်
——————— **Photo by PWO**

[၁၀၀] Burma Issues Interview

### အပိုင်း ဆ

# အခြားအကြမ်းဖက် ခြိမ်းခြောက်မှုများ၊ အကြပ်ကိုင်မှုများ၊ အနိုင်ကျင့်မှုများ

စစ်အစိုးရ၏အာဏာအား တည်တံ့ခိုင်မြဲစေရေးအတွက် စစ်တပ်မှ အာဏာအလွဲသုံးစား လုပ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ဆိုသလို ဖြစ်ပွား ခဲ့ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင် အနိုင်ကျင့်ဖိအားပေးမှုများအား ရွေးကောက်ပွဲကာလ တစ်လျှောက်လုံး ကျယ်ပြန့်စွာ ကျူးလွန်ခဲ့ကြပါသည်။ အချို့ မဲဆန္ဒနယ်များတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲရုံများတည်ဆောက်ရန်အတွက် အလှူငွေများ မဖြစ်မနေထည့်ဝင် ကြရပြီး အချို့ မဲဆန္ဒနယ်များတွင်မူ ပြည်သူများမှာ မဲရုံများဆောက်ရာတွင် အခကြေးငွေမရပဲ အတင်းအကျပ် လုပ်အားပေးအဖြစ် ခိုင်းစေခြင်းခံခဲ့ကြရပါသည်။

စစ်အစိုးရ၏ တပ်မ (၂၂) လက်အောက်ခံတပ်ရင်းတရင်းမှ ကရင်ပြည်နယ် မြဝတီမြို့နယ် သဲ့ဖာထောရွာတွင် နေထိုင်သော ရွာသူရွာသားများအား ရွေးကောက်ပွဲတွင်သွားရောက်မဲပေးရန် အတွက်အမိန့် ပေးခဲ့ပါသည်။ သို့သော် နိုဝင်ဘာလ ၇ ရက်နေ့တွင်ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ၄င်းရွာသူရွာသားများမှ မဲသွားမပေးခဲ့သောကြောင့် ထိုနေ့ညနေခင်းအချိန်တွင် ထိုတပ်မ (၂၂) လက်အောက်ခံတပ်ရင်းမှ သဲ့ဖါ့ထောရွာအား ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့ပါသည်။[၁၀၂] ထိုအဖြစ်အပျက်သည် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲပြီး နောက်ပိုင်းဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ၏ ရှေ့ပြေးဟုလည်း သတ်မှတ်နိုင်ပါသည်။



မွန်ပြည်နယ်တွင် စစ်တပ်အရာရှိများမှ ဒေသခံများအား ကြံ့ဖွံ့ပါတီအား မဲပေးရန် ခြိမ်းခြောက်နေပုံ။ စစ်အစိုးရနှင့် ၄င်း၏ လက်ဝေခံကြံ့ဖွံ့ပါတီတို့မှ ကြံ့ဖွံ့ပါတီအနိုင်ရရှိရေး သေချာစေရန်အတွက် နည်းမျိုးစုံသုံးရင်း ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာ ကျူးလွန်ခဲ့ကြပါသည်။

**Photo by HURFOM**

ရွေးကောက်ပွဲ ပြီးပြီးချင်း လက်နက်ကိုင် ပဋိပက္ခများ ကရင်ပြည်နယ်တွင်စတင် ဖြစ်ပွားခဲ့ပြီး

[၁၀၂] For detailed information please see Account 70

ထိုမှတဆင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင်ပါ ဆက်လက် ဖြစ်ပွားခဲ့ပါသည်။ ကရင်ပြည်နယ် မြဝတီမြို့တွင် ဒီကေဘီအေခေါ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အစည်းအရုံး တပ်မဟာ (၅) တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ်စောလားပွယ် (ခေါ်) ဗိုလ်နှုတ်ခမ်းမွှေးက စစ်အစိုးရ၏ ရွေးကောက်ပွဲသည် တရားမျှတမှုမရှိသည့်အပြင် ကရင်တပ်ဖွဲ့များအား ဖျက်လိုဖျက်ဆီးနည်းလမ်းရှာခြင်းတခုသာ ဖြစ်သည်ဟုဆိုကာ မြဝတီမြို့ကို ဝင်ရောက်စီးနင်းပြီး စစ်ရေးအချက်အချာ နေရာများအား သိမ်းပိုက်ခဲ့သည်။

ထို့နောက် ဒီကေဘီအေနှင့် စစ်အစိုးရတပ်များ ဘုရားသုံးဆူဒေသတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားပြီး အရပ်သားပြည်သူများ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံခဲ့ ကြရသည်။ တိုက်ပွဲများအတွင်း စစ်အစိုးရတပ်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်၍ အရပ်သားပြည်သူများ ထိခိုက်သေဆုံးမှုရှိပြီး၊ ချောဆွဲခြင်း ရှေ့တန်းတွင် စစ်သားများအတွက် အကာအရံအဖြစ် အသုံးပြုခြင်း စသည့်လူ့အခွင့်အရေး ချိုးဖောက်မှုများအားလည်း ဖြစ်ပွားခဲ့သည်။

## ဖြစ်ရပ် ၆၈။ မဲရုံဆောက်ရန် အဓမ္မငွေကောက်ခံ

၂၀၁၀ ခုနှစ် အောက်တိုဘာလ တတိယပတ်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာတွင် အာဏာပိုင်များမှ မဲရုံဆောက်လုပ်ရန် တစ်အိမ်ထောင်လျှင် ကျပ်ငွေ (၁၀၀၀) ကျပ် အတင်းအကြပ် ကောက်ခံခဲ့ကြောင်း သိရှိရပါသည်။[၁၀၃]

## ဖြစ်ရပ် ၆၉။ မဲရုံတည်ဆောက်ရာတွင် ရွာသားများအား အခကြေးငွေမပေးဘဲခိုင်းစေမှု

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၏အမိန့်ဖြင့် ပဲခူးတိုင်း တောင်ငူခရိုင် ခလဲ့လဲ (Kleh Lah) ကျေးရွာရှိ ရွာသားများအား ခလဲ့လဲ အထက်တန်းကျောင်းတွင် မဲရုံ တည်ဆောက်ခိုင်းခဲ့သည်။ ထို့သို့တည်ဆောက်ရန်အတွက် ငွေကြေး လုံးဝထုတ်မပေးသည့်အပြင် အထောက်အကူပြု ပစ္စည်းများလည်း လုံးဝထုတ်မပေးခဲ့ပေ။[၁၀၄]

## ဖြစ်ရပ် ၇၀။ မဲသွားမပေးသဖြင့် ကျေးရွာများ မီးရှို့ဖျက်ဆီးခံရ

စစ်အစိုးရ၏ တပ်မ (၂၂) လက်အောက်ခံတပ်ရင်းတရင်းမှ ကရင်ပြည်နယ် မြဝတီမြို့နယ် သဲ့ဖာထောရွာနှင့် ယင်းရွာအနီးအနားတွင်ရှိသော ကွီတောသူရွာ၊ ဆိုးထာရွာနှင့် ကွင်းကလေးစသည့်ရွာများတွင် နေထိုင်သော ရွာသူရွာသားများအား ရွေးကောက်ပွဲတွင် သွားရောက်မဲပေးရန်အတွက် အမိန့်ပေးခဲ့ပါသည်။ သို့သော် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော ရွေး

---

[၁၀၃] KWAT Interview

[၁၀၄] Burma Issues Interview

ကောက်ပွဲတွင် ၄င်းရွာသူရွာသားများမှ မဲသွားမပေးခဲ့သောကြောင့် ထိုနေ့ ညနေခင်း အချိန်တွင် ထိုတပ်မ (၂၂) လက်အောက်ခံတပ်ရင်းမှ သဲ့ဖု့ါထောရွာအား ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ထို့ကြောင့် သဲ့ဖု့ါထောရွာတွင် နေထိုင်သော ရွာသားတစ်ချို့မှာ အခြားနေရာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး အချို့မှာမူ ဖါးဝီးတောင်ခြေ တစ်နေရာတွင် ယာယီရွှေ့ပြောင်း နေထိုင်ကြရပါသည်။ တပ်မ (၂၂) မှ ဖျက်ဆီးခဲ့သော အိမ်ခြေ ၂၀ ကျော်မှာ ရွာတွင်းရှိချောင်းကမ်းနားတွင်ရှိသော အိမ်များသာ ဖြစ်သည်။ စစ်တပ်မှ လာရောက်မဖျက်ဆီးခင်အထိ ၄င်းရွာတွင် စုစုပေါင်း အိမ်ခြေ ၇၀ ကျော် နေထိုင်ခဲ့ကြပါသည်။ တပ်မ (၂၂) မှ ဖျက်ဆီးခဲ့သော အိမ်ခြေ ၂၀ ကျော်တွင် ပါဝင်ခဲ့သော (နော်ယီးလာ)နှင့် မိသားစုမှာမူ အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ သူ၏ပြောင်းရွှေ့မှုအား မည်သည့်အာဏာပိုင်ကမှ ကူညီခြင်း စီစဉ်ပေးခြင်း မရှိခဲ့ပါ။ စစ်တပ်မှ မထင်မှတ်သော အချိန်တွင် လာရောက်ဖျက်ဆီးခဲ့သော ကြောင့် ရွာသူရွာသားများမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုမှလွဲ၍ အခြားမည်သည့်ပစ္စည်းမှ သယ်ဆောင်သွားနိုင်ခြင်းမရှိခဲ့ပါ။[၁၀၅]

## ဖြစ်ရပ် ၇၁။ ကြံ့ဖွံ့ပါတီ ရှုံးနိမ့်ရခြင်းအပေါ် စုံစမ်းစစ်ဆေးခြင်း

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲပြီးနောက် ချင်းပြည်နယ်မြောက်ပိုင်း ၃ မြို့နယ်ရှိ မဲဆန္ဒနယ် အားလုံးတွင် စစ်အစိုးရမှ ကျောထောက်နောက်ခံပြုပေးထားသော ကြံ့ဖွံ့ပါတီမှ ရှုံးနိမ့်ခဲ့ရသည့်ကိစ္စတွင် အရပ်သား ဝန်ထမ်းများ မဲပေးခဲ့သည့်အနေအထားများကို ပြန်လည်စုံစမ်းစစ်ဆေးရန် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဟောင်ငိုင် (အငြိမ်းစား ဗိုလ်မှူးချုပ်) မှ အမိန့်ပေးခဲ့သည်။[၁၀၆]

[၁၀၅] Burma Issues Interview

[၁၀၆] CHRO Interview

# နိဂုံး

၂၀၀၈ ခုနှစ် အခြေခံဥပဒေ အတည်ပြုခြင်းအဆင့်အပြီးတွင် ၂၀၁၀ ရွေးကောက်ပွဲအား စစ်အစိုးရ၏ **'စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ'** စံနစ်သို့သွားရာ လမ်းပြမြေပုံ နောက်ထပ်အဆင့် တစ်ခုအဖြစ် ဖန်တီးကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပခဲ့သည်မှာ မြန်မာပြည် သူများအတွက် ၎င်းတို့ဆန္ဒရှိသော အစိုးရမျိုးရွေးချယ်ရန်အတွက်မဟုတ်ပဲ စစ်အစိုးရ အုပ်ချုပ်ရေး တရားဝင်အခွန့်ရှည်စေရန်အတွက် နိုင်ငံတကာအသိအမှတ်ပြုမှု ရယူရန်သာ ဖြစ်ပါသည်။ မြန်မာပြည်သူများသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ ရွေးကောက်ပွဲသည်လွတ်လပ် တရား မျှတမည်မဟုတ်ပဲ မည်ကာမတ္တမျှသာဖြစ်မည်ဖြစ်ကြောင်း သိထားနှင့်ပြီး ဖြစ်ကြပါသည်။ ကွန်ရက်မှ မှတ်တမ်းပြုစုချက်များသည် ရွေးကောက်ပွဲအကြိုကာလတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများမှာ လျော့ကျသွားခြင်း ရပ်တန့်သွားခြင်း လုံးဝမရှိပဲ အရှိန်အဟုန်နှင့် ဆက်လက်ဖြစ်ပွားနေပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း ရွေးကောက် ပွဲကျင်းပသည့် ရည်ရွယ်ချက်မှာ စစ်အစိုးရအုပ်ချုပ်ရေး တရားဝင် အခွန့်ရှည်စေရန်အတွက် နိုင်ငံတကာ အသိအမှတ်ပြုမှု ရယူရန်ဆိုသည့်အချက်အား အတည်ပြုပေးနေပါသည်။

အနှစ် ၂၀ အတွင်း ပထမဆုံးအဖြစ် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတမှု လုံးဝမရှိသည့်အပြင် အခြေခံအကျဆုံးသော နိုင်ငံတကာရွေးကောက်ပွဲ စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီမှုမရှိကြောင်း ထင်ရှားနေပါသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အနေဖြင့် ရွေးကောက်ပွဲနှင့်ဆက်စပ်သော လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာကို မှတ်တမ်းပြုစုခဲ့ပါသည်။ ယခုအစီရင်ခံစာထဲတွင် ရွေးကောက်ပွဲကာလတလျှောက် ဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဖိနှိပ်အုပ်ချုပ်မှုများနှင့် ရွေးကောက်ပွဲမသမာမှုပေါင်းများစွာထဲမှ နမူနာဖြစ်ရပ်များအားသာ ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုချိုးဖောက်မှုများအား ကျူးလွန်ခဲ့သူများမှာ အာဏာပိုင်များနှင့် ကြံ့ဖွံ့ပါတီဝင်များ ဖြစ်ကြပြီး ပြည်သူများမှာ ကျူးလွန်ခံရသူများ ဖြစ်ကြပါသည်။ မရေမတွက်နိုင်သော ခြိမ်းခြောက်၊ အကျပ်ကိုင်၊ အနိုင်ကျင့်မှုများကြောင့် ရွေးကောက်ပွဲကာလတလျှောက်တွင် ပြည်သူများအနေဖြင့် မကျေနပ်မှုများ၊ စိတ်ပျက်မှုများ၊ ဒုက္ခများအပြင် အကြောက်တရားကိုပါ ရင်ဆိုင်ကြရပြီး ဆန္ဒမပါပဲ မဲပေးခဲ့ရသည့် ဖြစ်ရပ်ပေါင်းများစွာ ရှိခဲ့ပါသည်။

စစ်အစိုးရ၏ လက်ဝေခံပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် ခြိမ်းခြောက် အကျပ်ကိုင် အနိုင်ကျင့်ဖိအားပေးခြင်းများ အပါအဝင် ကောက်ကျစ်သော နည်းစနစ်ပေါင်းမျိုးစုံ အသုံးချခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် ရွေးကောက်ပွဲ ဥပဒေများသည် နိုင်ငံရေးပါတီမှတ်ပုံတင်ရာတွင် တားမြစ်ချုပ်ချယ်မှုများချမှတ်ခြင်းဖြင့်လည်းကောင်း၊ လွတ်လပ်စွာ စုရုံးခွင့်၊ အ

သင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွင့်ဟဖော်ထုတ်ခွင့် တို့အား ကန့်သတ်ခြင်းဖြင့်လည်းကောင်း၊ ပြည်သူ အများ၏ လွတ်လပ်စွာ မဲပေးခွင့်အား ငြင်းပယ်ခြင်းဖြင့် လည်းကောင်း၊ မဲဝယ်ခြင်း၊ မဲခိုးခြင်း၊ မဲလိမ်ခြင်း၊ မသမာမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်အနိုင်ကျင့် ဖိအားပေးခြင်းများ ဖြစ်ပွားခဲ့ သည်ကို လျစ်လျူရှုခြင်းဖြင့်လည်းကောင်း ဒီမိုကရေစီနည်းလမ်းကျသည့် ရွေးကောက်ပွဲစံချိန်စံ ညွှန်းများနှင့် လူ့အခွင့်အရေးအား ချိုးဖောက်ခဲ့ပါသည်။ ရွေးကောက်ပွဲ ကော်မရှင် ဥပဒေများ နှင့် အမိန့်များကြောင့် ရွေးကောက်ပွဲသည်လည်း သိသာထင်ရှားစွာ တဖက်စောင်းနင်း ရွေး ကောက်ပွဲဖြစ်ခဲ့ရပါသည်။

ရွေးကောက်ပွဲဥပဒေများအရနှင့် နှစ်ပေါင်း ၃၀ ကျော်အတွင်း ပြဋ္ဌာန်းခဲ့သည့် မရေမရာ ဥပ ဒေများအရ လွတ်လပ်စွာ စုရုံးခွင့်၊ အသင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွင့်ဟဖော်ထုတ်ခွင့်တို့အား ကန့် သတ်ထားခြင်းကြောင့် အတိုက်အခံ ကိုယ်စားလှယ်လောင်းများအနေဖြင့် တရားမျှတလွတ်လပ် စွာ နှင့် ထိရောက်စွာ စည်းရုံးမဲဆွယ်နိုင်စွမ်းတို့ ဆုံးရှုံးခဲ့ရပါသည်။ အတိုက်အခံ ကိုယ်စားလှယ် လောင်းများနှင့် ၎င်းတို့ကိုထောက်ခံသူ မဲဆန္ဒရှင်များအပေါ် ခရီးသွားခွင့် တားမြစ်ကန့်သတ်မှု များနှင့် ရွေးကောက်ပွဲအားဆန့်ကျင်သော လူထုဆန္ဒပြပွဲများအား နှိမ်နင်းရန် နေဝင်မီးငြိမ်း ည မထွက်ရ အမိန့်ထုတ်ပြန်ချက်များကြောင့် ပြည်သူလူထု၏ လွတ်လပ်စွာသွားလာခွင့်ဆုံးရှုံးခဲ့ရပါ သည်။

အတိုက်အခံ ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များနှင့် ပြည်သူများပါ ကြံ့ဖွံ့ပါတီအား မဲပေးရန်အ တွက် အာဏာပိုင်များ၊ စစ်ဖက်တာဝန်ရှိသူများနှင့် ကြံ့ဖွံ့ပါတီဝင်များ၏ ဖိအားပေးခြိမ်းခြောက် ခြင်းခံခဲ့ရပြီး အချို့ဖြစ်ရပ်များတွင် မဲပေးခွင့်ပါ ပိတ်ပင်ခံရသည်များ ရှိခဲ့ပါသည်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့နှင့် နိုဝင်ဘာလ ၂ ရက်နေ့များတွင် ပြည်ထောင်စုရွေးကောက် ပွဲ ကော်မရှင်မှ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ် အချို့ဒေသ များတွင် ရွေးကောက်ပွဲများ ကျင်းပမည်မဟုတ်ကြောင်း ကြေညာ ခဲ့ပါသည်။ မဲစာရင်းများမှား ယွင်းခြင်းနှင့် မဲစာရင်းများအား အလွဲသုံးစားလုပ်ခြင်း၊ မဲပေးခြင်းနှင့် မဲဆန္ဒရှင်များ ဆန္ဒမပါပဲ (သို့) သိလိုက်ခြင်းပင်မရှိပဲ မဲပေးလိုက်ခြင်းစသည့် မသမာမှုများမှာ မဲဆန္ဒရှင်များ၏ မဲပေးပိုင် ခွင့်အား ချိုးဖောက်သည့် ဖြစ်ရပ်များဖြစ်ပါသည်။ ထိုသို့ မဲပေးခွင့်ရှိသူ စာရင်းများအား အလွဲ သုံးစားလုပ်ခြင်းနှင့် မဲပေးခွင့်အားငြင်းပယ်ခြင်းတို့မှာ စစ်အစိုးရအား အတိုက်အခံပြုသူများအား ရွေးကောက်ပွဲမှဖယ်ထုတ်ရန် အသုံးပြုသည့် နည်းလမ်းများထဲမှ အချို့ပင် ဖြစ်ကြပါသည်။

နိုင်ငံပိုင်သတင်းစာများနှင့် ရေဒီယို တီဗွီတို့မှ ကြေညာခဲ့သည့် ရွေးကောက်ပွဲရလဒ်အား အယုံ အကြည် ကင်းမဲ့စေသည့် မဲရေတွက်ခြင်းနှင့်ပတ်သက်သည့် မသမာမှုပေါင်းများစွာအားလည်း မှတ်တမ်းပြုစုထားပါသည်။ တရားမဝင်ကြိုတင်မဲများအား ဖောဖောသီသီအသုံးပြုခဲ့ခြင်းကြောင့် ရွေးကောက်ပွဲ အနှစ်သာရအား ပျက်စီးစေသလို ရွေးကောက်ပွဲ ရလဒ်အားလည်း အယုံအကြည် ကင်းမဲ့စေပါသည်။

ရွေးကောက်ပွဲကာလတလျှောက် လွတ်လပ်စွာဖွင့်ဟဖော်ထုတ်ခွင့်အား တားမြစ်ပိတ်ပင်ခြင်းသည် ထိုတင်ပင် ရပ်တန့်မသွားပဲ လွှတ်တော်ခေါ်ယူသည့်ကာလတွင်ပင် အချို့အတိုက်အခံ ကိုယ်စား လှယ်များ ဆက်လက် ရင်ဆိုင်နေရသည့် ပြဿနာတခုဖြစ်ပါသည်။ ရွေးကောက်ပွဲပြီးပြီးချင်း ဖြစ် ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများနှင့် နယ်ခြားစောင့်တပ်များ တည်ထောင်ရေးနှင့် ပတ်

သက်သည့် တင်းမာမှုများသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေကို သိသိသာသာ ပိုမိုဆိုးရွားစေလျက်ရှိပါသည်။

ယခုအစီရင်ခံစာသည် စစ်အစိုးရနှင့် ၎င်း၏လက်ဝေခံ ကြံ့ဖွံ့ပါတီတို့၏ ပကတိအမှန်တရားအား မီးမောင်း ထိုးပြနေပါသည်။ ရွေးကောက်ပွဲကြောင့် မြန်မာနိုင်ငံတွင် မည်သည့်အပြုသဘောတိုး တက်မှုမှမရှိပါ။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မရေမတွက်နိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာအား ကျူးလွန်ခဲ့သူများသည် လက်ရှိ အစိုးရသစ်တွင် ရာထူးကြီးများ ဆက်လက်ရယူ ထားလျှက်ရှိကြပါသည်။ ထို့ကြောင့် လက်ရှိစိုးရသစ်သည် လူ့အခွင့်အရေး ချိုးဖောက်သူများနှင့် ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးချိုးဖောက်သည့် အစိုးရဖြစ်နေပါသည်။ ထိုလူ့အခွင့်အရေး ချိုးဖောက်သူတို့မှ အစိုးရအဖြစ်တာဝန်ထမ်းဆောင်ပြီး စစ်အစိုးရအား သက်ဆိုးတင် မက အခွင့်ပါရှည်စေမည့် ၂၀၀၈ အခြေခံဥပဒေအား အသက်သွင်း ကျင့်သုံးကြကာ လူ့အခွင့်အရေးချိုးဖောက်ခဲ့သူများအား အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စေရန် အကာအကွယ် ပေးကာ ဆက်လက်၍လည်း လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာအား ဆက်လက် ကျူးလွန်ကြမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအနေဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအတွက် သိသာထင်ရှားသည့် အပြောင်းအလဲမျိုး ဖန်တီးပေးနိုင်ခြင်းမရှိရုံမက အပြစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်ခွင့်သည်လည်း အခိုင်အမာ အမြစ်တွယ်ဆဲဖြစ်ပါသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် အနေဖြင့် မြန်မာပြည်သူများခံစားနေရသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်ရပ်မှန်များအား နိုင်ငံတကာမှကြားသိနိုင်စေရန် ဆက်လက်စောင့်ကြည့်မှတ်တမ်းတင်ကာ စစ်အစိုးရနှင့် လက်ဝေခံများ ကျူးလွန်ကြသည့် ချိုးဖောက်မှုများနှင့် တရားမျှတမှုမရှိသော မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများအားလည်း ဆက်လက် ဖွင့်ဟဖော်ထုတ်မည်ဖြစ်သည်။

## နောက်ဆက်တွဲ ၁။ အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| AAPPB | Assistance Association for Political Prisoners - Burma |
| AASYC | All Arakan Students' and Youths' Congress |
| CNP | Chin National Party |
| DKBA | Democratic Karen Buddhist Army |
| ERI | EarthRights International |
| HREIB | Human Rights Education Institute of Burma |
| HURFOM | Human Rights Foundation of Monland |
| IDEA | The International Institute for Democracy and Electoral Assistance |
| KWAT | Kachin Women's Association Thailand |
| LWO | Lahu Women's Organisation |
| NDF | National Democratic Force |
| NUP | National Unity Party |
| PWO | Palaung Women's Organisation |
| RNDP | Rakhine Nationalities Development Party |
| SPDC | State Peace and Development Council |
| TNP | Ta-aung (Palaung) National Party |
| TPDC | Township Peace and Development Council |
| TSYO | Ta'ang Students and Youth Organization |
| USDA | Union Solidarity and Development Association |
| USDP | Union Solidarity and Development Association |
| UEC | Union Elections Commission |
| Yoma3 | Yoma3 News Service |

## နောက်ဆက်တွဲ ၂။ သတင်းရင်းမြစ်များ


1. Burma Fund UN office. Burma's 2010 Elections: A Comprehensive Report. January 2010.
2. Burma Network for Human Rights[107]. Legal Analysis from Human Rights Aspects on Crimes Committed during the 2010 Elections
3. Burma News International. Elections report 2010: Pre-elections observations. 2010
4. National Democratic Institute. Burma's 2010 Electoral framework: fundamentally undemocratic. A legal and human rights analysis. August 2010.
5. Network for Democracy and Development. Burma: a Violent Past to a Brutal Future. The Transformation of a Paramilitary Organization into a Political Party. 2010
6. Network for Human Rights Documentation – Burma. Intimidation, Imprisonment and Repression: the Road to Military Victory in the 2010 Elections. 2010
7. Transnational Institute. A Changing Ethnic Landscape: Analysis of Burma's 2010 Polls. Burma Policy Briefi ng No4. December 2010


၁၀၇ Burma Network for Human Rights (BNHR) is a network of the human rights activists based inside Burma.